ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

# သျှင်သီရိ

ဓမ္မာစရိယ(ထီးတော)

# အညတရအမျိုးသမီးများ၏ ကုသိုလ်ဆောင်ရာ မြတ်ချမ်းသာ

ဒုတိယအကြိမ်



www.dhammaransi.com

ဆုပြည့်စုံထွန်း စာပေ

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၁၈၃၆၆၄၊ ၁၈၆၈၃၃။

www.dhammaransi.com

## ပြည်သူ့သဘောထား

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.dhammaransi.com



www.dhammaransi.com


စာမူခွင့်ပြုချက်အမှတ် ▸ ၃၂၀၃၉၂၀၆၀၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၃၂၀၇၇၂၀၆၁၂

❖

ပုံနှိပ်ခြင်း

ဒုတိယအကြိမ် ▸ (၂၀၀၇၊ ဩဂုတ်လ)

အုပ်ရေ ▸ (၅၀၀)

❖

မျက်နှာဖုံး ▸ မြတ်မင်းဟန်

ကွန်ပျူတာစာစီ ▸ *Quality*

အတွင်းဖလင် ▸ *Quality*

❖

ပုံနှိပ်သူ

ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)

အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

❖

ထုတ်ဝေသူ

မခင်မာရွှေ၊ (၀၃၉၀၅) (မြ)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး ▸ ၅၀၀ - ကျပ်

www.dhammaransi.com

## မာတိကာ

၁။ **အမှာစာ**

**အခန်း (၁)**

၂။ မင်းသုဝဏ္ဏတို့၏အသဒိသအလှူ

- ဘုရားရှင်၏ဟောကြားချက်
- သိကြားမင်း၏ဥဒါန်းစကား
- ဘုရားရှင်ထံခွင့်ပန်ခြင်း
- နတ်သားနှင့်နတ်သမီး
  ဘယ်သူအရေးကြီးသလဲ
- နတ်သမီးတိုင်း နတ်သားတို့၏
  အလုပ်အကျွေးဖြစ်ရမည်လော

www.dhammaransi.com



၃။ အညတရအမျိုးသမီးများ၏ ကုသိုလ်ဆောင်ရာ မြတ်ချမ်းသာများ

၁။ ပလ္လင်ပျံစီးနတ်သမီး

- (က) ရွှေပလ္လင်ပျံစီးနတ်သမီး
  - (ခ) ကြောင်မျက်ရွဲမြရတနာပလ္လင်စီးနတ်သမီး
  - (ဂ) တတိယရွှေပလ္လင်ပျံစီးနတ်သမီး
  - (ဃ) စတုတ္ထမြပလ္လင်ပျံစီးနတ်သမီး
  - (င) ဆင်ယာဉ်ပျံစီးနတ်သမီး

၂။ ရွှေလှေစီးနတ်သမီးများ

- (က) ရေလှူခဲ့သောလှေယာဉ်ပျံစီးနတ်သမီး
- (ခ) ဥယျာဉ်ရွှေလှေပေါ်နတ်သမီး
- (ဂ) ရွှေလှေပေါ်နတ်သမီး

၃။ ဆီမီးရှင်နတ်သမီး

၄။ နှမ်းလက်တစ်ဆုပ်လှူနတ်သမီး

၅။ လင်သားရိုသေတာဝန်ကျေခဲ့သော နတ်သမီး

၆။ အခြားလင်သားဖြူစုတာဝန်ကျေသော နတ်သမီး

၇။ မုန့်လှူခဲ့သော သုဏီသာနတ်သမီး

၈။ မယောမုန့်လှူခဲ့သော ဒုတိယသုဏီသာနတ်သမီး

www.dhammaransi.com

၉။ မေတ္တာရှင်မလေး ဥတ္တရာနတ်သမီး

၁၀။ မာယာရှင်သိရိမာနတ်သမီး

၁၁။ ရွှေသစ်ပင်တို့သခင်ကေသကာရီနတ်သမီး

၁၂။ ခြောက်သောင်းသော တူရိယာသခင်
ဒါသီကျွန်မနတ်သမီး

၁၃။ ဝိပဿနာကမ္မဋ္ဌာန်းကြောင့် နတ်သမီး
ဘဝတွင်မဂ်ဖိုလ်ရသော လခုမာနတ်သမီး

၁၄။ ထမင်းချိုးလှူခဲ့သည့် အာစာမဒါယိကာနတ်သမီး

၁၅။ ဘုရားရှင်ကို ကြည်လင်သဒ္ဓါရှိခဲ့သော
စဏ္ဍာလီနတ်သမီး

၁၆။ အဂ္ဂသာဝကတို့ကိုပြုစုခဲ့သော ဘဒ္ဒိတ္ထိနတ်သမီး

၁၇။ ဒါနသီလရှင်သောဏဒိန္နနတ်ဿမီး

၁၈။ ဥပုသ်အမြဲစောင့်ခဲ့သော ဥဝေါသထနတ်သမီး

၁၉-၂၀။ ဒါနသီလကုသိုလ်ရှင် နိဒ္ဒါ-သုနိဒ္ဒါနတ်သမီးများ

၂၁။ ကိုယ်ထိလက်ရောက်ဝေးလှူမြောက်သော
ဘိက္ခာဒါယိကာနတ်သမီး

၂၂။ ရဟန္တာကို ဆွမ်းလှူခဲ့သော ဒုတိယဘိက္ခာ
ဒါယိကာနတ်သမီး

၂၃။ ဥဠာရနတ်သမီး

www.dhammaransi.com

၂၄။ ကြံတစ်ချောင်းလှူခဲ့သော ဥစ္ဆုနုတ်သမီး

၂၅။ လင်သားပြုစုခဲ့သော ပလ္လင်္ကနုတ်သမီး

၂၆။ လင်ကိုပြုစုသီလမှုပြည့်စုံသော လတာနုတ်သမီးများ

၂၇။ အစဉ်အလာကြီးမားဖိမ္မာန်ရှင်နုတ်သမီးများ

၂၈။ သိကြားမင်းအံ့သြရသော ဘဒ္ဒါသုဘဒ္ဒါညီအမနုတ်သမီး

၂၉။ ရှင်သာရိပုတ္တရာအလောင်းတော်ကို
ရွှေပန်းကိုင်လှူခဲ့သော ပေသဝတီနုတ်သမီး

၃၀။ ဗန္ဓုလစစ်သူကြီးမယား မလ္လိကာနုတ်သမီး

၃၁။ စေတီကို ပန်းပူဇော်သော သုန္ဒာနုတ်သမီး

၃၂။ သော်ကပန်းအလှူရှင် ပါရိဆတ္တက နုတ်သမီး

၃၃။ အင်ကြင်းပန်းအလှူရှင် မဥ္ဇဋ္ဌကနုတ်သမီး

၃၄။ ဖြိုးဖြိုးဖြက်ဖြက်အရောင်ထွက်လာသော
ပဘဿရနုတ်သမီး

၃၅။ သက်နှင်းဒွိစုံကျူးသော ဆင်ပျံရတနာစီး
ယသုတ္တရာနုတ်သမီး

၃၆။ မုယောမုန့်ခြောက်ပေးလှူအာလောမနုတ်သမီး

၃၇။ ပုန်းရည်လှူဒါန်းခဲ့သော ကိဥ္ဇကဒါယိကနုတ်သမီး

၃၈။ ဝိဿခါကျောင်းအလှူကို သာဓုခေါ်ခဲ့သော
သဟာယိကနုတ်သမီး

www.dhammaransi.com

၃၉။ ဝန်းအလှူဖြင့်စတုရိတ္တိ နှတ်သမီးများ

၄၀။ သရက်ဥယျာဉ်လှူခဲ့သော အမ္ဗပါလီနှတ်သမီး

၄၁။ ရွှေနှတ်သမီး

၄၂။ ရဟန်းတို့ကို ဖိတ်ပြီးဆွမ်းကျွေးနှတ်သမီး

၄၃။ ဘုရားရှင်ထံမှ တရားနာရသော ရင္ကမာလာနှတ်သမီး

**အခန်း (၃)** ၁၄၂

၄။ အလှူ၏ အကျိုးကျေးဇူးများ

- အလှူပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်

- ကုသိုလ်ဥစ္စာ မြှုပ်နှံကြပါ။

www.dhammaransi.com

# အမှာစာ

ကျွန်တော်ငယ်ရွယ်စဉ် ဖြူးမြို့၊ ဒက္ခိဏာရုံကျောင်းဆရာတော်ဘုရားကြီးထံ၌ ပညာရင်နို့သောက်နေစဉ် ရှင်ပြုချိန်အရွယ် ရောက်လာ၍ မွေးစားမိဘများဖြစ်ကြသော ကျောက်တိုင်ရွာ ဦးဘိုးခေတ်+ဒေါ်စိန်တင်တို့က ကျွန်တော့်ကို ရှင်ပြုပေးရန် စီစဉ်ကြသည်။

မွေးစားမိခင်ကြီး ဒေါ်စိန်တင်က ကျွန်တော်၏မွေးမိခင်အရင်းထံသို့သွားကာ -

''သိန်းနု နင့်သားလေးကို တို့ ရှင်ပြုတော့မယ်။ နင်လည်းကုသိုလ်ရအောင် သင်္ကန်းပရိက္ခရာဖိုးထဲ နင်တတ်နိုင်သရွေ့ ထည့်လှူငါတို့ခွင့်ပြုတယ်'' ဟု စေတနာ မေတ္တာဖြင့် ပြောကြားသည်။

''ဒီလိုအသေးအဖွဲလေး မလှူချင်ပါဘူး။ တတ်နိုင်ရင် ကိုယ့်ဘာသာကိုယ်ပဲ သီးသန့်လုပ်မယ်'' ဟု ကျွန်တော့်မိခင်က ပြန်ပြောလိုက်သည်။ ထိုအကြောင်းကို မွေးစားမိခင်က စိတ်မကောင်းစွာနှင့် ကျွန်တော့်ကို ပြန်ပြောပြသည်။ ကျွန်တော်ကလေးအရွယ် ရှင်ပြုအလှူတွင် ပရိက္ခရာ

www.dhammaransi.com

အတွက် အသေးအဖွဲ့ အနည်းအများ ဟူသော စကားအဝိပ္ပာယ်ကို ကျွန်တော် နားမလည်ခဲ့ပါ။ အလှူပွဲသို့ ဖိခင်ကြီးပလာ၍သာ ဝမ်းနည်းပြီး မျက်ရည်ကျခဲ့ရသည်။ နောင် ဖိခင်ကြီးကို မတွေ့ရသော်လည်း

"စိတ်၊ စေတနာထားမှုသည်-အဓိက၊ အနည်း၊ အများသည်-သာမည" ဟူသော စကားဝေါဟာရကို ရှင်းမပြနိုင်ခဲ့ပါ။

စာပေပရိယတ် သင်အံလေ့ကျက်မှတ်သားခဲ့မှုများက တဖြည်းဖြည်း ရင့်ကျက်လာခဲ့သောကြောင့်လည်းကောင်း၊ ဘဝ အတွေ့အကြုံတို့ကလည်း နုရာမှရင့်လာခဲ့၍လည်းကောင်း၊ ဒါန သီလ ဘာဝနာအကျိုးတရားတို့ကို သိရှိမှတ်သားမှုတို့သည် လေးနက်လာခဲ့ပါသည်။ ထိုအချိန်ဝယ် ဖိခင်ကြီးနှင့် ကျွန်တော်သည် အနေဝေး၍ အတွေ့နည်းသွားခဲ့ပါသည်။ ဖိခင်ကြီးကို အပြည့်အဝ ဟောကြားကျေးဇူးဆပ်ခွင့်မရခဲ့ပါ။

တစ်နေ့ ကျွန်တော်တို့မိသားစု ရပ်ကွက်ဝမ္ဗာရုံ ပဌာန်းဒေသနာတော်ပူဇော်ပွဲ၌ နံနက်အရုဏ်ဆွမ်း တစ်ရက်ကပ်ရန် ဆွေးနွေးမိကြသည်၊ ဇနီးဖြစ်သူက ငွေ့ပရိသတ်ပါမကျေးရ၍ ဒီလိုအလှူပိန်ကလေး မလုပ်ချင်ပါဘူး။ လုပ်နိုင်လျှင် ပရိသတ်ပါ ကျွေးမွေးနိုင်သော ကြီးကျယ်သော အလှူလုပ်မည်ဟု ဆွေးနွေးကန့်ကွက်သည်။

ဤအချိန်တွင် စာရေးသူက ယခင်ကလို နုနယ်သူမဟုတ်တော့၊ ဘာသာရေးအသိ အထိုက်အလျောက် တွေ့ကြုံသိရှိထားပြီးဖြစ်၍ ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်သာ ကုသိုလ်ရပုံ၊ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့၏ဘုန်းတန်ခိုးကွာခြားပုံအခြေအနေ၊ ပါယာသိမြို့စား၊ ရက္ခစိုးနတ်ဖြစ်ရပြီး သူ၏ဝေယျာဝစ္စပြုသူ ဥတ္တရလုလင်တာဝတိံသာ နတ်ပြည်ရောက်ရပုံအကြောင်းစုံနှင့် အလှူဟူသည် နည်းသည်- များသည်က ပဓာနမဟုတ်၊ သဒ္ဓါစေတနာသာ အဓိကဖြစ်ကြောင်း ရှင်းလင်းဟောပြောပြရသည်။ ထိုဟောပြောချက်အဆုံးဝယ်

www.dhammaransi.com

မိသားစုသည် ပဋ္ဌာန်းပွဲနံနက်ဆွမ်းကို ဝမ်းမြောက်ဝမ်းသာ စိတ်ကြည်နူးစွာဖြင့် ဆက်ကပ်နိုင်ခဲ့ကြသည်။

ဤအဖြစ်အပျက်အကြောင်းစုံတို့သည် စာရေးသူ၏ အာရုံထဲဝယ် အရိပ်သဖွယ် တရိပ်ရိပ် တဝဲဝဲလိုက်နေသည်။ သို့အတွက် စာရေးသူသည် ဤမည်သောအညတရအမျိုးသမီးတို့၏ နတ်စည်းစိမ်ကောင်းကျိုးချမ်းသာခံစားရပုံ အစုံစုံကို ရေးသားခဲ့ပါတော့သည်။

ဤစာအုပ်သည် အပြည့်အဝ ကျေးဇူးမဆပ်လိုက်ရသော မိခင်ကြီးနှင့် အလှူဒါနအနည်းအများ သဒ္ဓါတရားကို နားလည်သဘောပေါက်သွားသော ဖနီးဒေါ်တင်အေးအပါအဝင် အားလုံးသော ဗုဒ္ဓဘာသာဝင်အမျိုးသမီးတို့အား ရည်ညွှန်းအပ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ရေးသားရန် စိတ်အကြံဖြစ်စေခဲ့ရသော မိခင်ကြီးဒေါ်သိန်းနု၊ ဖနီးဒေါ်တင်အေးနှင့် ထုတ်ဝေသူဆုပြည့်စုံထွန်းစာပေမှ ဒေါ်ခင်မာရွှေ တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)**

www.dhammaransi.com

# အခန်း (၁)
## မင်းသူဌေးတို့၏အသဒိသအလှူ

ဘုရားရှင်ကို ယုံကြည်လေးစား အားထားကိုးကွယ်ကြသော ကောသလမင်း၊ အနာထပိဏ်၊ ဝိသာခါသူဌေးမတို့သည် ကောသလတိုင်း၊ သာဝတ္ထိပြည်၌ ထင်ရှားကျော်ကြားကြသူများ ဖြစ်ကြပါသည်။

ကောသလမင်းကား ဘုရားရှင်အပေါ်၌ ယုံကြည်လေးစားသော ဘုရင်တစ်ပါးအဖြစ် ထင်ရှားကျော်ကြားခဲ့သလို အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်းဒါယကာအဖြစ်လည်းကောင်း၊ ဝိသာခါသူဌေးမသည် ပုဗ္ဗါရုံကျောင်းအမအဖြစ်လည်းကောင်း ထင်ရှားကျော်ကြားကြသူများ ဖြစ်ကြပါသည်။

တစ်နေ့သောအခါတွင် ကောသလမင်းကြီးသည် ဘုရားအမှူး ရှိသော သံဃာတော်အပေါင်းတို့အား တုပ၍မလှူဒါန်းနိုင်သော အသဒိသ ဒါနအလှူပွဲကြီးကို မလ္လိကမိဖုရားနှင့်တိုင်ပင်ကာ ခုနစ်ရက် ခုနစ်လီ ဆင်ယင်ကျင်းပလှူဒါန်းလေသည်။

ထိုအခါ အနာထပိဏ်သူဌေးကလည်း–

''ကောသလမင်းကား မင်းဖြစ်သောကြောင့် အသဒိသဒါနကို ခုနစ်ရက် ခုနစ်လီပတ်လုံး လှူဒါန်းနိုင်သည်။ ငါသည်လည်း ဤမင်းနိုင်ငံ၌

www.dhammaransi.com



နေသော ထင်ရှားသော သူဌေးကျောင်းဒါယကာတစ်ဦး ဖြစ်သည်။ မင်းက ခုနစ်ရက်လှူဒါန်းနိုင်လျှင် ငါသည် သုံးရက်တော့ လှူဒါန်းနိုင်ရမည်ပ''

ဤသို့ဆိုလျက် အနာထပိဏ်သူဌေးသည် အလှူဝတ်တို့ကို စီရင်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား၊ သုံးရက်တိုင်တိုင် အသဒိသဒါနအလှူပွဲကြီးကို စီရင်လှူဒါန်းလေသည်။

ထိုအခါ ပုပ္ဖါးရုံကျောင်းအမ ဝိသာခါကလည်း-

''ငါသည်လည်း ဤသာဝတ္ထိပြည်၌ ပုပ္ဖါရုံကျောင်းအမအဖြစ် ထင်ရှားသောသူပင်ဖြစ်သည်။ အနာထပိဏ်သူဌေးသော်မှ မင်းကိုတု၍ လှူဒါန်းနိုင်သေးလျှင် ငါသည်လည်း အနာထပိဏ်သူဌေးလောက်တော့ လှူဒါန်းနိုင်သည်ပ''

ဤသို့ဆိုလျက် ဝိသာခါကျောင်းအမကလည်း အလှူဝတ်တို့ကို စီစဉ်ပြုလုပ်ကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား သုံးရက်တိုင်တိုင် အသဒိသဒါနအလှူပွဲကြီးကို လှူဒါန်းပူဇော်ပြန်လေသည်။

ကောသလမင်း၊ အနာထပိဏ်၊ ဝိသာခါတို့၏ ပြိုင်ဘက်ကင်းသော အသဒိသဒါနအလှူပွဲသတင်းကြီးသည် အတိုင်းတိုင်း အပြည်ပြည်၌ ပျံ့နှံ့ကျော်ကြားသွားသည်။ လူတို့အတွင်းဝယ် အလှူဝတ္ထုနည်းမှု များမှုနှင့် ပတ်သက်သော ဆွေးနွေးမှု ညှိနှိုင်းမှု ငြင်းခုံမှုတို့သည်လည်း အနှံ့အပြား ပေါ်ခဲ့လေသည်။

''အလှူဒါနမည်သည် ဤသို့ကြီးကျယ်များပြားစွာ လှူမှသာလျှင် ကြီးကျယ်မြင့်မားသောအကျိုးစီးပွားကို ဖြစ်စေနိုင်ပါသလော။ မိမိ၌ရှိသော ဥစ္စာစီးပွားအလျောက် စေတနာပြဋ္ဌာန်းပြီး ဝမ်းမြောက်သော စေတနာဖြင့် အနည်းငယ်လှူလျှင်ကော ကြီးကျယ်မြင့်မြတ်သော အကျိုးကို မရနိုင်ဘူးလော''

''ဂေါတမဘုရားရှင်က စေတနာသာ ပဓာနပြဋ္ဌာန်းသည် ဟု ဟောခဲ့သည်မဟုတ်ပါလော''

www.dhammaransi.com



''အနည်းငယ်မျှသောအလှူသည် စေတနာပြဋ္ဌာန်း၍ ကြီးမားသော အကျိုးကို ရသည် မဟုတ်ပါလော''

''များများလှူက များများရသည်၊ နည်းနည်းလှူက နည်းနည်းရသည်ပ''

ဤသို့-ဤသို့သော ငြင်းခုံမှု၊ ဆွေးနွေးမှုတို့သည် ရဟန်းတို့၏ တရားသဘင်စကားဝိုင်း၌ ဆွေးနွေးမှုပြုလာကြသည်။ မည်သို့မျှ မဆုံးဖြတ်တတ်ကြ၊ ဘုရားရှင်ထံသို့ ထိုပြဿနာကို သတင်းရောက်ရှိသွားလေသည်။

ထိုပြဿနာ၏အဖြေကို ဘုရားရှင်က ဤသို့ဟောကြား ဆုံးဖြတ်ပေးတော်မူလေသည်။

## ဘုရားရှင်၏ဟောကြားချက်

''ချစ်သား၊ ချစ်သမီးတို့ အလှူဒါနဟူသည် လှူဖွယ်ပစ္စည်းကြီးမားပြည့်စုံ စုံပုံများစွာ လှူဒါန်းနိုင်မှသာလျှင် အကျိုးကြီးမားသည် မဟုတ်ပါ၊ ကြည်လင်ကောင်းမြတ်သော စိတ်၊ စေတနာနှင့်ပြည့်စုံခြင်း၊ အလှူခံပုဂ္ဂိုလ်၏ သီလစင်ကြယ်ပြည့်စုံခြင်းတို့ဖြင့် လှူဒါန်းရသည်ရှိသော် ဆန်ကွဲတစ်ဆုပ်ကိုမျှသော်လည်းကောင်း၊ ပုဆိုးပိုင်းစမျှကိုသော်လည်းကောင်း၊ မြက်အခင်း၊ သစ်ရွက်အခင်းဟူသော မြက်သစ်ရွက်ဖျာကလေးကိုသော်လည်းကောင်း၊ ဆီးဖြူသျှိသျှား၊ ဖန်ခါးသီးတစ်လုံးမျှကိုသော်လည်းကောင်း၊ ကြည်လင်ကောင်းမြတ်လျောက်ပတ်သော စိတ်ထားဖြင့် မြတ်သော အလှူခံပုဂ္ဂိုလ်ကို လှူဒါန်းငြားအံ့၊ ထိုအနည်းငယ်မျှသော အလှူဒါနသည်လည်း ကြီးကျယ်မြင့်မား အကျိုးစီးပွား ပြန့်ပြောပွားများနိုင်သည်သာတည်း''

## သိကြားမင်း၏ဥဒါန်းစကား

''ဘုရားရှင်က အလှူဒါနနှင့်ပတ်သက်၍ ဤသို့ဟောကြားသည်

www.dhammaransi.com



ကို သိကြားမင်းသည် ကြားသိရ၍ ထပ်မံ၍ ဤသို့ဥဒါန်းကျူးဆိုမိလေသည်။

"ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ပေးကမ်းလှူဒါန်းရာ၌ ကြည်လင်သော သဒ္ဓါစိတ်ထားဖြင့် လှူပါက အလှူ ပစ္စည်းနည်းသော်လည်း အကျိုးတရားကား ကြီးသည်သာတည်း"

လူအပေါင်းတို့သည် ထိုအချိန်မှစ၍ ရဟန်း၊ ပုဏ္ဏားအထီးကျန်သူ စားသောက်ရာမဲ့သူ၊ ခရီးသွားသူ၊ သူတောင်းစား၊ ဖုန်းတောင်းယာစကာ အများတို့အား မိမိတို့ပစ္စည်းဥစ္စာအား လျော်စွာ သဒ္ဓါတတ်အားသရွေ့ ပေးကမ်းလှူဒါန်းမှု ပြုကြလေသည်"

## ဘုရားရှင်၏ထံခွင့်ပန်ခြင်း

ရှင်မောဂ္ဂလာန်သည် တစ်နေ့သောအခါ ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ သီတင်းသုံးနေစဉ် စဉ်းစားမိသည်မှာ –

"လူတို့၏အနည်းအများပြုသော ကုသိုလ်အကျိုးကို မျက်ဝါးထင်ထင် သက်သေပြရသော် ကောင်းလှပေမည်။ ယခုအခါ သူတို့သည် လှူဖွယ်ဝတ္ထုများ၌ ဘုရင်သူဌေးတို့ကဲ့သို့ ပြည့်စုံစွာ မရှိငြားသော်လည်း စင်ကြယ်သော အလှူခံပုဂ္ဂိုလ်တည်းဟူသော ခေတ်နှင့်မူကား ပြည့်စုံပေ၏။ မိမိတို့၏သဒ္ဓါတရားပြည့်စုံမှုနှင့် ကုသိုလ်ကောင်းမှုပြု၍ နတ်ရွာ၌ ကောင်းကျိုးခံစားရသူများ ရှိကြကုန်သည်။ ငါသည် နတ်ပြည်သို့လှည့်လှည်၍ ထိုနတ်တို့ကိုသက်သေပြုပြီး ထိုနတ်တို့ကိုပြုသော ကုသိုလ်ကောင်းမှုနှင့် ရရှိခံစားရသော အကျိုးတရားတို့ကို ကိုယ်တိုင်မေးမြန်းပြီး ဘုရားသခင်ကို အကြောင်းအရာ အပြည့်အစုံလျှောက်ထားရသော် ကောင်းလေစွ၊ ဘုရားရှင်ကလည်း ထိုအကြောင်းကို လူတို့အား ရှင်းလင်းဟောပြောလတ္တံ့၊ ထိုအခါ လူတို့အား အကျိုးစီးပွားချမ်းသာသည် ဖြစ်ပေါ်လတ့်"

ဤသို့စဉ်းစားမိပြီး နတ်ပြည်သို့တက်၍ ကုသိုလ်ကံ အကျိုး

www.dhammaransi.com



ဆက်လေ့လာရေးခရီးထွက်ရန် ဆုံးဖြတ်သည်။

ဤသို့ဆုံးဖြတ်ပြီးနောက် ရှင်မောဂ္ဂလာန်သည် ဘုရားရှင်ထံ ခွင့်ပန်ရန် လာခဲ့ပါသည်။ ဘုရားရှင်ထံသို့ရောက်သောအခါ သင့်အပ် လျောက်ပတ်သောနေရာ၌ထိုင်ပြီး ဘုရားရှင်အား မိမိအကြံကို လျှောက်ထားခွင့်ပန်ခဲ့ပါသည်။

ဘုရားရှင်ကလည်း ရှင်မောဂ္ဂလာန်၏ ဆန္ဒလျှောက်ထားချက်ကို ခွင့်ပြုခဲ့ပါသည်။

## နတ်သားနှင့်နတ်သမီး ဘယ်သူအရေးကြီးသလဲ

နတ်ပြည်သို့ကြွရောက်၍ နတ်သား၊ နတ်သမီးတို့၏ ကုသိုလ်ကံ အကျိုးဆက်ကို လေ့လာမည်ဆိုသော် နတ်သားနှင့် နတ်သမီးနှစ်ဦးတို့တွင် အဘယ်သူကို ဦးစွာလေ့လာသင့်ပါသနည်းဟု ရှင်မောဂ္ဂလာန်က စဉ်းစား ပါသည်။

ဘုရားရှင် စတင်တည်ထောင်ခဲ့သော သာသနာနှင့် ထိုသာသနာ တည်တံ့ပြန့်ပွားထွန်းကားအောင် အဓိကဦးဆောင်နေကြသော ရဟန်း သံဃာများ တည်ရှိနေပါသည်။ ထိုရဟန်းသံဃာများအတွက် ဘုရားရှင် သည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော လေးပါးသော အထောက် အပံ့ကို ခွင့်ပြုထားခဲ့ပါသည်။ ထိုအထောက်အပံ့များကို ဒါယကာ ဒါယိ ကာမတို့က ပေးလှူခဲ့ကြသည်။ ထိုလေးပါးထဲတွင် ဆွမ်းဟူသော အထောက်အပံ့သည် သံဃာတော်တို့အတွက် နေ့စဉ် ထာဝရလိုအပ်သော အထောက်အပံ့တစ်ခု ဖြစ်လေသည်။ ထိုအထောက်အပံ့ကို ဒါယကာတို့ ထက် မီးဖိုချောင်၌ စီမံချက်ပြုတ်ကြရသော ဒါယိကာမတို့က ပို၍ အထောက်အပံ့ ပြုပေးလှူကြလေသည်။ သံဃာတော်တို့အတွက် အမျိုး သမီးတို့၏ သဒ္ဓါတရားနှင့် အထောက်အပံ့သည် လွန်စွာမှ အရေးကြီးလှ ပေသည်။

www.dhammaransi.com



## နတ်သမီးတိုင်း နတ်သားတို့၏ အလုပ်အကျွေးဖြစ်ရမည်လော

ကုသိုလ်ကောင်းမှုအတွက် နတ်ရွာသုဂတိဘုံရောက်ရာတွင် နတ်သားတစ်ဦးလျှင် နတ်သမီးငါးရာ အခြံအရံရှိသည်ဟူသော အဆိုစကားကြောင့် အမျိုးသမီးတို့မည်သည် နတ်ပြည်ရောက်လည်း နတ်သား၏ အလုပ်အကျွေးဘဝမျှသာ ဖြစ်သည်။ သီးသန့်ဘုံစဉ်စံရခြင်း မရှိသကဲ့သို့ ဖြစ်နေသည်။

တာဝတိံသာနတ်ပြည်တွင် နတ်သမီးတို့သည် မိမိပြုသော ကုသိုလ်ကံအကျိုးဆက်အရ သီးသန့်ဘုံစဉ်ခံစားကြရသည် ရှိပါသည်။ ထိုသည်ကို ဒါယိကာအမျိုးသမီးတို့ သိစေလိုသည်။ ဤသို့ဆိုလျှင် သူတို့၏ သဒ္ဓါတရားသည် ပိုမိုပွားများပြီး အကျိုးများပေမည်။

သို့အတွက် ရှင်မောဂ္ဂလာန်သည် နတ်သမီးတို့၏ဘုံစဉ်နှင့် ထိုနတ်သမီးတို့၏ ခံစားရသော နတ်စည်းစိမ်ကို ဦးစွာလေ့လာပြီး ဘုရားရှင်အား တင်ပြလျှောက်ထားရန် ဆုံးဖြတ်မိပါသည်။

ရှင်မောဂ္ဂလာန်သည် ကြံစည်တွေးတောသည့် ဆန္ဒအတိုင်းပင် တစ်နေ့သောအချိန်တွင် နှစ်ထပ်နှစ်လွှာစဉ်းငယ်နီသော သင်းပိုင်ကို ဝတ်တော်မူလျက် ကေသီသင်္ကန်းကို လက်ဝဲဖက်အထက် ပခုံးထက်၌ တင်ပြီးလျှင် အသိဉာဏ်၏အခြေခံဖြစ်သော စတုတ္ထဈာန်ကို ဝင်စားပါသည်။ ထိုဈာန်မှထပြီးနောက် တန်ခိုးအစွမ်းဖြင့် တစ်မဟုတ်ချင်းပင် တာဝတိံသာသို့ ကြွရောက်ခဲ့ပါသည်။

ထိုသို့ကြွရောက်ပြီးလျှင် တစ်ခါက်လျှင် နတ်သမီးတစ်ဦးစီ၏ ကောင်းမှုကုသိုလ်တို့ကို မေးမြန်းပြီး ဘုရားရှင်အား ပြန်လည်လျှောက်ထားပြခဲ့သည်။

ဘုရားရှင်ကလည်း ညနေ တရားလာနာကြသော ပရိသတ်တို့အား ထိုနတ်သမီးများ၏အကြောင်းစုံနှင့် နတ်စည်းစိမ်တို့ကို ပြန်လည်ဟောကြားပြပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com

# အခန်း (၂)
# အညာတရာအမျိုးသမီးများ၏ ကုသိုလ်ဆောင်ရာ မြတ်ချမ်းသာများ

## ၁။ ပလ္လင်ပျံစီးနတ်သမီးများ

### (က) ရွှေပလ္လင်ပျံစီးနတ်သမီး

သာဝတ္ထိမြို့၌ ဘုရားရှင်၏ဒါနတရားတော်၊ သိကြားမင်း၏ ဥဒါန်းစကားတို့ကို လူတို့နားဝယ် ကြားကြသဖြင့် ဇမ္ဗူဒိပ် တစ်ကျွန်းလုံး ပျံ့နှံ့သွားသည်။

လူအပေါင်းသည် ရဟန်း၊ ပုဏ္ဏား၊ အထီးကျန်သူ စားသောက် ရာမဲ့သူ၊ ခရီးသွားသူ၊ သူတောင်းစားဖုန်းတောင်းယာစကအများတို့အား မိမိတို့ပစ္စည်းဥစ္စာအားလျော်စွာ သဒ္ဓါအလျောက် တစ်ဆုပ်တစ်ခဲ နည်း များမဆို ကုသိုလ်ရေရှူ ပေးကမ်းလှူဒါန်းမှု ပြုကြလေသည်။

မိမိတို့အိမ်ရှေ့များ၌လည်း သောက်ရေအိုးကို တည်ထားကြ သည်။ အိမ်တံခါးပေါက်မုခ်ဦးဝ၌ နေရာတို့ကို ခင်းထားကြသည်။

တစ်နေ့တွင် မထေရ်တစ်ပါးသည် ကြည်ညိုဖွယ်ရာ သွား- ရပ်-ကွေ့-ဆန့်ကြည့်ရှုခြင်းတို့ဖြင့် မျက်လွှာချလျက် ဣရိယာပုတ်နှင့် ပြည့်စုံစွာ အိမ်စဉ်မပြတ် ဆွမ်းအလို့ငှာ လှည့်လည်ကြွတော်မူရာ အိမ်တစ် အိမ်ရှေ့သို့ ရောက်သွားသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ထိုအိမ်ရှိအမျိုးသမီးသည် သဒ္ဓါတရားနှင့်ပြည့်စုံသည်။ မထေရ်မြတ်ကို မြင်သောအခါ အလွန်ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ ရှင်လန်းဝမ်းမြောက်စွာ အိမ်သို့ပင့်ဆောင်သည်။ မိမိ၏ အင်ပျဉ်ထိုင်ခုံငယ်ကိုခင်း၍ အပေါ်၌ ရွှေသောအဆင်းရှိသော နူးညံ့ပြေပြစ်သောအဝတ်ကို ခင်း၍ပေးလှူသည်။ မထေရ်ကို ထိုခြင်းငါးပါးနှင့်အညီ ရှိခိုးသည်။

မထေရ်မြတ်သည် ထိုခင်းထားသော ထိုင်ခုံပေါ်၌ သီတင်းသုံးသောအခါ -

''ငါသည် ကောင်းမြတ်သောဒါနမျိုးစေ့ကို စိုက်ပျိုးကြဲချရလေပြီ''ဟု ကြည်ညိုသော စိတ်ဖြစ်ကာ အိမ်တွင် ချက်မြဲတိုင်းသော ဆွမ်းဘောဇဉ်အာဟာရဖြင့် လုပ်ကျွေးဆက်ကပ်လေသည်။ မထေရ်ဆွမ်း ဘုဉ်းပေးစဉ် ယပ်ခပ်ပေးလှူသည်။

မထေရ်မြတ်သည် ဆွမ်းကိစ္စပြီးသောအခါ ဆွမ်းဘောဇဉ်အကျိုး နေရာထိုင်ခင်း ပေးလှူအကျိုးတို့နှင့် စပ်သော တရားစကားကို ဟောပြောပြပြီး ကြွသွားတော်မူသည်။

အမျိုးသမီးသည် မိမိ၏ဒါနကုသိုလ်ကိုလည်းကောင်း၊ မထေရ်ဟောကြားခဲ့သော တရားစကားကိုလည်းကောင်း၊ ဆင်ခြင် စဉ်းစားပြီးကာ ပီတိဖြင့် မပြတ်လွှမ်းဖြာတွေ့ထိသော ကိုယ်ရှိလျက် အင်ပျဉ်ထိုင်ခုံကိုပါ ကျောင်းသို့ပို့ပြီး မထေရ်မြတ်အား လှူလေသည်။

## ခံစားရသောနတ်စည်းစိမ်

ထိုအမျိုးသမီးသည် နောင်အခါ တစ်ခုသောကပ်ရောဂါ ကပ်ရောက်နှိပ်စက်သဖြင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် အင်းပျဉ်ထိုင်ခုံ လှူဒါန်းရသော ကုသိုလ်အာနုဘော်ကြောင့် -

- ၁၂ ယူဇနာရှိသော ဘုံဗိမာန်ဖြစ်ပေါ်သည်။
- ထိုဘုံဗိမာန်အတွင်းဝယ် တစ်ယူဇနာရှိသော ရွှေပလ္လင်ပေါ်သည်။

www.dhammaransi.com



- ထိုပလ္လင်သည် စိတ်ကဲ့သို့ လျင်မြန်သောအဟုန်ရှိပြီး ကောင်းကင်
  ပျံသွားနိုင်သည်။
- အထက်၌ ပြသာဒ်သဏ္ဍာန်ရှိသည်။
- နတ်သမီးတစ်ထောင်အခြံအရံ ရှိလေသည်။
- နတ်ဝတ်တန်ဆာဘယက်ဒွါရတို့သည် ရွှေရောင်တောက်ပသည်။

ရွှေသောအဆင်းရှိသော အဝတ်ခင်းကို လှူဒါန်းခဲ့၍ ရွှေဖြင့်ပြီးသော ပလ္လင်ပေါက်ရသည်၊ လှူဒါန်းစဉ် နှစ်သက်ခြင်းပီတိ အဟုန်အား ကြီးသောကြောင့် ပျံသန်းသည့်အခါ အင်ပျဉ်သည် လျင်မြန်သော အဟုန် ရှိသည်။

အလှူခံပုဂ္ဂိုလ်၏ စိတ်တိုင်းအလိုကျ လှူဒါန်းရသောကြောင့် မိမိ အလိုကျ သွားလာပျံသန်းနိုင်သည်။ ကြည်ညိုမှုသဒ္ဓါအား၏ များပြွက် ပြည့်ဝမှုကြောင့် အခါခပ်သိမ်းကြည်ညိုဖွယ်ရာ အလွန် တင့်တယ်သော ရုပ်အဆင်းအင်္ဂါနှင့် ပြည့်စုံရသည်။ ထိုနတ်သမီး ဗိမာန်ကို အင်ပျဉ်ဗိမာန် *(ပိဌဝိမာန)ဟု ထင်ရှားသည်။

*ပထမပိဌဝိမာနဝတ္ထု*

## (ခ) ကြောင်မျက်ရွဲပြမြရတနာပလ္လင်စီးနတ်သမီး

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌သီတင်းသုံး နေစဉ် ရဟန်းတော်များသည် နံနက်ခင်း သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်ကြသည်။

သာဝတ္ထိပြည်သူ တစ်ဦးသောအမျိုးသမီးသည် မိမိအိမ်သို့ ဆွမ်း အလို့ငှာကြွဝင်လာသော မထေရ်မြတ်တစ်ပါးကို ဖူးမြင်ရ၍ အင်ပျဉ်ငယ် ကိုခင်းပေးပြီး ထိုအပေါ်တွင်ညိုသောအဆင်းရှိသော အဝတ်ကိုခင်းသည်။

---

*အင်းပျဉ် – သစ်သား၊ ပျဉ်ပြားစသည်တို့ဖြင့် ပြုလုပ်သော နေထိုင်စရာ ထိုင်ခုံ အကြီးအငယ်များ ဖြစ်သည့် သစ်သား ကုလားထိုင်၊ ကြိမ်ကုလားထိုင်၊ အဝတ်ကုလားထိုင်၊ အခြေတစ်ချောင်းရှိ ခုံကလာပ်၊ စားပွဲ စာတင်ခုံ၊ သစ်သားတုံး၊ ကျောက်ဖျာစသည်တို့ကို အင်ပျဉ်ဟု ခေါ်သည်။

www.dhammaransi.com



"ဤနေရာ၌ သီတင်းသုံးနေထိုင်တော်မူပါဘုရား" ဟု လျှောက်ထားပြီး လှူဒါန်းလေသည်။

မထေရ်မြတ်သည် ထိုထိုင်ခုံပေါ်၌ သီတင်းသုံးပြီးသောအခါ အလွန်ကြည်ညိုသော သဒ္ဓါစိတ်ဖြစ်ပေါ်လျှင် မိမိအိမ်တွင် ချက်ထားသော ဆွမ်း၊ ဆွမ်းဟင်းတို့ကို ဆက်ကပ်လှူဒါန်းလေသည်။

မထေရ်မြတ်သည် ဆွမ်းကိစ္စပြီးသောအခါ ဒါနအစုစုကို တရားဟော အနုမောဒနာပြုပြီး ပြန်ကြွသည်၊ အမျိုးသမီးသည် အင်ပျဉ်ခုံကိုပါ ကျောင်းသို့လိုက်ပြီး မထေရ်အား လှူလေသည်။

**ခံစားရသောနတ်စည်းစိမ်**

ထိုအမျိုးသမီးသည် အခါတစ်ပါးဝယ် ရောဂါတစ်ခုဖြင့် ကွယ်လွန်သောအခါ ထိုကုသိုလ်စုမြတ်ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်ဝယ် ..

– ၁၂ ယူဇနာရှိသော နတ်ဗိမာန်ဖြစ်ပေါ်လာသည်။

ထိုဘုံဗိမာန်ဝယ် ထူးဆန်းလှစွာ တစ်ယူဇနာရှိ လျှင်သော အဟုန် ရှိသည်။ ဥဒေါင်း၏လည်ဆံမွေးအဆင်းမက လှပတင့်တယ်သည့် မြညိုအဆင်းနှင့်တူသော ကြောင်မျက်ရွဲရတနာဖြင့် ပြီးသော ဝေဠုရိယ[*] မြပလ္လင်ပေါ်ပေါက်သည်။

– ဗိမာန်အတွင်း၌ ပြဿာဒ်သင္ဘာန်ရှိသည်။

– အဝတ်တန်ဆာထက် ဒွါရတို့သည် ကြောင်မျက်ရွဲပမာ တောက်ပပြီး ရုပ်အင်္ဂါအဆင်း အလွန်တင့်တယ် လှပသည်။

– နတ်သမီးတစ်ထောင်အခြံအရံ ရှိသည်။

*ဒုတိယပီဌဝိမာနဝတ္ထု*

[*] ဝေဠုရိယကြောင်မျက်ရွဲ

၁။ ဥဒေါင်းလည်ဆံမွေးနှင့်တူသော အဆင်းရှိသော မြကျောက်

၂။ ကြိုးငှက်အမွေးအတောင်နှင့်တူသော အဆင်းရှိသော မြကျောက်

၃။ ပါးရွက်အဆင်းနှင့်တူသော မြကျောက်

www.dhammaransi.com



## (ဂ) တတိယရွှေပလ္လင်ပျံစီးနတ်သမီး

ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်၌ မထင်ရှားသော ရဟန္တာတစ်ပါးသည် မြို့တွင်းသို့ ဆွမ်းခံလှည့်လည်ကြွသည်။ ဆွမ်းဘုဉ်းပေးရန် အချိန်အလွန်နီးကပ်လှသဖြင့် ဆွမ်းရရန် တံခါးဖွင့်ထားသော အိမ်တစ်အိမ်အတွင်းသို့ ကြွသွားပြီး ရပ်တော်မူသည်။

ထိုအိမ်၏အိမ်ရှင်မသည် သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်သည်။ ရဟန္တာအရှင်မြတ် ကြွတော်မူသည်ကိုသိ၍ –

''အရှင်ဘုရား ဤနေရာသို့ကြွတော်မူ၍ ဆွမ်းကို အလှူခံပါဘုရား''ဟု လျှောက်ထားပြီး မိမိအင်ပျဉ်ခုံကို ခင်းပေးသည်။ ထိုအပေါ်၌ ဝါရွှေအဆင်းရှိသော အဝတ်ကိုခင်းကာ ငုံကွက်ခြင်းကင်းစွာ လွတ်လွတ်ခါခါ လှူဒါန်းသည်။

''တပည့်တော်မ၏ ဤသို့ပြုရသော ကောင်းမှုသည် နောင်သောအခါ ရွှေပလ္လင်ကို ရပါစေသား ဘုရား'' ဟု ဆုတောင်းမှုပြုလေသည်။

ရဟန္တာအရှင်မြတ်သည် ခင်းထားသောနေရာ၌ သီတင်းသုံးတော်မူပြီးလျှင် အမျိုးသမီးလှူဒါန်းသောဆွမ်းကို ဘုဉ်းပေးတော်မူသည်၊ ဆွမ်းကိစ္စပြီး၍ သာဓုအနုမောဒနာတရား ဟောပြီးလျှင် ရဟန္တာအရှင်မြတ်သည် ကြွသွားတော်မူသည်။

''အရှင်ဘုရား ဤနေရာ အင်ပျဉ်နှင့်အခင်းကို အရှင်ဘုရားတို့အား လှူဒါန်းပါ၏ဘုရား။ တပည့်တော်မအား သနား ချီးမြှောက်စောင့်ရှောက်သောအားဖြင့် သုံးဆောင်ပေးတော်မူပါ ဘုရား'' ဟု အမျိုးသမီးက လျှောက်ထားပြီး လှူသည်။ ရဟန္တာအရှင်မြတ်ကလည်း ထိုအမျိုးသမီးအား စောင့်ရှောက်သောအားဖြင့် အလှူခံပြီးလျှင် သံဃာတော်များအား လှူဒါန်းစေလေသည်။

www.dhammaransi.com



**ခံစားရသောနတ်စည်းစိမ်**

ထိုအမျိုးသမီးသည် နောင်သောအခါ တစ်စုံတစ်ခုသော ရောဂါဖြင့် ကွယ်လွန်သောအခါ ထိုကုသိုလ်အဟုန်ကြောင့် တာဝတိံသာနတ်ပြည်ဝယ် –

– ၁၂ ယူဇနာရှိသော ဘုံဗိမာန်ပေါက်သည်။

– ထိုဘုံဗိမာန်အတွင်းဝယ် လျှင်မြန်သော အဟုန်ရှိသော တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေပလ္လင်ပျံပေါက်သည်။

– နတ်သမီးတစ်ထောင်အခြံအရံ ရှိသည်။

– ရောင်လျှံဝင်းဝင်း ထွန်းလင်းတောက်ပြော သော ကိုယ်ရောင်ကိုယ်ဝါ ရှိသည်။

*တတိယပိဋ္ဌဝိမာနဝတ္ထု*

## (ဃ) စတုတ္ထမြပလ္လင်ပျံစီးနတ်သမီး

ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်၌ အမျိုးကောင်းသမီးတစ်ဦးသည် မြို့တွင်းသို့ ဆွမ်းခံလှည့်လည်လာပြီး ရရှိပြီးသော ဆွမ်းကို ဘုဉ်းပေးရန် အိမ်ဝရှေ့သို့ ရောက်လာသော ရဟန်းတစ်ပါးကို မြင်၍ အိမ်ပေါ်သို့ ပင့်ဆောင်သည်။

သီတင်းသုံးထိုင်ရန်အတွက် အင်ပျဉ်ယယ်ကို ခင်း၍ ထိုအပေါ်၌ ညိုသော အဆင်းရှိသော အဝတ်ကို ခင်းပေးသည်။

ထိုရဟန်းသည် ထိုအခင်းအင်ပျဉ်ပေါ်၌ ထိုင်လျက် ရလာသော ဆွမ်းကို ဘုဉ်းပေးလေသည်။ ဆွမ်းဘုဉ်းပေးပြီးသောအခါ သပိတ်ကို ဆေးကြောပေးပြီး ပြန်ကြွသောအခါ

''အရှင်ဘုရား ဤအင်ပျဉ်ယယ်ကို အရှင်ဘုရားအား အပြီးအပိုင်လှူပါ၏ ဘုရား''

ဟု လျှောက်ထားပြီးလျှင် အင်ပျဉ်ကို ကျောင်းသို့ ပို့စေသည်။

www.dhammaransi.com



ထိုအမျိုးသမီးသည် ထိုအင်ပျဉ်အလှူ၌ အလွန်ကြည်နူးဝမ်းမြောက်လျက် အမြဲသတိရဝမ်းမြောက်နေပါသည်။

**ခံစားရသော နတ်စည်းစိမ်**

ထိုအမျိုးသမီးသည် သက်တမ်းကုန်၍ သေဆုံးသောအခါ ထိုအင်ပျဉ်ငယ်အလှူ၏ ကောင်းမှုကုသိုလ်အစွမ်းကြောင့် တာဝတိံသာ နတ်ပြည်ဝယ် မြပလ္လင်ပျံစီးနတ်သမီး ဖြစ်ရလေသည်။

- အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်သို့တက်၍ လူသားတို့၏ ကုသိုလ်ကောင်းမှုကို သွားရောက်စုံစမ်းရာ၌ ထိုနတ်သမီးနှင့် တွေ့၍ မေးမြန်းရာတွင် နတ်သမီးက မိမိ၏ လူ့ဘဝက ပြုခဲ့သော ကောင်းမှုကုသိုလ်ကို လျှောက်ထားပြသည်။
- ထိုနတ်သမီးသည် ၁၂ ယူဇနာရှိသော ဘုံဗိမာန်ပေါက်သည်။
- ထိုဘုံဗိမာန်ဝယ် လျှင်မြန်သော မြပလ္လင်ပျံပေါက်သည်။
- ထိုမြပလ္လင်ပျံသည် ကျီးငှက်အမွေးတောင်နှင့်တူသော မြကျောက်တစ်မျိုး၊ ဥဒေါင်းလည်မွေး မြကျောက်တစ်မျိုး (၃) မျိုးတို့တွင် နတ်သမီး၏ ကိုယ်ရောင်ကိုယ်ဝါသည် ဥဒေါင်းလည်ပင်းမွေး အဆင်းနှင့်တူသော မြကျောက်မျိုးတို့ဖြင့် အလွန်တောက်ပထွန်းလင်းသော အရောင်ရှိလျက် အရပ်ဆယ်မျက်နှာ ဖြာထွက်သော အရောင်ရှိသော မြပလ္လင်ပျံဖြစ်သည်။
- နတ်သမီးတစ်ထောင် အခြံအရံ ရှိသည်။
- ပလ္လင်ပျံအရောင်ကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပသည်။

*စတုတ္ထပိဋ္ဌဝိမာနဝတ္ထု*

www.dhammaransi.com



## (င) ဆင်ယာဉ်ပျံစီးနတ်သမီး

ရာဇဂြိုဟ်ပြည်ဝယ် နက္ခတ်ပွဲသဘင် ကျင်းပချိန်ကာလ ဖြစ်သည်။ မြို့သူမြို့သားတို့သည် မြို့တွင်းလမ်းသွယ်အသီးသီး၌ သဲဖြူခင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင်စိုက်၊ ရေအိုးတည်ခြင်း စသည်ဖြင့် မြို့၏အလှကို တန်ဆာဆင်ထားကြ၏။ မိမိတို့၏အိမ်ရှေ့များတွင်လည်း မိမိတို့စည်းစိမ်ဥစ္စာကြွယ်ဝမှုအလိုက် တန်ဆာဆင်ယင်ထားကြသည်။ ညအချိန်တွင် မီးအလှများ ထွန်းညှိထားပြီး နက္ခတ်ပွဲသဘင်ကို တစ်ညလုံးကြည့်ရှုကြသည်။

ထိုနက္ခတ်ပွဲသဘင်သို့ ဘုရင်ဗိမ္ဗိသာရသည် မင်းခမ်းမင်းနားနှင့်လှည့်လည်သည်။ အမျိုးသမီးငယ်တစ်ယောက်သည် ဘုရင် ဗိမ္ဗိသာရ၏ကြီးကျယ်သော စည်းစိမ်ဘုန်းတန်ခိုးကျက်သရေ မင်္ဂလာအဖြာဖြာ ပြည့်စုံမှုကို တွေ့မြင်ရ၍ အလွန်အံ့ဩမိလေသည်။

ဤဗိမ္ဗိသာရမင်းကြီးသည် နတ်တို့၏စည်းစိမ်ချမ်းသာနှင့် တူသော ဤစည်းစိမ်ချမ်းသာကို အဘယ်ကဲ့သို့သောကုသိုလ် ကောင်းမှုကို ပြု၍ ရရှိခံစားရပါလိမ့်ဟု စဉ်းစားဆင်ခြင်မိသည်။ အမျိုးသမီးငယ်သည် ထိုအဖြေကို ရရှိရန်အတွက် "ဤအဖြေကို ပညာရှိတို့သိမှာပဲ" ဟုထင်ပြီး ရာဇဂြိုဟ်မြို့၌ ထင်ရှားသော ပညာရှိဟု သမုတ်ခံရသော ပုဂ္ဂိုလ်များကို မိမိအိမ်သို့ ပင့်ဖိတ်ကျွေးမွေး ညှဉ့်ခံပြီး ဆွေးနွေးမေးမြန်းလေသည်။

ပညာရှိတို့က –

"ချစ်နှမ ကောင်းမှုကုသိုလ်ကံတို့မည်သည်ကား မိမိစိတ်အလိုကို ပြီးစီးနိုင်သော စိန္တာမဏိပတ္တမြားရတနာနှင့်လည်းကောင်း၊ မိမိလိုရာဆွတ်ခူးနိုင်သော ပဒေသာပင်နှင့်လည်းကောင်း တူလေသည်။ အလှူခံပုဂ္ဂိုလ်တည်းဟူသော ခေတ်၏ပြည့်စုံခြင်း၊ စိတ်စေတနာသဒ္ဓါတရား ပြည့်စုံခြင်း ရှိခဲ့သော် တောင်းတတိုင်းသော ထိုထိုထွေထွေဆုတို့ ရနိုင်သည်"

"ချစ်နှမ နေထိုင်စရာ ဖျာအခင်း၊ အင်ပျဉ်၊ ကုလားထိုင်

www.dhammaransi.com



စသည်တို့ကို ပေးကမ်းလှူဒါန်းခြင်းကြောင့် ပြင့်ပြတ်သောအမျိုး၌ ဖြစ်တတ်သည်။ စားသောက်ဖွယ်ရာ ထမင်း အဖျော်ယမကာ စသည်တို့ကို ပေးကမ်းလှူဒါန်းခြင်းကြောင့် ခွန်အားပလနှင့်ပြည့်စုံခြင်းအကျိုးကိုရတတ်သည်။ အဝတ်ပုဆိုးတို့ကို လှူဒါန်းခြင်းကြောင့် လှပတင့်တယ်ခြင်းအကျိုးကို ရရှိတတ်သည်''

''ချစ်နှမ လေ့၊ လှည်းစသော ယာဉ်အဖြာဖြာကို လှူဒါန်းပေးကမ်းခြင်းကြောင့် ခန္ဓာကိုယ်၏ထူးကဲစွာ ချမ်းသာမှုအကျိုးကို ရရှိတတ်သည်''

''ချစ်နှမ ဆီမီး၊ ဖယောင်းတိုင်စသောအရောင်အဆင်းကို ပေးကမ်းလှူဒါန်းခြင်းကြောင့် မျက်စိကြည်လင်တောက်ပမှုကို ခံစားရသည်''

''ချစ်နှမ ကုသိုလ်ကံအကျိုးဆက်သည် ဤသို့သဘောရှိသည်ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်''

အမျိုးသမီးငယ်သည် ပညာရှိတို့စကားကို ကြားနာပြီးနောက် ဤလှူပြည်စည်းစိမ်ချမ်းသာထက် နတ်ပြည်စည်းစိမ်ချမ်း သာကိုရရန်အတွက် အလှူဒါနပြုမည်ဟု သန္နိဋ္ဌာန်ချလေသည်။

အမျိုးသမီး၏မိဘတို့သည် သမီး၏အလိုဆန္ဒကို သိရှိသောအခါ အဝတ်အသစ်၊ အင်ပျဉ်အသစ်၊ ပဒုမ္မကြာပန်းတစ် စည်း၊ ထောပတ်၊ ပျား၊ သကာ၊ ဆန်၊ နွားနို့တို့ကို ပေးလေသည်။

အမျိုးသမီးသည် ထိုပစ္စည်းများကိုရသောအခါ ငါ၏ အလိုဆန္ဒပြည့်ဝပြီဟု အားရဝမ်းသာဖြစ်ကာ ရေအလျှင်းမပါသော ဘျိုမြိန်သော ယနာနို့ဆွမ်းကို စီရင်သည်။ အခြားသော အာဟာရဘောဇဉ်တို့ကိုလည်း စီမံသည်။

အလှူမဏ္ဍာပ်ကိုစီမံပြီး ယင်းကို နံ့သာတို့ဖြင့် ထုံမွှမ်းသည်။ ကြာပွင့်ကြာရွက်တို့ဖြင့် တန်ဆာဆင်သည်။ ထိုအပေါ်၌ အဝတ်အသစ်ကို ခင်းပေးသည်။

www.dhammaransi.com



ထိုကြာပန်းကြာရွက်တို့ဖြင့် ခင်းထားသောမွေ့ယာခုံကို အခြေလေးချောင်းရှိသော အင်ပျဉ်ခုတင်ထက်၌ ခင်းထားသည်။ ခုတင်အထက်၌လည်း ပဒုမ္မာကြာပန်းလေးခိုင်ကို ပန်းကုံးပြုကာ မျက်နှာကျက်သဖွယ် ဆွဲထားသည်။

ပြတ်သောအလှူခံပုဂ္ဂိုလ်ကြွလာက လှူအံ့ဟုကြံကာ ပန်းတို့ဖြင့်ပြည့်သော ပန်းခြင်းကိုလည်း အသင့်စီရင်ထားလေသည်။

ဤသို့အလှူဒါနအဆောက်အအုံကို စီမံပြီးနောက် ဦးခေါင်းကိုလျှော်ကာ စင်ကြယ်သန့်စင်သော အဝတ်သစ်ကို ဝတ်ဆင်လျက် ပခုံးထက်၌ ပဝါတဘက်ကို သိုင်းကာ ရဟန်းတော်များ ဆွမ်းခံချိန်ကို စောင့်နေလေသည်။

အနီးတွင် ဝေယျာဝစ္စပြုနေသော ကျွန်မငယ်တစ်ဦးအား ရဟန်းတစ်ပါးကို သွားရောက်စောင့်ပြီး ပင့်ခိုင်းလေသည်။ ကျွန်မသည် လမ်းတွင် ထွက်စောင့်သော် ရှင်သာရိပုတ္တရာမထေရ်မြတ်ကို ဖူးတွေ့ရ၍ ပင့်ဖိတ်လာသည်။

အမျိုးသမီးသည် ရှင်သာရိပုတ္တရာမထေရ်မြတ်ကို နေရာထိုင်ခင်းတွင် ရှိသေစွာ ပင့်လျှောက်ထိုင်စေပြီး ယနာနို့ဆွမ်း၊ ပဒုမ္မာကြာပန်းတို့ဖြင့် စိတ်သဒ္ဓါတရားထက်သန်စွာ လှူဒါန်းဆက်ကပ်လေသည်။

"ဤကဲ့သို့ပြုလုပ်ရသော ကောင်းမှုအာနုဘော်ကြောင့် နတ်၌ဖြစ်သော ဆင်ပျံယာဉ်ပြဿာဒ်အထွတ်တပ်သော ပလ္လင် ရတနာဖြင့် တင့်တယ်စွာသော နတ်ပြည်စည်းစိမ်ကို ခံစားရပါစေ"ဟု ဆုတောင်းမှု ပြုလေသည်။

မထေရ်မြတ်ဆွမ်းဘုဉ်းပေးပြီးသော် သပိတ်တော်ဆေး ကြော၍ထောပတ်၊ ပျား၊ သကာတို့ဖြင့်ပြည့်စေသည်။ ပန်းမွေ့ယာပလ္လင်၌ ခင်းထားသောအဝတ်ကို သပိတ်ခြေပြုလုပ်လျက် မထေရ်ကို လှူလေသည်။

မထေရ်က ဆွမ်းအနုမောဒနာပြုပြီး ပြန်ကြွသွားသောအခါ

www.dhammaransi.com



ယောက်ျားနှစ်ဦးကိုခေါ်ဂ.ာ ပထေရ်ပြတ်သပိတ်ကို ပထေရ် ထံကပ်စေသည်။ အင်ပျဉ်ခုံကိုကျောင်းအထိ လိုက်ပို့လှူစေသည်။

**ခံစားရသောနတ်စည်းစိမ်**

ထိုအမျိုးသမီးသည် နောင်သောအခါ တစ်စုံတစ်ခုသော ရောဂါဖြင့် ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ –

- အမြင့် တစ်ယူဇနာရှိသော ရွှေဗိမာန်ပေါက်သည်။
- နတ်သမီးအခြွေအရံတစ်ထောင်၊
- အမြင့်ငါးယူဇနာရှိသော ပဒုမ္မာကြာပန်းတို့ဖြင့် တန်ဆာဆင်ထားသော နူးညံ့သောအတွေ့ရှိသော၊
- အထူးထူးသောရတနာတို့ဖြင့် တောက်ပြောင်သော ဆင်ယာဉ်အထူးသည် ဖြစ်ပေါ်လာခဲ့လေသည်။

ထိုဆင်ယာဉ်အထက်၌ တစ်ယူဇနာရှိသော ရွှေပလ္လင် ပေါက်သည်။

*ကုဋ္ဌရဝိမာန*

## ၂။ ရွှေလှေစီးနတ်သမီးများ

### (က) ရေလှူခဲ့ရသောအမျိုးသမီးငယ်

ဘုရားရှင် သာဝတ္ထိမြို့၌ သီတင်းသုံးစဉ်က ဖြစ်ပါသည်။ တစ်ကျိပ်ခြောက်ပါးသော ရဟန်းတို့သည် ရွာငယ်တစ်ခု၌ ဝါကပ်ကြသည်။

ဝါကျွတ်သောအခါ ဘုရားရှင်ကို ဖူးမြော်ရန်နှင့် တရားနာရန်အတွက် သာဝတ္ထိပြည်သို့ ရှေ့ရှုလာခဲ့ကြသည်။ ခရီးသည် အစွန့်ရှည်သည်။ လမ်းခရီးတစ်ခုအရောက်တွင် ရေပြတ်လပ်၍ ရေငတ်သောကြောင့် ခရီးလမ်းကိုဖဲ့ခဲ့ပြီး ရွာတစ်ရွာသို့ ကြွသွားကြလေသည်။

ထိုရွာထိပ်၌ အမျိုးသမီးငယ်တစ်ဦးသည် သောက်ရေခပ်ရန်

www.dhammaransi.com



ရေတွင်းသို့ အလာတွင် ရဟန်းတော်များနှင့် တွေ့ဆုံမိကြလေသည်။

"ငါ့ရှင်တို့ ဤအမျိုးသမီးသည် ရေအိုးကိုယူကာ သွားသည်။ ထိုအမျိုးသမီးသွားရာ နောက်သို့လိုက်သည်ရှိသော် သောက်ရေကိုရနိုင်သည်"

ဤသို့ ရဟန်းအချင်းချင်း ပြောဆိုကြပြီး အမျိုးသမီးငယ် နောက်သို့ လိုက်ကြလေသည်။ အမျိုးသမီးငယ်သည် ရေတွင်းသို့ ရောက်သောအခါ ရေခပ်ပြီးပြန်ရန်အပြုတွင် မိမိအနီးသို့လာ ရောက်ရပ်နေကြသော ရဟန်းတော်များကို မြင်တွေ့ရသည်။

"ဤရဟန်းများသည် သောက်ရေဆာမွတ်ကြကာ ရေအလိုရှိကြပုံရသည်"

အမျိုးသမီးငယ်သည် ဤသို့စဉ်းစားပြီး ရဟန်းတော်များကို ကြည်ညိုသောစိတ်ဖြင့် သောက်ရေဖိတ်ကြားလေသည်။

မိမိခပ်ယူထားသောရေတို့ကို ရဟန်းတော်တို့အား ပေးလှူလေသည်။ ရဟန်းတော်များသည် သပိတ်အတွင်းမှ ရေစစ်ကိုထုတ်၍ ရေကို စစ်ပြီးလျှင် အားရအောင်သောက်လျက် လက်ခြေတို့ကို အေးမြအောင် ဆေးကြောကြသည်။

ရဟန်းတော်အရှင်မြတ်တို့သည် အမျိုးသမီးငယ်ကို ရေအကျိုးတရားကို ဟောကြား၍ ခရီးဆက်ခဲ့ကြလေသည်။

အမျိုးသမီးငယ်သည်လည်း မမျှော်လင့်ဘဲ လှူလိုက်ရသော ရေအလှူကို ဝမ်းမြောက်ဝမ်းသာ ခံစားလျက် အိမ်သို့ပြန်ခဲ့လေသည်။

## ခံစားရသောနတ်စည်းစိမ်

ထိုအမျိုးသမီးငယ်သည် မကြာခင်ကွယ်လွန်ခဲ့ပြီး ထိုရေလှူဒါန်းခဲ့သော ကုသိုလ်ဇောအဟုန်ကြောင့် တာဝတိံသာ နတ်ပြည်၌ ဖြစ်လေသည်။ ပြုခဲ့သောကောင်းမှုအာနုဘော်ကြောင့် –

www.dhammaransi.com



- ပဒေသာပင်တို့ဖြင့် လှပတင့်တယ်ကြီးကျယ်သော ဗိမာန်ပေါက်သည်။
- ထိုဗိမာန်ကိုခြံရံလျက် သန့်ရှင်းစင်ကြယ်သော ရေအလျဉ်ရှိသော မြစ်သည် ပေါ်ပေါက်ခဲ့သည်။
- မြစ်ကမ်းနားနှစ်ဖက်၌ ဥယျာဉ်ဗိမာန်ပေါက်သည် ဥယျာဉ် ဗိမာန်တံခါးဝ၌ ပဒုမ္မာကြာတို့ဖြင့် ပြည့်သော ကြီးကျယ်ခမ်းနားသော လေးထောင့်ကန်ကြီး ပေါ်လာသည်။
- ထိုရေကန်ထက်၌ ရွှေဖြင့်ပြီးသောလှေသည် ပေါ်ပေါက်ခဲ့သည်။ ထိုနတ်သမီးသည် ထိုစည်းစိမ်ချမ်းသာကို ခံစားလျက်နေရသည်။

*နာဝါဝိမာနဝတ္ထု*

## (ခ) ဥယျာဉ်ရွှေလှေပေါက်နတ်သမီး

အလားတူပင် အမျိုးသမီးတစ်ဦးသည် ခရီးဝေးကြွလာသော ရဟန္တာအရှင်မြတ်တစ်ပါးကို အိမ်သို့ပင့်၍ နေရာပေးသည်။

ခြေ ဆေး ရေ ခြေနယ်ဆီ တို့ကို လှူဒါန်းသည်၊

ယပ်တောင်ကိုယူကာ ယပ်ခပ်ပေးသည်၊

အအိုက်ပြေသော် ချိုအေး မွှေးကြိုင်သော အဖျော်ယမကာကို ကပ်လှူလေသည်၊

ဤသို့သော ကုသိုလ်အကျိုးကြောင့် ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ်–

- ရွှေဗိမာန်၊ ရွှေလှေ ဥယျာဉ်တို့ဖြင့် ခံစား စံစားရသည်။
- နတ်သမီးတစ်ထောင်အခြံအရံရှိသည်။
- ကိုယ်ရောင်ကိုယ်ဝါအဆင်း ထွန်းလင်းတောက်ပသည်။

*ဒုတိယနာဝါဝိမာနဝတ္ထု*

www.dhammaransi.com



## (ဂ) ရွှေလှေပေါက်နတ်သမီး

ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ကောသလတိုင်း ဇနပုဒ်များသို့ ဒေသစာရီ လှည့်လှည်စဉ် ထူလာမည်သော ပုဏ္ဏားတို့ ရွာအနီးသို့ ရောက်ရှိလေသည်။ ထိုရွာသားတို့သည် ရတနာသုံးပါး၌ မကြည် ညို၊ သဒ္ဓါတရား မရှိကြ၊ ဗြဟ္မာဏအယူကိုသာ ယူကြသည်။ ဘုရားရှင် ကြွလာသည်ဟူသော သတင်းကိုကြားကြသောအခါ –

"ရဟန်းဂေါတမသည် ဤရွာသို့ဝင်ကာ နှစ်ရက်သုံးရက်ကြာ အကယ်၍ နေငြားအံ့၊ ဤရွာနေသူအားလုံးသည် ဘုရားရှင်၏ ဩဝါဒ တရားစကား၌ တည်ခဲ့လျှင် ငါတို့၏ ဗြဟ္မဏဝါဒသည် ဆောက်တည်ရာ မရ ဖြစ်လိမ့်မည်"

ဤသို့ကြံစည်ပြီးနောက် ဘုရားရှင်နှင့် ရဟန်းတော်များ နေရာ မရစိမ့်သောငှာ မြစ်ဆိပ်၌ထားသော လှေတို့ကို ဝှက်ထားကြသည်။ တံတားလမ်းကူးများကို ဖျက်ဆီးထားကြသည်။ ရေချမ်းစင်များကိုလည်း ဖျက်သိမ်းထားကြသည်။ ရွာသူရွာသားများ သောက်သုံးရန် ရေတွင်းတစ် တွင်းသာ ချန်ထားပြီး ကျန်ရေတွင်းများကို မြက်၊ အမှိုက်စသည်တို့ဖြင့် ဖုံးအုပ်ပိတ်ဆို့ထားကြသည်။

ဘုရားရှင်သည် ပုဏ္ဏားတို့၏ ဖောက်ပြန်သော ယုတ်မာသော အပြုအမူကို သိသည်။ သို့သော် ဘုရားရှင်သည် ပုဏ္ဏားတို့အပေါ်၌ အစဉ်သနားသဖြင့် ရဟန်းအပေါင်းနှင့်အတူ ကောင်းကင်ခရီးဖြင့် ထိုရွာ ထိပ်အနီးသို့ သက်ဆင်းပြီး သစ်ပင်ရင်း၌ သီတင်းသုံးနေလေသည်။

ဘုရားရှင် ကြွရောက်လာပြီဟူသော သတင်းကို ကြားသိရသော အခါ ရွာ၏ ခေါင်းဆောင်ပုဏ္ဏားသူကြွယ်တို့သည် စုဝေးညှိနှိုင်း၍ ကတိ ကဝတ်ပြုကြလေသည်။

"ရဟန်းဂေါတမကို မည်သူမျှခရီးဦးကြိုမပြုရ၊ အိမ်သို့ သံဃာ တော်များ ကြွလာပါကလည်း မည်သူမျှ ဆွမ်းမလောင်းရ၊ ထိုအမိန့်ကို

www.dhammaransi.com



တစ်ရွာလုံး လိုက်နာစေရမည်''

ရွာသူရွာသားအားလုံးသည် ရွာတံခါးကို ပိတ်၍နေကြသည်။ အမျိုးသမီးတို့သည် ရေခပ်ထွက်ကြ၍ ဘုရားရှင်သီတင်းသုံးရာ သစ်ပင်နားသို့ရောက်ကြသောအခါ ဘုရားရှင်ကို မကြည့်ရဲကြသဖြင့် မျက်နှာလွှဲ၍ သွားကြသည်။

## အသက်ကိုစွန့်၍ ရေလှူသူကလေးဘဝ

ရေခပ်ထွက်လာသော အမျိုးသမီးတို့တွင် ပုဏ္ဏားခေါင်းဆောင်တစ်ဦး၏ ကျွန်မငယ်တစ်ယောက်သည် ဘုရားရှင်နှင့် ရဟန်းသံဃာအပေါင်းကို ငဲ့စောင်း၍ ကြည့်မိသည်။ ထိုအခါ ယုံဖိတ်လာသောသဒ္ဓါစိတ်ကို မထိန်းသိမ်းနိုင်ဘဲ ရှိလေသည်။ မိမိ၌ ပါလာသောရေကို လှူဒါန်းလိုသော သဒ္ဓါတရားစိတ်သည် တသိမ့်သိမ့်ဖြစ်ပြီး တစိမ့်စိမ့် ယိုစီးကျလာလေသည်။

သို့သော် တစ်ဖက်ကလည်း ပုထုဇဉ်လူသားပီပီ ရွာသူရွာသားတို့၏ ချမှတ်ထားသော စည်းကမ်းဥပဒေကို ဖောက်ဖျက်ရမှာကိုလည်း ကြောက်ရွံ့နေမိသည်။

''ငါသည် ဤကဲ့သို့သောကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးကြဲချရာ လယ်မြေကောင်းသဖွယ်ဖြစ်သော မြတ်သော အလှူခံပုဂ္ဂိုလ်ကို ရရှိပါလျက် သောက်ရေတစ်ခွက်ကိုမျှ လှူဒါန်းကာ မိမိ၏ဆောက်တည်ကိုးစားရာကို မပြုလုပ်မိငြားအံ့၊ ငါသည် ဆင်းရဲစွာအသက် မွေးရသော သူ့ကျွန်အဖြစ်မှ အဘယ်မှာ ကျွတ်လွတ်ပါအံ့နည်း။ ငါ၏ အရှင်သခင် ပုဏ္ဏားသူကြွယ်ကြီးနှင့်တကွ ရွာနေသူလူအများတို့က ငါ့ကို ဖမ်းဆီး၍ သတ်လိုက သတ်ပါစေတော့၊ ငါသည် ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ လယ်မြေကောင်းဖြစ်သော အလှူခံပုဂ္ဂိုလ်တို့အား သောက်ရေကို လှူဒါန်းတော့မည်''

www.dhammaransi.com



အမျိုးသမီးငယ်သည် နောက်ဆုံးမိမိ၏စိတ်ဆန္ဒကို သန္နိဋ္ဌာန်ချလိုက်သည်။ အတူတူပါလာသော အမျိုးသမီးတို့ကိုလည်း မိမိ၏ဆန္ဒကို ပြောပြသည်။ အတူပါလာသော အမျိုးသမီးတို့က ထိုကဲ့သို့မပြုလုပ်ရန် အမျိုးမျိုးတားမြစ်ကြသည်။ ကန့်ကွက်ကြ၊ ခြိမ်းခြောက်ကြသည်။

အမျိုးသမီးငယ်သည် ထိုတားမြစ်ချက်များကို ဥပေက္ခာပြုလိုက်သည်၊ အသက်ခန္ဓာပျက်စီးသည်ကိုလည်း စိုးရိမ်ကြောက်ရွံ့ခြင်း မရှိတော့၊ လှူဒါန်းလိုသော စိတ်ဆန္ဒစောလျက် ဘုရားရှင်ထံသို့ ချဉ်းကပ်သွားကာ ရှိသေစွာ ရှိခိုးသည်။

''တပည့်တော်မ၏ရေကို အလိုရှိသလို သုံးဆောင်တော်မူပါ ဘုရား''

အမျိုးသမီးငယ်သည် ဘုရားရှင်၏ရှေ့တွင် ရေအိုးကို ချလိုက်ပြီး ဖိတ်ကြားလှူဒါန်းလိုက်လေသည်။ ဘုရားရှင်သည် အမျိုးသမီး၏ စိတ်စေတနာသဒ္ဓါတရားကို သိရှိတော်မူ၍ အလှူကို ချီးမြှောက်အံ့သောငှာ ရေကိုခပ်၍ လက်ခြေတို့ကိုဆေးကြောပြီးလျှင် သောက်ရေတို့ကို သောက်သုံးတော်မူလေသည်။

အမျိုးသမီးငယ်၏ရေအိုး၌ရေသည် ဘုရားရှင်သုံးဆောင်ပြီးသော်လည်း ကုန်ခမ်းခြင်း မရှိ၊ ပြည့်မြဲပြည့်လျက် ရှိသည်။ ထိုသည်ကို မြင်ရသော အမျိုးသမီးငယ်သည် သဒ္ဓါတရားပိုမိုတက်ကြွပြီး ဝမ်းသာကြည်နူးသောပီတိ တစ်ရှိန်ရှိန်တက်ကာ ခံစားနေရလေသည်။ သောက်ရေအိုးကို သံဃာတော် တစ်ပါးပြီးတစ်ပါး ဆက်ကပ်သည်။ ရေသည် ကုန်သည် မရှိဘဲ ပြည့်မြဲပြည့်လျက်သာ ရှိသည်။

အားလုံးသောသံဃာတော်များကို လှူဒါန်းပြီးသောအခါ အမျိုးသမီးငယ်သည် ရွှင်လန်းဝမ်းမြောက်ကြည်နူးသောစိတ်ဖြင့် ပြည့်မြဲသော ရေအိုးကို ရွက်ကာ အိမ်သို့ပြန်ခဲ့သည်။

www.dhammaransi.com



**အသက်သေအောင် နှိပ်စက်ခံရပြီ**

ထိုအမျိုးသမီးငယ်၏ အရှင်သခင်ပုဏ္ဏားကြီးသည် အမျိုးသမီးငယ်၏သတင်းကို အခြားသောအမျိုးသမီးတို့က ပြောကြားထားပြီးဖြစ်၍ သိရှိထားပြီးဖြစ်ကာ ဒေါသအမျက်ချောင်းချောင်းထွက်လျက် အိမ်ပေါက်ဝမှ ဆီးကြိုစောင့်နေသည်။

"ဤကျွန်မသည် ရွာနေသူလူတို့၏ ကတိကဝတ်ကို ဖျက်ဆီးပြီး ငါ့ကိုအရှက်ခွဲသည်" ဟု ရေရွတ်ဆဲဆိုကြိမ်းမောင်းကာ အမျိုးသမီးငယ်၏ ဆံပင်ကို ယမ်း၍ ဘယ်ပြန်ညာပြန် ရိုက်ချလိုက်လေသည်။

အမျိုးသမီးငယ်သည် ရိုက်လိုက်သောဒဏ်ကြောင့် ပြေသို့လဲကျသွားသောအခါတွင်လည်း ပုဏ္ဏားကြီးသည် "ကတိဖျက်ဦး၊ ငါ့ကို အရှက်ခွဲဦး" ဟုဆိုကာ ခြေဖြင့် တအားလိမ့်၍ ကန်ကျောက်လေသည်။

အမျိုးသမီးငယ်သည် ထိုအရှင်ပုဏ္ဏားကြီး၏ မညှာမတာ ဒေါသတကြီး ရိုက်နှက်သော ဒဏ်ရာဖြင့်ပင် အသက်ကုန်ဆုံးခြင်းသို့ ရောက်သွားလေသည်။

ထိုအမျိုးသမီးငယ်သည် ကွယ်လွန်လျှင် ကွယ်လွန်ချင်း တာဝတိံသာနတ်ပြည်၌ ကြီးမားလှစွာသော ဘုံဗိမာန်ဖြစ်ပေါ်ခံစားရလေသည်။

- ထိုဗိမာန်ပတ်ဝန်းကျင်၌ အေးမြသောမြစ်ရေအလျဉ်းသည် ပေါ်ပေါက်သည်။
- မြစ်တစ်ဖက်တစ်ချက်ကမ်း၌ ပန်းမာလ်တို့ဖြင့် သာယာလှပသော ဥယျာဉ်ပေါ်ပေါက်သည်။
- ဥယျာဉ်ထဲဝယ် ပဒုမ္မာကြာတို့ဖြင့် ပြည့်သော လေးထောင့်ကန်ပေါ်ပေါက်သည်။
- ထိုလေးထောင့်ကန်အလယ်၌ ရွှေအတိပြီးသော လှေယာဉ်ပေါ်ပေါက်သည်။

www.dhammaransi.com



– နတ်သမီးသည် လေ့ယာဉ်ကိုစီးကာ ပဒုမ္မာကြာကိုခူး၍ ပျော်ပါး ကစားနိုင်သည်။

**ပုဏ္ဏားတို့မာန်ကျလေပြီ**

ဘုရားရှင်သည် ရှင်အာနန္ဒာကိုခေါ်၍ –

''ရေတွင်းမှရေကို ယူဆောင်ပါချေ''

''အရှင်မြတ်ဘုရား ယခုအခါ ရေတွင်းတို့ကို ရွာသားတို့က ပိတ်ဆို့ထားပါသည်။ ရေကို ယူဆောင်၍မရပါ ဘုရား''

ဘုရားရှင်က ရှင်အာနန္ဒာကို နှစ်ကြိမ်မှသုံးကြိမ်အထိ စေခိုင်းသောအခါ ရှင်အာနန္ဒာသည် သပိတ်ကိုယူကာ ရေတွင်းရှိရာသို့ ကြွသွားလေသည်။ ထိုအခါ ပိတ်ထားသော ရေတွင်းမှရေတို့သည် လျှံတက်ကာ ထက်ဝန်းကျင်သို့ စီးဆင်းသည်။ ပိတ်ဆို့ထားသော မြက်အမှိုက်တို့သည် ရေစီးနောက်သို့ မျောပါသွားကြကုန်သည်။

ရေအလျှင်သည် တဖြည်းဖြည်းများလာပြီး ရေကန်ရေအိုင်တို့ကို ပြည့်လျှံစေသည်။ ရွာပတ်ချာဝိုင်းလျက် တစ်ရွာလုံး ရေလွှမ်းသွားလေသည်။

ထိုအံ့သြဖွယ် အခြေအနေတို့ကို မြင်တွေ့ကြသော ပုဏ္ဏားတို့သည် ကြောက်ရွံ့ထိတ်လန့်အံ့သြတုန်လှုပ်ကြပြီး ဘုရားရှင်ထံသို့ လာကြကာ ဝန်ချကန်တော့ တောင်းပန်ကြလေသည်။ ထိုခဏမှာပင် ရေအလျှင်သည် တန့်ရပ်ပျောက်ကွယ်သွားလေသည်။

ထိုအခါကျမှ ပုဏ္ဏားတို့သည် ဘုရားရှင်နှင့်တကွ သံဃာတော်များ သီတင်းသုံးရန် နေရာကိုစီမံပေးကြသည်။ ဆွမ်းအလို့ငှာ ဖိတ်ကြားကြလေသည်။

နောက်နေ့နံနက်တွင် ရွာသူရွာသားတို့သည် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဖြင့် လုပ်ကျွေးလှူဒါန်းကြသည်။ ဆွမ်းကိစ္စပြီး

www.dhammaransi.com



သောအခါ ဘုရားရှေ့၌ ချဉ်းကပ်ကာ ထိုင်ကြသည်။

## နတ်သမီးရောက်လာသက်သေပြပြီ

ထိုအချိန်မှာပင် ထိုနတ်သမီးသည် မိမိ၏စည်းစိမ်ချမ်းသာ ပြည့်စုံမှုကို စူးစမ်းဆင်ခြင်ကြည့်မိသည်။ လူ့ဘဝက သောက်ရေ လှူဒါန်းဖူးသော ကောင်းမှုအကျိုးကိုသိရှိကာ "ငါသည် ယခုပင်လျှင် ဘုရားရှင်ထံသို့ သွားရောက်ကန်တော့မည်။ ကောင်းမြတ်သောအကျင့်ရှိသော ပုဂ္ဂိုလ်တို့၌ ပြုအပ်သော အနည်းငယ်သော ကောင်းမှုသည် များပြားလှသော အကျိုးအာနိသင်ရရှိပုံတို့ကို လူ့လောက၌ ထင်စွာပြအံ့"

နတ်သမီးသည် တက်ကြွရွှင်လန်းသောစိတ်ဖြင့် နတ်သမီး တစ်ထောင်ခြံရံလျက် အဆောင်အယောင်များနှင့်လာပြီး ဘုရားရှင်အနီးသို့ အရောက်တွင် ဗိမ္မာန်မှဆင်းကာ ဘုရားရှင်ကို ရှိသေစွာရှိခိုးလေသည်။

ဘုရားရှင်သည် နတ်သမီးပြုခဲ့ဖူးသော ကောင်းမှုအကျိုးကို မျက်မှောက်အားဖြင့် ပရိသတ်အလယ်၌ ထင်ရှားစွာ ပြလို၍ နတ်သမီးကို အဘယ်ကောင်းမှုကြောင့် ဤကဲ့သို့ခံစားရပါသနည်းဟု မေးတော်မူလေသည်။

"ဘုန်းတော်ကြီးတော်မူသော အရှင်မြတ်ဘုရား တပည့်တော်မသည် လူ့ဘဝရှိစဉ်က ဤထူလာရွာမှ ကျွန်မတစ်ဦး ဖြစ်ပါသည်။ ဘုရားအမှူးရှိသော သံဃာတော်များကို သောက်ရေလှူခဲ့ဖူးသော ကောင်းမှုကြောင့် ဤသို့သော ဘုံဗိမ္မာန်ဥယျာဉ် ပဒေသာပင် ရွှေလှေနှင့်အရောင်အဝါတို့သည် ထွန်းလင်းတောက်ပပါသည် ဘုရား"

ထိုအခါ ဘုရားရှင်သည် နတ်သမီးကို သစ္စာလေးပါးမြတ်တရားကို ဆက်လက်ဟောကြားတော်မူရာ တရားတော် အဆုံး၌ နတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။ တရားနာကြားသော ထူလာရွာသူရွာသားတို့သည်လည်း အကျိုးများစွာ ဖြစ်ပေါ်လေသည်။

www.dhammaransi.com



ထို့ကြောင့် ဘုရားရှင်က ရေလှူအကျိုးနှင့်ပတ်သက်၍ –

"သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊ ကြည်လင်သန့်ရှင်း၊ ကျော်စောခြင်း၊ ခပင်းခြွေရံဖြာ၊ ရေမငတ်ပြား၊ လျင်ပေါ့ပါး၊ ဆယ်ပါးရေကျိုးသာ" ဟူ၍လည်းကောင်း။

"သစ်ပင်တောင်ဖျား၊ ရောက်လေငြားလည်း၊ မရှားရေရ၊ တောင့်တမိုးရွာ၊ ပူဆာအိုက်ကင်း၊ ရှင်းသည့်အနာ၊ ကိလေသာဝေး၊ ညစ်ကြေးမရစ်၊ နုံသာစစ်သို့၊ ခုနစ်ရေလှူအကျိုးတည်း" ဟူ၍လည်းကောင်း ဟောကြားခဲ့ပါသည်။

*တတိယနာဝါဝိမာနဝတ္ထု*

## ၃။ ဆီမီးရှင်နတ်သမီး

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်စဉ်က ဖြစ်သည်။

ထိုနေ့သည် ဥပုသ်နေ့ဖြစ်သည်။ များစွာကုန်သော ဥပါသကာကို့သည် နံနက်ပိုင်း ဥပုသ်သီတင်းဆောက်တည်ကြသည်။ နေ့လယ်တွင် ဖြူစင်သောအဝတ်တို့ကို ဝတ်ဆင်လျက် နံ့သာဆီမီးတို့ကိုယူကာ မိမိတို့ယုံကြည်ကိုးကွယ်ရာ ရဟန်းသံဃာများကို ကပ်လှူကြသည်။

ညချမ်းအချိန်တွင် တရားနာကြသည်။ တရားနာနေစဉ် နေဝင်သွား၍ မှောင်အတိကျသွားလေသည်။

ထိုအခါ တစ်ဦးသော သီတင်းသည်မ (ဥပုသ်သည်မ) သည် ယခုခါ ဆီမီးထွန်းညှိက ကောင်းမည်ဟု စိတ်ကူးအကြံရပြီး မိမိအိမ်မှ ဆီမီးထွန်းစရာကို ယူပြီးလျှင် ဆီးမီးထွန်းကာ တရားဟောပလ္လင်ရှေ့တွင် ချထားလေသည်။

ထိုဥပုသ်သည်မသည် မိမိထွန်းညှိထားသော ဆီမီးကို ကြည့်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် တရားနာလေသည်။ တရားပြီးဆုံးသည်

www.dhammaransi.com



အထိ ထိုဆိမ်းအလှူကိုကြည့်ကာ တသိမ့်သိမ့် ပီတိဖြစ်လျက် ဝမ်းမြောက်စွာ ခံစားနေရလေသည်။

**ခံစားရသောနတ်စည်းစိမ်**

ထိုဆိမ်းလှူ ဥပုသ်သည်မသည် နောင်သောအခါဝယ် တစ်ခုသော ရောဂါဖြင့် ကွယ်လွန်ရာ တာဝတိံသာနတ်ပြည်၌ ခပ်သိမ်းသော အလိုကို ပေးနိုင်သော ဇောတိရသမည်သော နတ်သမီး ဖြစ်လေသည်။

- ဘုံဗိမာန်သည် ကျောက်မျက်ရတနာတို့ဖြင့် ပြီးသည်။
- ရုပ်အဆင်းအင်္ဂါ အားလုံးလှပဝင်းဝါသည်။
- ကိုယ်ရောင်သည် ဆိမ်းလှူဒါန်းခဲ့ရသော ကုသိုလ်ကြောင့် တစ်ပါးသော နတ်သမီးတို့ထက် အရုပ်ဆယ်မျက်နှာသို့ လင်းလက်တောက်ပသည်။

*ဝိမာနဝတ္ထု*

## ၄။ နှမ်းလက်တစ်ဆုပ်လှူနတ်သမီး

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေ ထိုင်စဉ်က ဖြစ်သည်။

ရာဇဂြိုဟ်မှ ကိုယ်ဝန်ဆောင်မိန်းမတစ်ဦးသည် နှမ်းဆီ အလို့ငှာ နှမ်းတို့ကိုဆေးပြီးလျှင် နေလှမ်းနေလေသည်။

ဘုရားရှင်သည် ထိုနေ့နံနက်မိုးသောက်သော် ကျွတ်ထိုက် ကယ်ထိုက်သော သတ္တဝါတို့ကို မဟာကရုဏာစိတ်ထားဖြင့် ရွှေဉာဏ်တော် ကွန်ယက်ဖြင့် ဖြန့်ကျက်ကြည့်သောအခါ –

ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ယနေ့ပင် သေအံ့သည်ကို လည်းကောင်း၊ သေသောအခါ၌ ငရဲဖြစ်မည်ကိုလည်းကောင်း မြင်မိသည်။

www.dhammaransi.com



ဘုရားရှင်သည် အမျိုးသမီးငယ်ကို ကယ်တင်ရန် သပိတ်သက်န်းကို ပြင်ဆင်ပြီး သာဝတ္ထိပြည်မှ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူသည်။

ရာဇဂြိုဟ်အတွင်းသို့ ဆွမ်းအလို့ငှာ အစဉ်အတိုင်းလှည့်လှည်သည်ရှိသော် ထိုအမျိုးသမီးအိမ်ရှေ့သို့ရောက်လေသည်။ ထိုအမျိုးသမီးအိမ်တံခါး၀၌ ရပ်တော်မူလေသည်။

ထိုမိန်းမသည် ဘုရားရှင်ကို မြင်ရသောအခါ၊ ကြည်ညိုရွှင်လန်းနှစ်သက်ဝမ်းမြောက်သောစိတ်ဖြစ်ကာ စောလျင်စွာထပြီးလျှင် လက်အုပ်ချီရှိခိုးလေသည်။

ဘုရားရှင်ကို လှူဒါန်းရန် လှူဖွယ်ဝတ္ထုကို ကြည့်ရှုသည်။ အိမ်တွင် အခြားတစ်စုံတစ်ရာမရှိ၊ မတွေ့ရဖြစ်နေသည်။ နေလှမ်းရန်ထားသောနှမ်းကိုသာ တွေ့ရသည်။

ထို့ကြောင့် အမျိုးသမီးသည် လက်ခြေတို့ကို ဆေးကြောပြီးလျှင် နှမ်းတို့ကိုစုပုံ၍ လက်နှစ်ဖက်တို့ဖြင့် သိမ်းကျုံးယူကာ လက်ခုပ်အပြည့်အမှု နှမ်းတို့ကို ဘုရားရှင်အား ဝမ်းသာသော စိတ်ဖြင့် လောင်းလှူလေသည်။

ဘုရားရှင်သည် ထိုအမျိုးသမီးကို ''ချမ်းသာသည်ဖြစ်စေလော့'' ဟု မိန့်တော်မူပြီးနောက် ကြွသွားလေသည်။

ထိုမိန်းမသည် ထိုညလွန်မြောက်ပြီး နောက်နေ့မိုးသောက်အချိန်တွင် မီးမဖွားနိုင်၍ သေလွန်လေသည်။

**ခံစားရသောနတ်စည်းစိမ်**

ထိုခဏမှာပင် တာဝတိံသာနတ်ပြည်၌ တစ်ဆယ့်ယူဇနာ ရှိသော ရွှေဗိမ္မာန်ဝယ် အိပ်သော ယောက်ျား နိုးသောလားကဲ့သို့ နတ်သမီးဖြစ်လေသည်။

- နတ်သမီးတစ်ထောင် အခြံအရံရှိသည်။
- ကြီးစွာသောနတ်စည်းစိမ်ရှိလေသည်။

*တိလဒက္ခိဏာဝိမာနဝတ္ထု၊*

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## ၅။ လင်သားရှိသေတာဝန်ကျေခဲ့သော နတ်သမီး

သာဝတ္ထိပြည်မှ အမျိုးသမီးတစ်ဦးသည် အရွယ်ရောက်၍ မိဘတို့က သင့်တော်သူနှင့် အိမ်ထောင်ချပေးခဲ့သည်။

ထိုအမျိုးသမီးသည် အိမ်ထောင်ကျသည့်အချိန်မှစ၍ လင်ယောက်ျားအပေါ်၌ ကျင့်ကြံစရာဝတ်အဖြာဖြာနှင့် ပြည့်စုံစွာ ကျင့်သုံးနေထိုင်ခဲ့သည်။

- အခြားယောက်ျားနှင့်ဖောက်ပြန်လိုသောစိတ်မျိုးဖြင့် မဖြစ်ခဲ့ပေ။
- တစ်ယောက်သောသားကို အစဉ်စောင့်ရှောက်သကဲ့သို့ မိမိလင်သားအပေါ်၌ အစဉ်သနားစောင့်ရှောက်ခဲ့သည်။
- လင်ယောက်ျားအပေါ်၌ ခက်ထန်သောစကား၊ ပရိုပသေ မလေးမစားသော စကားတစ်ခွန်းတစ်ပါဒမျှ မပြောခဲ့၊ အပြုံးသည်းခံစိတ်မွေးခဲ့သည်။
- မဟုတ်မမှန်သောစကား မပြောခဲ့ပါ။
- တတ်စွမ်းသမျှ အလှူဒါနပြုခဲ့သည်။
- ကုသိုလ်ပြုရာ၌လည်း အပြုံဝမ်းမြောက်ဝမ်းသာသော စိတ်ဖြင့်ပြုခဲ့သည်။
- သူတစ်ပါးကိုလည်း ကိုယ်နှင့်ထပ်တူထားပြီး ချိုးမြောက်လေ့ ရှိသည်။
- မြင့်မြတ်ဖြူစင် ကြည်လင်သောစိတ်ဖြင့် ထမင်းအဖျော် သောက်ရေတို့ကို ရိုရိုသေသေ လေးစားစွာဖြင့် သံဃာတော်များကို ပေးလှူခဲ့သည်။

ဤအလှူများသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုးကို ရသည်ဟု ယုံကြည်ပြီး ပေးလှူခဲ့သည်။

www.dhammaransi.com



**ခံစားရသောနတ်စည်းစိမ်**

ထိုအမျိုးသမီးသည် နောင်တွင်တစ်စုံတစ်ခုသော ရောဂါဖြင့် ကွယ်လွန်ရာ တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးဖြစ်ရသည်။

- လှည်းအစီး (၆၀) တိုက်ရှိ အဆင်းတန်ဆာတို့ကို ဝတ်ဆင်ရသည်။
- နတ်သမီးတစ်ထောင်အခြံအရံရှိသည်။
- နတ်တန်ခိုးကြောင့်ဖြစ်သော နတ်ကြိုးကြာ နတ်ဥဒေါင်း၊ နတ်ဟင်္သာ၊ နတ်ဥဩငှက်တို့သည် ချိုသာသောအသံဖြင့် ထိုမှ သည်မှ ကူးပျံသန်းကာ ဖျော်ဖြေခံရသည်။
- နတ်ဥယျာဉ် နတ်ရေကန်တို့ဖြင့် သာယာတင့်တယ်သော နတ်ဥယျာဉ် ပျော်မွေ့ခံစားရသည်။
- ထိုဥယျာဉ်ဝယ် များစွာသောဂန္ဓဗ္ဗနတ်သား၊ နတ်သမီးတို့က လာရောက်၍ ကပွဲသီဆိုပွဲတို့ဖြင့် လာရောက်ဖျော်ဖြေမှု ခံစားရသည်။
- မိမိစိတ်ကြိုက်အလိုကိုလည်း ဖန်ဆင်းခံစားနိုင်သည်။
- ပတ်ဝန်းကျင်သို့လည်း အရောင်အဝါထွန်းလင်း တောက်ပသည်။

*ပဌမပတိဗ္ဗတာဝိမာနဝတ္ထု*

## ၆။ အခြားလင်သားပြုစုတာဝန်ကျေသောနတ်သမီး

အလားတူပင် သာဝတ္ထိပြည်၌ အမျိုးသမီးတစ်ဦးသည် အရွယ်ရောက်၍ မိဘတို့က သင့်တော်သူနှင့် အိမ်ထောင်ချပေးခဲ့သည်။ ထိုအမျိုးသမီးသည်-

- ရတနာသုံးပါးကို ဆည်းကပ်လေ့ရှိသည်၊
- ဘုရားရှင်၏ဥပါသိကာမ ဖြစ်ခဲ့ဖူးသည်၊
- သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သည်၊
- သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့သည်၊
- မဟုတ်မမှန်မပြောဆိုခဲ့၊

www.dhammaransi.com



- သေရည်သေရက် မူးယစ်သောက်စားခြင်းမပြုခဲ့၊
- မိမိလင်ယောကျ်ားဖြင့်သာ ရောင့်ရဲခဲ့၏၊
- လင်ကိုချစ်မြတ်နိုးလေ့ရှိ၏၊
- မိမိ၏စည်းစိမ်အလျောက် တတ်စွမ်းသမျှ အလှူဒါနကိုပြုခဲ့သည်။

**ခံစားရသောနတ်စည်းစိမ်**

ထိုအမျိုးသမီးသည် နောင်သေလွန်သောအခါ ဤပြုခဲ့သော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ပြီး ကြီးကျယ်သော စည်းစိမ်ချမ်းသာကို ခံစားရသည်။

- ကြောင်မျက်ရွဲဖြင့် ပြီးသောဘုံဗိမာန်ရှိသည်၊
- ဘုံဗိမာန်သည် အရောင်မျိုးစုံထွန်းလင်းသည်၊
- နတ်သား၊ နတ်သမီးတို့က အမြဲကခုန်သီချင်းသီဆို ဖျော်ဖြေသည်၊
- မိမိစိတ်ကြိုက်တန်ခိုးဖြင့် ဖန်ဆင်းခံစားနိုင်သည်၊
- ပတ်ဝန်းကျင်အရပ်ဆယ်မျက်နှာ၌ ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပသည်၊

*ဒုတိယပတိဗ္ဗတာဝိမာနဝတ္ထု*[၁]

## ၅။ မုန့်လှူခဲ့သော သုဓာသာနတ်သမီး

သာဝတ္ထိပြည်ဝယ် ယောကျွမအိမ်၌ နေရသော မထင်ရှားသော ချွေးမတစ်ဦးသည် အိမ်သို့ဆွမ်းအလို့ငှာ ရောက်လာသော ရဟန္တာမြတ်တစ်ပါးသို့ ကြည်သာရွှင်လန်းသောစိတ်ဖြင့် မိမိအတွက် ရသောမုန့်အစုကို လှူဒါန်းခဲ့လေသည်။

**ခံစားရသောနတ်စည်းစိမ်**

ထိုအမျိုးသမီးသည် နောင်သေလွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးဖြစ်ကြသည်။

---
[၁] သုပြည့် စုံထွန်းဆာယေ

www.dhammaransi.com



- နတ်သမီးတစ်ထောင်အခြံအရံရှိသည်။
- တန်ခိုးအရောင်အဝါထွန်းလင်းတောက်ပသည်။
- ထိုနတ်သမီးတို့သည် နန္ဒဝန်ဥယျာဉ်၌ မိမိအလိုကျ ပျော်မွေ့နေသည်။ ရွှေးပအဖြစ် သေလွန်၍ နတ်သမီးကို သုဏိသာနတ်သမီး ဟုခေါ်ဆိုကြသည်။

*သုဏိသာဝိမာနဝတ္ထု*

## ၈။ မယောမုန့် လှူခဲ့သော ဒုတိယသုဏိသာနတ်သမီး

သာဝတ္ထိပြည်၌ မြတ်စွာဘုရားရှင် သီတင်းသုံးနေစဉ် အချိန်ဖြစ်သည်။ လင်၏မိဘ (ယောက္ခမ) နေအိမ်သို့ လိုက်နေရသော အမျိုးသမီးတစ်ဦးသည် ဆွမ်းခံကြွလာသော ရဟန္တာတစ်ပါးကို မြင်တွေ့ရလျှင် အလွန်ကြည်ညိုဝမ်းမြောက်သော စိတ်သဒ္ဓါတရား ယိုဖိတ်သော စိတ်ရှိသည်ဖြစ်၍ မိမိ၏ စားအံ့ဆဲဆဲသော မယောမုန့်ကို တစ်ဝက်ခွဲ၍ ထိုရဟန္တာအား လှူဒါန်းလိုက်လေသည်။

ရဟန္တာမထေရ်သည် ထိုမုန့်အလှူ၏ အကျိုးအနုမောဒနာကရားကို ဟောကြားပြီး ဆက်လက်ကြွသွားလေသည်။

ထိုအမျိုးသမီးသည် ထိုမုန့်လှူလိုက်ရသော ကောင်းမှုကို အစဉ်အောက်မေ့ဝမ်းမြောက်နေမိသည်။

**ခံစားရသော စည်းစိမ်**

သက်တမ်းကုန်၍ သေဆုံးသောအခါဝယ် ထိုမယောမုန့်ကိုလှူလိုက်ရသော ကုသိုလ်ကောင်းမှုအစွမ်းကြောင့် တာဝတိံသာနတ်ပြည်ဝယ် သုဏိသာနတ်သမီး သွားဖြစ်ရလေသည်။

အရှင်မောဂ္ဂလန်မထေရ်မြတ်သည် လူတို့၏ ကုသိုလ်ကောင်းမှုအကျိုးကို ပြလာရန် တာဝတိံသာနတ်ပြည်သို့ ကြွသော် ထိုနတ်သမီး

www.dhammaransi.com



ကို တွေ့၍ ပြုခဲ့သော ကုသိုလ်ကို ပေးမြန်းစုံ...းသည်။

နတ်သမီးက မိမိပြုခဲ့သော ကုသိုလ်ကောင်းမှု ကို လျှောက်ထားသည်။

– ထိုနတ်သမီးသည် နတ်သမီးတစ်ထောင် အခြံအရံ ရှိသည်။
– တန်ခိုးအရောင်အဝါ ထွန်းလင်းတောက်ပသည်။
– မွန်မြတ်သော နတ်သုဒ္ဓါတို့ကို သုံးဆောင်ရသည်။
– နန္ဒဝန်ဥယျာဉ်၌ မိမိအလိုကျ ပျော်မွေ့နိုင်သည်။

*ဒုတိယသုဏိသာဝိမာနဝတ္ထု*

## ၉။ မေတ္တာရှင်မလေး ဥတ္တရာနတ်သမီး

ရာဇဂြိုဟ်ပြည် ရှင်ဘုရင်နက်တို့အားအစာကျွေးရာ ဝေဠုဝန်ကျောင်း၌ ဘုရားရှင်သီတင်းသုံးနေထိုင်စဉ်က ဖြစ်ပါသည်။

ထိုအချိန်တွင် ပုဏ္ဏမည်သောသူဆင်းရဲသည် ရာဇဂြိုဟ် သူဌေးအိမ်တွင် လယ်ယာအငှားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလေသည်။

ထိုဆင်းရဲသားမောင်ပုဏ္ဏ၌ ဥတ္တရာမည်သော ဇနီးနှင့် ဥတ္တရာဟူ၍ အမည်ပေးထားသော သမီးတစ်ယောက်ရှိလေသည်။

တစ်နေ့တွင် ရာဇဂြိုဟ်မြို့၌ နက္ခတ်ပွဲသဘင်ကျင်းပသော အချိန်ကျရောက်လာသည်။ ရာဇဂြိုဟ်မြို့သူမြို့သားတို့သည် နက္ခတ်ပွဲသဘင်ကို ခုနစ်ရက်ခုနစ်လီ ကျင်းပပြုလုပ်၍ ပျော်မြူးကြသည်။

နက္ခတ်ပွဲသဘင်စတင်သောနေ့တွင် မောင်ပုဏ္ဏတို့မိသားစုသည် ဆင်းရဲလွန်းလှ၍ နက္ခတ်ပွဲသဘင်ကို အများသူငါလို မပျော်မြူးနိုင်ကြပေ၊ သို့အတွက် မောင်ပုဏ္ဏသည် အလုပ်ဆင်းရန် သူဌေးကြီးအိမ်သို့ လာခဲ့လေသည်။ နံနက်စောစော အိမ်ရှေ့သို့ရောက်သောအခါ မောင်ပုဏ္ဏကို သူဌေးကြီးက ထူးဆန်းသော အသွင်ဖြင့် မေးလေသည်။

www.dhammaransi.com



"မောင်ပုဏ္ဏ နက္ခတ်ပွဲသဘင်သွားရောက် မကစားဘူးလား၊ အလုပ်ဆင်းဖို့လာသလား"

"အရှင်သူဌေးမင်း နက္ခတ်ပွဲသဘင် ပျော်ရွှင်စွာ ကစားရန်ဝေးစွ၊ နက်ဖြန်စားရန် ယာဂုကျိုရန် ဆန်မျှပင် မရှိသေးပါ၊ အရှင်သူဌေးမင်းထံမှ နွားတို့ကိုပေးပါက လယ်ယာထွန်လိုပါသည်"

"ဤကဲ့သို့ဆိုလျှင် နွားတို့ကိုယူပါ၊ ထွန်ယက်ပါ"

မောင်ပုဏ္ဏသည် နွားကောင်း၊ ထွန်ကောင်းတို့ကိုယူပြီးလျှင် အိမ်သို့ဝင်ကာ အိမ်ရှင်မကို မှာလေသည်။

"အိမ်ရှင်မ ယနေ့ ငါ့အတွက် နှစ်ထပ်စာချက်၍ လာပို့ပါ"

မောင်ပုဏ္ဏသည် ဇနီးကိုမှာကြားပြီး လယ်ထွန်ရန် လယ်တောသို့ ထွက်ခဲ့လေသည်။

## အရှင်သာရိပုတ္တရာ

အရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှထသော နေ့ဖြစ်သည်။ ယခု ဘယ်သူအား ချီးမြှင့်မှုကို ပြုရမည်နည်းဟု လောကကြီးကို ကြည့်လတ်သော် ဉာဏ်ကွန်ယက်၌ မောင်ပုဏ္ဏကို မြင်ရလေသည်။

"ဤပုဏ္ဏသည် သဒ္ဓါတရားရှိ၏လော၊ ငါ့အား သင်္ဂြိုဟ်ချီးမြှောက်မှုကို ပြုခြင်းငှာ တတ်စွမ်းနိုင်ပါသလော"

အရှင်သာရိပုတ္တရာသည် မောင်ပုဏ္ဏကို စူးစမ်းဆင်ခြင်ကြည့်သည်။ မောင်ပုဏ္ဏ၌ သဒ္ဓါတရားရှိသည်အဖြစ်ကိုလည်းကောင်း၊ ပူဇော်ချီးမြှောက်မှုကိုပြုခြင်းငှာ စွမ်းနိုင်သည်ကိုလည်းကောင်း ထိုသို့ပြုခြင်းဖြင့် မောင်ပုဏ္ဏအား ကြီးစွာသောစည်းစိမ် ချမ်းသာကို ရရှိနိုင်သည်ကိုလည်းကောင်း ကောင်းစွာ သိတော်မူလေသည်။

အရှင်သာရိပုတ္တရာသည် ချက်ချင်းသပိတ်သင်္ကန်းကို ယူတော်မူပြီးလျှင် မောင်ပုဏ္ဏ လယ်ထွန်ရာအရပ်သို့ ကြွချီခဲ့လေသည်။ လယ်ထွန်

www.dhammaransi.com



ရာသို့ရောက်သော် ရေတွင်းနှုတ်ခမ်း၌ရှိသော ဝ-ကိုခုသောချုံကို ကြည့်ရှုလျက် ရပ်တော်မူလေသည်။

မောင်ပုဏ္ဏသည် အရှင်သာရိပုတ္တရာမထေရ်ကိုမြင်လျှင် မြင်ချင်းပင် လယ်ထွန်မှုကိုရပ်တံ့ကာ အရှင်သာရိပုတ္တရာထံသို့ လာပြီးလျှင် ငါးဖြာသောထိခြင်းဖြင့် ရှိခိုးလေသည်။

ထို့နောက် မထေရ်မြတ်အခြေအနေကို မောင်ပုဏ္ဏက ကြည့်ရှုပြီးနောက် မထေရ်မြတ်သည် ဒန်ပူအလိုရှိဟန်တူသည် ဟု ကြံစည်ပြီး ဒန်ပူကို အပ်စပ်အောင်ပြု၍ ကပ်လှူလေသည်။

ထိုအခါ မထေရ်မြတ်က မောင်ပုဏ္ဏကို သပိတ်နှင့်ရေစစ် ထုတ်ပေးလေသည်။ မောင်ပုဏ္ဏသည် သပိတ်နှင့်ရေစစ်ကို ယူကာ သောက်ရေကို စစ်ယူပြီးလျှင် ကပ်လှူလေသည်။ ထိုအချိန်မှာပင် အရှင်သာရိပုတ္တရာ မထေရ်က စဉ်းစားမိသည်။

"ဤပုဏ္ဏသည် သူတစ်ပါးတို့၏အိမ်နောက်ဖေး၌ နေရသည်။ အကယ်၍ ငါသည် ပုဏ္ဏအိမ်သို့ သွားရောက်ငြားအံ့၊ ဤပုဏ္ဏမယားသည် ငါ့ကိုမြင်လိမ့်မည် မဟုတ်၊ သို့အတွက် ပုဏ္ဏမယား ထမင်းလာပို့သည့် အချိန်အထိ ခဏမျှနေဦးအံ့"

အရှင်သာရိပုတ္တရာသည် ဤသို့ကြံစည်စိတ်ကူးပြီး ထိုအရပ်၌ အချိန်အနည်းငယ် ကုန်စေသည်။

ပုဏ္ဏမယား ထမင်းပို့လာသောအဖြစ်ကို သိတော်မူလျှင် မြို့တွင်းလမ်းသို့ ရှေ့ရှုလျက် ကြွသွားလေသည်။

ပုဏ္ဏမယားသည် လမ်းခရီး၌ပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို မြင်လေသည်။

"တစ်ရံတစ်ခါ လှူဒါန်းဖွယ်ရာရှိသော်လည်း ဤအရှင်မြတ်နှင့် မကြုံတွေ့ရ၊ ယခုအခါ အရှင်မြတ်ကိုတွေ့ရပြီ၊ လှူဖွယ်ဝတ္ထုပစ္စည်းလည်း

www.dhammaransi.com



ငါ့မှာရှိနေပြီ။ သို့သော် ဤအရှင်မြတ်သည် ငါ့အားချီးမြှောက်ခြင်းကို ပြုမှ ပြုပါ့မည်လော''

ပုဏ္ဏမယားသည် ဤသို့ကြံစည်မိလျက် အနီးသို့ အရှင်သာရိပုတ္တရာ မထေရ်ရောက်လာသောအခါ ထမင်းတောင်းကိုချလျက် ရှိသေစွာ ရှိခိုးလေသည်။

ထို့နောက် –

''အရှင်မြတ်ဘုရား အရှင်မြတ်ဘုရားသည် ကြမ်းသည်၊ နူးသည်၊ ကောင်းသည်၊ မကောင်းသည်ကို အာရုံမထားဘဲ ချီးမြှောက်တော်မူပါဘုရား''

ထိုအခါ ရှင်သာရိပုတ္တရာမထေရ်သည် သပိတ်တော်ကို စောင့်ငဲ့ပေးသည်။ ပုဏ္ဏမယားသည် လက်တစ်ဖက်မှ ထမင်းတောင်းကိုကိုင်ပြီး လက်တစ်ဖက်ဖြင့် ထမင်းကိုယူကာ လောင်းလှူလေသည်။

တောင်းထဲမှ ထမင်းထက်ဝက် လှူပြီးသောအခါ ရှင်သာရိပုတ္တရာမထေရ်သည် တန်လောက်ပြီဟု သပိတ်ကို ပိတ်တော်မူလေသည်။

''အရှင်ဘုရား တစ်ယောက်စာအဖို့သာရှိသော ထမင်းကို နှစ်ယောက်စာခွဲခြင်းငှာ မသင့်ပါဘုရား၊ ဤပစ္စုပ္ပန်လောကဖြင့် မချီးမြှောက်ဘဲ တမလွန်လောကဖြင့် ချီးမြှောက်တော်မူပါဘုရား''

ပုဏ္ဏမယားသည် ဤသို့လျှောက်ထားပြီးလျှင် ဆွမ်းကို အကုန်လောင်းလှူသည်။

''အရှင်ဘုရားတို့ သိမြင်ရသောတရားတော်မြတ် နိဗ္ဗာန်ဓာတ်ကို သိမြင်ရသောအဖို့ရှိသည် ဖြစ်ရပါလို၏ဘုရား''

ရှင်သာရိပုတ္တရာမထေရ်မြတ်ကလည်း ''ဤတောင်းသည့်ဆု အပေါင်းပြည့်စေ'' ဟု ဆုပေးလေသည်။

ပုဏ္ဏားမယားသည်လည်း အိမ်သို့ပြန်ကာ ဆန်ကိုရှာ၍ ထမင်းချက်ပြန်လေသည်။ မောင်ပုဏ္ဏသည် မျိုးတစ်ဆယ့်တစ်တင်းကြဲလိုက်သော

www.dhammaransi.com



ယာ၏ထက်ဝန်းကျင်မှုသောအရပ်ကို ထွန်ပြီးလျှင် ထမင်းဆာမွတ်ခြင်းကို သည်းမခံနိုင်သောကြောင့် နွားတို့ကို ထမ်းပိုးမှ ဖြုတ်လွှတ်လိုက်သည်၊ မိမိလည်း သစ်ပင်ရိပ်သို့ဝင်ကာ ဇနီးမယားလာလမ်းကို မျှော်၍ထိုင်နေသည်။

ထိုအခါ ပုဏ္ဏ၏မယားသည် ထမင်းအသစ်ချက်ပြီး၍ ယူလာသည်။ သစ်ပင်ရိပ်တွင်ထိုင်၍ မိမိကိုမျှော်နေသည်ကို မြင်လျှင် ဤသို့ ကြံစည်စိတ်ကူးမိလေသည်။

''ကိုပုဏ္ဏသည် ထမင်းဆာလောင်ဟန်တူသည်။ ထမင်းပို့ အလွန်နောက်ကျသည်ဟုဆိုကာ ငါ့ကို ကြိမ်းမောင်းငေါက်ငမ်းလျှင် နှင်တံဖြင့် အကယ်၍ရိုက်နက်ငြားအံ့၊ ငါ၏ ပြုသမျှ ကုသိုလ်အဝဝသည် အကျိုးမဲ့ ဖြစ်ရာ၏။ စောစောပင် ထိုပုဏ္ဏကို ကုသိုလ်ပြုကြောင်း တင်ကြို၍ပြောထားအံ့''

ထိုသို့ကြံစည်စိတ်ကူးမိလျှင် ပုဏ္ဏအနီးရောက်လျှင် တောင်းကိုချ ရင်း -

''ကိုပုဏ္ဏရေ ယနေ့တစ်ရက်အဖို့ စိတ်ကိုကြည်လင်စွာနေပါ။ ကျွန်မသည် နံနက်စောစောကပင်လျှင် ချစ်လင်ကိုပုဏ္ဏအတွက် ထမင်းပို့ ထွက်လာစဉ် လမ်းခရီး၌ ဓမ္မသေနာပတိ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ဖူးမြင်ရ၍ ကိုပုဏ္ဏအတွက်ချက်လာသော ထမင်းကို အကုန်လောင်း လှူလိုက်ပါသည်။ အိမ်သို့ပြန်၍ တစ်ဖန်ထမင်းချက်နေရသောကြောင့် နေမြင့်နေရခြင်းပင် ဖြစ်ပါသည်။ သို့အတွက် ကိုပုဏ္ဏ ကျွန်မကို စိတ်မဆိုးဘဲ စိတ်ကြည်လင်စွာထား၍ သာဓုခေါ်ပါ''

''ရှင်မ သင်သည် ကောင်းသောအမှုကို ပြုခြင်းဖြစ်သည်၊ ငါ့ အတွက် ထမင်းကို ရှင်သာရိပုတ္တရာမထေရ်မြတ်အား လှူလိုက်ခြင်းသည် ကောင်းသောအမှုကို ပြုခြင်းဖြစ်သည်။ ငါသည်ပင် နံနက်က ဒန်ပူနှင့် သောက်ရေကို လှူလိုက်သေးသည်''

www.dhammaransi.com



မောင်ပုဏ္ဏသည် မိမိအတွက် ထမင်းကို ရှင်သာရိပုတ္တရာကို လှူလိုက်သည်ဟူသောစကားကို ဝမ်းမြောက်ဝမ်းသာဖြစ်လျက် မယားပို့လာသော ထမင်းအသစ်ကို စားသောက်လေသည်။

ထမင်းစားသောက်ပြီးသောအခါ ပင်ပန်း၍ မယား၏ရင်ခွင်ပေါ်တွင် ဦးခေါင်းတင်ကာ ခဏနားရင်း အိပ်ပျော်သွားလေသည်။

ထိုအချိန်မှာပင် မောင်ပုဏ္ဏ ထွန်ယက်ထားခဲ့သော လယ်၌ မြေစိုင်မြေခဲအားလုံးတို့သည် နီသောရွှေဖြစ်ကာ မဟာလေ့ကားပွင့်ပမာ တင့်တယ်စွာ တည်နေလေသည်။

မောင်ပုဏ္ဏသည် မကြာခင်အိပ်ရာမှနိုးပြီး လယ်ကွက်ကို လှမ်းကြည့်မိသည်။ ထွန်စိုင်ထွန်ခဲအားလုံးသည် ရွှေစိုင်ရွှေခဲများ ဖြစ်နေသည်ကို တအံ့တသြ တွေ့ရသည်။ မယုံကြည်နိုင်၍ အပြန်အလှန် ကြည့်သည်။

"ရှင်မ ငါတို့လယ်ကွက်ထဲမှ မြေစိုင်မြေခဲများကို ရွှေစိုင်ရွှေခဲများဟု ငါ့မျက်စိထဲတွင် မြင်နေမိ၏"

"ကျွန်မလည်း ကိုပုဏ္ဏမြင်သလို ရွှေတွေသာ မြင်နေပါသည်"

မောင်ပုဏ္ဏသည် ချက်ချင်းထသွားကာ တစ်ခုသောမြေစိုင်ခဲကို ကောက်ယူပြီး ထွန်းဦးတုံး၌ ထုနှက်ကြည့်သောအခါ ရွှေအစစ် ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရလေသည်။

"သြော် အံ့ဖွယ်ရှိစွတကား၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာမထေရ်ကို လှူဒါန်းရသော ဒါနကုသိုလ်သည် ယနေ့ပင် အကျိုးအာနိသင်ကို ထင်ရှားစွာ ပြလေသည်။ ဤမျှများပြားသော ရွှေတို့ကို ဖုံးကွယ်၍လည်း ရမည် မဟုတ်"

ဤသို့ဆိုပြီးလျှင် မိမိမယားယူဆောင်လာသော ထမင်းတောင်းနှင့်အပြည့် ရွှေများကို ထည့်ပြီးလျှင် ဘုရင်ဗိမ္ဗိသာရနန်းတော်သို့ သွားရောက်ပြီး မင်းကြီးထံ ဝင်ရောက်ခစားရှိခိုးလေသည်။

www.dhammaransi.com



''အဂေါင်ယောက်ျား အဘယ်အလို့ငှာ လာရောက်ခဲ့စားပါသနည်း''

''အရှင်မင်းကြီး ယနေ့ ကျွန်တော်မျိုး လယ်တွန်ရာဌာန အလုံးစုံသော မြေစိုင်မြေခဲဟူသမျှသည် ရွှေစုရွှေပုံဖြစ်လျက် တည်နေပါသည်၊ ထိုရွှေများကို ယူဆောင်ခြင်းငှာ အရှင်မင်းကြီးထံ ဝင်ရောက်ခစားပါသည် ဘုရား''

''အသင်ကား မည်သူနည်း''

''အကျွန်ုပ်ကား ပုဏ္ဏအမည်ရှိသောသူပါ အရှင်မင်းကြီး''

''သင်ယနေ့ အဘယ်ကုသိုလ်ကောင်းမှုပြုပါသနည်း''

''ကျွန်တော်မျိုးသည် တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာကို နံနက်စောစော ဒန်ပူမျက်နှာသစ်ရေကို လှူပါသည်၊ ကျွန်တော်မျိုး၏ မယားသည်လည်း ကျွန်တော်မျိုးစားရန်အတွက် ချက်လာသော ထမင်းကို ထိုရှင်သာရိပုတ္တရာမထေရ်ကိုပင် လှူခဲ့ပါသည် ဘုရား''

''အို အချင်းတို့ တရားစစ်မှူးဖြစ်သော ရှင်သာရိပုတ္တရာကို လှူရသော အလှူဒါနသည် ယနေ့သည်ပင်လျှင် အကျိုးကိုပြပေသည် တကား''

ဗိမ္ဗိသာရမင်းကြီးသည် ဤသို့မိန့်ကြားပြီး မောင်ပုဏ္ဏကို ဆက်မေးလေသည်။

''မောင်မင်း–အဘယ်သို့ပြုမည်နည်း''

''များစွာသော အထောင်မျှသော လှည်းတို့ကိုစေလွှတ်၍ ရွှေတို့ကို သယ်ယူစေလိုပါသည် ဘုရား''

မင်းကြီးသည် မင်းချင်းတို့ကိုခေါ်၍ လှည်းတို့ကို စီရင်စေကာ ရွှေများကို သယ်ယူစေလေသည်။

''ဤရွှေများက မင်းကြီး၏ဥစ္စာတည်း''

www.dhammaransi.com



မင်းချင်းတို့သည် ဤသို့ရေတွက်၍ ရွှေများကိုယူကြသည် ရှိသော် ယူတိုင်းယူတိုင်းသော ရွှေတို့ဘည် မြေစိုင်မြေခဲမျှသာ ဖြစ်ကြကုန်သည်။ ယင်းမင်းချင်းတို့သည် ထိုအဖြစ်အပျက်ကို မင်းကြီးထံပြန်၍ လျှောက်ထားကြသည်။

"အချင်းတို့ သင်တို့အဘယ်တို့ဆို၍ ယူသနည်း"

"အရှင်မင်းကြီး၏ဥစ္စာတည်းဟုဆိုကာ ယူကြပါသည် ဘုရား"

"ထိုသို့ဆိုမူ သင်တို့သည်ပြန်သွားကြကုန်၊ မောင်ပုဏ္ဏာဥစ္စာတည်း ဟုဆိုကာ ယူကြကုန်လော့"

မင်းချင်းတို့သည် တစ်ဖန်ပြန်လာပြီး မင်းကြီးမှာသည့်အတိုင်း "မောင်ပုဏ္ဏာ၏ဥစ္စာတည်း" ဟုဆို၍ယူကြရာ အားလုံး ရွှေချည်းပင် ဖြစ်လေသည်။

ယင်းမင်းချင်းတို့သည် လှည်းတစ်ထောင်တို့ဖြင့် ရွှေများကို သယ်ယူကြပြီး မင်းရင်ပြင်၌စုပုံထားကြရာ ရွှေပုံသည် အတောင်ရှစ်ဆယ်မျှ မြင့်လာလေသည်။

မင်းကြီးသည် မြို့သူမြို့သားအားလုံးကို မင်းရင်ပြင်၌ စုဝေးစေသည်။ မြို့သူမြို့သားအပေါင်းတို့သည်လည်း မောင်ပုဏ္ဏာ၏ ကုသိုလ်ကံ အကျိုးကြီးမားပုံကို တအံ့တဩ ပြောဆိုဆွေးနွေးကြလေသည်။

မင်းကြီးသည် လူထုစုဝေးရာမင်းရင်ပြင်သို့ ကြွရောက်လာပြီး ပြည်သူတို့ကို အဆုံးအဖြတ်ပေးစေသည်။

"ဤမြို့၌ တစ်ဦးတစ်ယောက်သောသူအား ဤမျှအတိုင်း အတာရှိသော ရွှေများ ရှိကြပါသလော"

"အရှင်မင်းကြီး မရှိပါ"

"မောင်ပုဏ္ဏာကို ဘယ်အရာပေးထိုက်ပါသနည်း"

"အရှင်မင်းကြီး သူဌေးတို့ဆောင်းသောထီးကို ပေးထိုက်ပါသည်"

www.dhammaransi.com



"ဤမောင်ပုဏ္ဏ၏အမည်ကို ယနေ့မှစ၍ မဟာဓနသူဌေးဟူသော ဘွဲ့အမည်သစ် ဖြစ်စေလော့"

ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် ပြည်သူများရှေ့တွင် မောင်ပုဏ္ဏကို သူဌေးဘွဲ့အသစ် အမည်ပေးပြီးနောက် သူဌေးတို့သာ ဆောင်းရသော ထီးဖြူနှင့်တကွ စည်းစိမ်တို့ကိုပါ ပေးအပ်လေသည်။

မောင်ပုဏ္ဏသည် ဘုရင်ပေးအပ်သော သူဌေးဘွဲ့နှင့်ထီးဖြူကို လက်ခံယူရင်း ဤသို့လျှောက်ထားလေသည်။

"အရှင်မင်းကြီး ကျွန်ုပ်တို့သည် ဤမျှလောက်သော ကာလပတ်လုံး သူတစ်ပါးတို့၏အိမ်နောက်ဖေး၌ နေခဲ့ရပါသည်။ ကျွန်ုပ်တို့အား နေထိုင်စရာ နေရာ မရှိပါဘုရား"

ဘုရင်က ရှေးသူဌေးဟောင်းတစ်ဦး၏ အိမ်နေရာဌာနကို ပေးလိုက်သည်။

ပုဏ္ဏသူဌေးသည် ထိုနေရာတွင် အိမ်သစ်ယာသစ်ကို အမြန်ဆောက်လုပ်ပြီး အိမ်တက်မင်္ဂလာနှင့် ထီးဆောင်းမင်္ဂလာတို့ကို တစ်ပြိုင်တည်း ပြုလုပ်လေသည်။

ဘုရားအမှူးရှိသော သံဃာတော်တို့ကိုလည်း ခုနစ်ရက်ပတ်လုံး အလှူဒါနပြုလေသည်။ ဘုရားရှင်သည် မဟာဓနပုဏ္ဏသူဌေးကို ဆွမ်းအနုမောဒနာတရား ဟောတော်မူရာ တရားတော်အဆုံး၌ ပုဏ္ဏသူဌေး၊ ဇနီးနှင့် သမီးဥတ္တရာတို့သည် သောတာပန် တည်ကြလေသည်။

အချိန်ကာလအတန်ကြာလေသော် မောင်ပုဏ္ဏ၏ မူလအလုပ်ရှင် သူဌေးဖြစ်သော ရာဇဂြိုဟ်သူဌေးသည် ပုဏ္ဏ၏သမီး ဥတ္တရာကို မိမိသားနှင့် လက်ထပ်ပေးရန် တောင်းရမ်းလေသည်။

ပုဏ္ဏသူဌေးသည် ရာဇဂြိုဟ်သူဌေးသည် မူလအလုပ်ရှင် ဖြစ်သော်လည်း ဘာသာအယူဝါဒမတူသည့်အတွက် သမီးကို ရာဇဂြိုဟ်သူဌေးသားနှင့် မပေးစားလို၍ ငြင်းဆိုခဲ့သည်။

www.dhammaransi.com



သူဌေးဖင်းသည်ကား မိစ္ဆာဒိဋ္ဌိအယူကို ယူကြသူတို့တည်း ကျွန်ုပ်သမီးကား ရတနာသုံးပါးနှင့်ကင်း၍နေခြင်းငှာ မစွမ်းနိုင်ပါ။ သို့အတွက် ကျွန်ုပ်၏သမီးကို ပေးစွမ်းခြင်းငှာ မထိုက်ပါဟု ပြော၏။

များစွာသော ရာဇဂြိုဟ်ရှိ သူဌေးအစရှိကုန်သော အမျိုးကောင်းသားတို့သည် ပုဏ္ဏအိမ်သို့လာကြပြီးလျှင် အမျိုးမျိုးပြောဆိုကာ နားချကြလေသည်။

ပုဏ္ဏသူဌေးသည် ထိုသူဌေးအမျိုးကောင်းသားတို့၏ တိုက်တွန်းနှိုးဆော်ချက်ကို ဝန်ခံပြီးလျှင် ဝါဆိုလပြည့်နေ့၌ သမီး ဥတ္တရာကို ရာဇဂြိုဟ်သူဌေးသားနှင့် လက်ထပ်ပေးလိုက်သည်။

ဥတ္တရာသည် ခင်ပွန်းယောကျ်ားအိမ်သို့ လိုက်နေရသော အချိန်ကာလမှစ၍ ရဟန်းများကိုလည်းကောင်း၊ ရဟန်းမများကို လည်းကောင်း ဆည်းကပ်ပေးကမ်းလှူဒါန်းခြင်းဖြင့် တရားနာခြင်း စသော ဒါနသီလအခွင့်အရေးများ မရတော့ချေ။ သို့အတွက် ဥတ္တရာသည် အလွန်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲစွာနှင့်ပင် ခင်ပွန်းအိမ်၌ နေထိုင်ရလေသည်။

ဤသို့ဆင်းရဲငြိုငြင်စွာနေ၍ နှစ်လခွဲကြာသော နေ့တစ်နေ့တွင် ဥတ္တရာသည် မိမိအနီး၌ ရှိနေသော အခြွေအရံအမျိုးသမီးတစ်ဦးကို ဤသို့မေးမိသည်။

"အချင်း ယခုအခါ ဝါတွင်းကာလ ရက်မည်မျှ ကျန်ပါသေးသလဲ"

"အရှင်မ တစ်လ၏ ထက်ဝက် (၁၅) ရက်မျှ ကျန်ပါသေးသည်"

ထိုစကားကိုကြားရပြီးနောက် ဥတ္တရာသည် မိဘတို့ စာတမန်သတင်းစကားကို ပို့လေသည်။

"မွေးသမိခင် မွေးသဖခင် ကျေးဇူးရှင်တို့ အကျွန်ုပ်အား ဤကဲ့သို့ ကျဉ်းကျပ်လှစွာသော နှောင်အိမ်အတွင်းသို့ အဘယ်ကြောင့် သွတ်

www.dhammaransi.com



သွင်းထားပါသနည်း။ ကျေးဇူးရှင်မိဘတို့သည် သမီးကို သံပူတံဆိပ်ခပ်နှိပ်၍ သူတစ်ပါးကျွန်အဖြစ် ကြေညာလိုက်ခြင်းက ပိုကောင်းပါမည်။ ဤသို့သဘောရှိသော မိစ္ဆာအယူရှိသော အမျိုး၏အချိန်မှစ၍ ယနေ့ထက်တိုင်အောင် ရဟန်း သံဃာတို့ကိုလည်း မဖူးတွေ့ရ ကုသိုလ်ကောင်းမှုလည်း မပြုရ ဖြစ်နေရပါသည်။ သို့အတွက် သမီးအလွန်စိတ်ဆင်းရဲနေရပါသည် မိဘတို့ရှင် ''

ထိုစကားကို ဥတ္တရာ၏မိဘတို့ ဖတ်သိရသောအခါ ငါ၏ သမီးသည်ကား ဆင်းရဲစွတကားဟု စိတ်နှလုံးမချမ်းမသာ ခံစားရလေသည်။

ထို့နောက် ပုဏ္ဏသူဌေးသည် အောက်ပါစာနှင့် ငွေအသပြာတစ်သောင်းငါးထောင်တို့ကို သမီးထံပို့ပေးလေသည်။

''ချစ်သမီး ဤရာဇဂြိုဟ်ပြည်၌ သီရိမာမည်သော ပြည့်တန်ဆာမတစ်ဦး ရှိသည်။ ထိုသီရိမာသည် တစ်နေ့လျှင် ကျပ်တစ်ထောင်ယူသည်။ ယခုပို့လိုက်သော အသပြာတစ်သောင်း ငါးထောင်ဖြင့် သီရိမာကို ငှားရမ်းထားပြီး သင်၏လင်ကို အပ်နှင်းထားခဲ့ပါ။ ပြီးလျှင် သမီးကိုယ်တိုင် ကြိုက်သလို ကုသိုလ်ကောင်းမှုတို့ကိုပြုပါ''

ဥတ္တရာသည် ဖခင် မှာကြားလိုက်သည့်အတိုင်း ပြုလုပ်စီရင်ဆောင်ရွက်ထားသည်။ ဥတ္တရာ၏လင်သည် ချောမောလှပသော သီရိမာကို မြင်တွေ့ရသောအခါ ဥတ္တရာကို –

''ဤသူကား မည်သူနည်း'' ဟု မေးလေသည်။ ဥတ္တရာက–

''အရှင်သား ဤမိန်းမကား ကျွန်မ၏ မိတ်ဆွေပါတည်း။ အရှင်တို့အား လခွဲ (၁၅) ရက်တိုင်တိုင် ခစားလုပ်ကျွေးစေရန် ရည်ရွယ်ပြီး ခေါ်လာခဲ့ပါသည်။ ကျွန်မသည် (၁၅) ရက်တိုင်တိုင် လှူဒါန်းမှုကိုပြုပါမည်။ တရားတော်ကိုလည်း နာကြားလိုပါသည်။ ထိုကိစ္စကို အရှင်သား ခွင့်ပြုစေချင်ပါသည်''

www.dhammaransi.com



ဥတ္တရာ၏ခင်ပွန်းသည် ရုပ်အဆင်းတင့်တယ်ချောမောသော သီရိမာကို တွေ့မြင်ကတည်းက ကြိုက်နှစ်သက်သောစိတ် ရှိနေစဉ်ဖြစ်၍ ဥတ္တရာ၏အစီအစဉ်ကို ကောင်းစွာလက်ခံလေသည်။

ဥတ္တရာသည် လင်ထံမှ ခွင့်ပြုချက်ရသောအခါ ဘုရားအမှူး ရှိသော ရဟန်းသံဃာအပေါင်းကို–

''ဤ (၁၅) ရက် လဝက်အတွင်း၌ အခြားသောအရပ်သို့ ကြွတော်မမူဘဲ ဤအိမ်၌သာ ဆွမ်းခံတော်မူပါဘုရား''ဟု ပင့်ဖိတ်လျှောက် ထားလေသည်။

ဘုရားရှင်ကလည်း လက်ခံတော်မူလေသည်။

''ယခုအခါ ဤနေ့မှစ၍ အကြင်မျှလောက်သော ကာလပတ်လုံး သီတင်းကျွတ်လပြည့် ပဝါရဏာနေ့သည်ရှိသည်။ ငါသည် ဤနေ့အထိ ဘုရားရှင်ကို ပြုစုလုပ်ကျွေးခွင့်ကို ရပေပြီ''

ဥတ္တရာသည် ဝမ်းမြောက်ဝမ်းသာသောစိတ်ဖြင့် မီးဖိုချောင်သို့ ကိုယ်တိုင်ဝင်ကြီးကြပ်ပြီး ဆွမ်းယာဂုကို ချက်ပြုတ်လေသည်။

သီတင်းကျွတ်လဆန်း (၁၄) ရက် ပဝါရဏာအဖိတ်နေ့ ဖြစ် သည်။ ဥတ္တရာ၏ခင်ပွန်းသည် နက်ဖြန်ပဝါရဏာနေ့ဘဲ အမိုက်မဥတ္တရာ သည် ဘာတွေများလုပ်နေပါလိမ့်မလဲ ဟုတွေးပြီး မိမိ အဆောင်လေသာ ပြတင်းမှ မီးဖိုချောင်အဆောင်သို့ ကြည့်လေသည်။

ချွေးတစိုစို ပြာတလူးလူး မီးသွေးများနှင့်ပေကျံနေပြီး အစစ အရာရာကို လှည့်လှည့်စီမံကွပ်ကဲနေသော ဥတ္တရာကို မြင်လေသည်။

''အမိုက်မဥတ္တရာသည် ဤသို့သောအရပ်ဌာန၌ အလွန်ကောင်း မြတ်သော စည်းစိမ်ချမ်းသာကို မခံစားဘဲ ဦးပြည်းကတုံး ရဟန်းများကို သာ ပြုစုလုပ်ကျွေးနေအံ့ဟု စိတ်ဝင်ကာ သွားလာလှုပ်ရှားနေသည်''

ဤသို့ဆိုပြီး ပြုံးရယ်လျက် ဖယ်သွားလေသည်။

www.dhammaransi.com



သူဌေးသား ဖယ်ခွာသွားသည်ရှိသော် ဘူဌေးသားအနီး၌ ရှိသော သီရိမာသည် -

"ဤသူဌေးသားသည် အဘယ်သို့ကြည့်၍ ပြုံးပါသနည်း"

ဤသို့စဉ်းစားမိပြီး သူဌေးသားကြည့်သော လေသာပြတင်းမှ အပြင်သို့ ကြည့်သည်။ မီးဖိုချောင်၌ စိပ်ကွပ်ကဲနေသော ဥတ္တရာကို တွေ့မြင်ရလေသည်။

သူဌေးသားသည် ဥတ္တရာကိုကြည့်ကာ ပြုံးခြင်းဖြစ်မည်။ သူဌေးသားသည် ဥတ္တရာနှင့်ပေါင်းဖော်လိုခြင်း ရှိနေသည်ဖြစ်ရမည်။

ဤသို့စိတ်ကူးပြီး စိတ်မချမ်းမသာ မနာလိုဝန်တိုစိတ် တဖွားဖွား ပေါ်လာလေသည်။

သီရိမာသည် (၁၅) ရက်မျှ အခကြေးငွေနှင့်လာနေရသော အငှားမယားဖြစ်သော်လည်း သူဌေးသား၏ပြုမူပုံအပေါ် ပြတ်နိုးကြင်နာမှု၊ စည်းစိမ်ဥစ္စာခံစားရမှုတို့ကို ကျေနပ်နှစ်သိမ့်ပြီး မိမိ၏ဘဝမှန်ကို မေ့နေလေသည်။ မိမိသည်သာ အိမ်ရှင်မဟု ထင်နေသည်။ သို့အတွက် ဥတ္တရာကို မနာလိုဝန်တိုစိတ်ဖြစ်ကာ ရန်ငြိုးဖွဲ့ထားလေသည်။

"ဥတ္တရာကို မချမ်းမသာဖြစ်စေအံ့"

ဤသို့စိတ်ကူးပြီး ပြသာဒ်ထက်မှဆင်းသက်၍ စားဖိုဆောင်သို့ ဝင်လာခဲ့လေသည်။ စားဖိုဆောင်မှန့်ကြော်နေရာမှ ကျိုက်ကျိုက်ဆူနေသော ထောပတ်ပူကို ဇွန်းယောက်ချိုဖြင့် ခပ်ယူပြီးလျှင် ဥတ္တရာ ရှိရာသို့ လာခဲ့လေသည်။

ဥတ္တရာသည် မနာလိုဝန်တိုစိတ်ထားမျက်နှာ အသွင် အပြင်ဖြင့် ထောပတ်ပူဖြင့် လောင်းရန်လာနေသော သီရိမာကို မြင်တွေ့ရသောအခါ ဤသို့မေတ္တာစိတ်ကို ဖြန့်ကျက်ထားလျက် ရှိလေသည်။

"ငါ၏သူငယ်ချင်းသီရိမာသည် ငါ့အား ကျေးဇူးများလှ၏။ စကြဝဠာသည်လည်း အလွန်ကျဉ်းသေး၏။ ဗြဟ္မာပြည်သည်လည်း အလွန်နိမ့်

www.dhammaransi.com



ရှိနေသေး၏။ ငါ့သူငယ်ချင်း သီရိမာ၏ဂုဏ်ကျေးဇူးသည်ကား အလွန်ကြီးမား များပြားဘိ၏။ ငါသည် သီရိမာကို အမှီပြု၍ လှူဒါန်းခွင့် တရားနာခွင့်ရခဲ့သည်။ အကယ်၍ ငါသည် သီရိမာအပေါ် အမျက်ထွက်ခဲ့သည်ဖြစ်အံ့။ ဤထောပတ်သည် ငါ့ကို ပူလောင်ပါစေသတည်း။ အကယ်၍ အမျက်မထွက်သည်ဖြစ်အံ့၊ ဤထောပတ်သည် မပူမလောင် အေးမြပါစေသတည်း''

ဤသို့ ဥတ္တရာသည် သီရိမာအပေါ် မေတ္တာမိုးရွာသွန်း ဖြိုးနေစဉ် သီရိမာသည် ထောပတ်ပူတို့ဖြင့် ဥတ္တရာ၏ဦးခေါင်းထက်၌ သွန်းလောင်းချလိုက်လေသည်။

ဥတ္တရာ၏မှန်ကန်သော မေတ္တာတန်ခိုးကြောင့် ကျိုက်ကျိုက်ဆူနေသော ထောပတ်ပူသည် ရေခဲပမာ အေးမြစွာနှင့်ပင် ဥတ္တရာ၏ဦးခေါင်း၌ ကျလေသည်။

ထိုအခါ သီရိမာသည် ဤထောပတ်သည် လမ်းတွင် အေးသွားသည်ဖြစ်လတ့်ဟု စိတ်ကူးပြီး တစ်ဖန် ထောပတ်ပူကို ကပျာကယာသွားယူပြီး ဥတ္တရာကိုလောင်းရန် ကြိုးစားပြန်လေသည်။

ထိုအဖြစ်အပျက်ကို တအံ့တသြ တွေ့မြင်ကြရသော ဥတ္တရာ၏ ကျွန်မတို့သည် သီရိမာထံ အပြေးအလွှားလာကြကာ -

''ဟယ် အဆုံးမခက်သောမိတ်ဆွေဖျက်မ၊ နင်သည် ငါတို့ အရှင်မ၏ ဦးခေါင်းထက်၌ ကျိုက်ကျိုက်ဆူနေသော ထောပတ်ပူကို လောင်းလိုက်သလော'' ဟု ဝိုင်းဝန်းပြောဆို ကြိမ်းမောင်းဟန့်တားကြပြီး လက်ခြေတို့ဖြင့် ဝိုင်းဝန်းရိုက်နှက်ကြလေသည်။ သီရိမာသည် ကျွန်မများ ဝိုင်းရိုက်သောဒဏ်ဖြင့် မြေ၌လဲကျကာ လူးလိမ့်ခံနေရလေသည်။

''ဟဲ့ ငါ၏ချစ်ဆွေမကို ဤသို့မပြုလုပ်ကြကုန်လင့်'' ဟု သီရိမာကို မရိုက်မနှက်ရန် ဥတ္တရာကတားသော်လည်း တားမြစ်ချိန် မရလိုက်တော့ချေ။

ထိုအခါ ဥတ္တရာသည် သီရိမာအပေါ်၌ ရပ်တည်နေပြီး ကျွန်မတို့ကို ဆက်လက်မရိုက်နှက်ရန် တားမြစ်လေသည်။ သီရိမာကိုလည်း မိမိကိုယ်တိုင် ထူပွေ့ပြီး ရေနွေးဖြင့် ရေချိုးပေးလေသည်။

''သီရိမာ သင်သည် အဘယ်ကြောင့် ဤသို့သဘောရှိသော ကြီးလေးသောအပြစ်ကို ကျူးလွန်ရပါသလဲ'' ဟု ချိုသာသောနူးညံ့သော အသံဖြင့် ပြောဆိုဆုံးမပြီး အကြွမ်တစ်ရာချက်ပြီးသော ဆီဖြင့် လိမ်းကျံပေးလေသည်။

ထိုအခါကျမှ သီရိမာသည် မိမိသည် ပြင်ပမှအခယူ၍ နေသော အငှားမယားဖြစ်သည်ကို သတိရပြီး ဤသို့စဉ်းစားမိလေသည်။

''ငါသည် ကြီးလေးသောအပြစ်ကို ပြုလုပ်ကျူးလွန်မိချေ၏။ လင်ယောက်ျားဖြစ်သူ၏ ပြုံးရယ်ခြင်းအမှုကို အကြောင်းပြုကာ ဤဥတ္တရာအပေါ်၌ ကျိုက်ကျိုက်ဆူသော ထောပတ်ပူကိုလောင်းမိသော ငါ့ကို ဥတ္တရာသည် သီရိမာကိုဖမ်းကြလော့ ဟုပစေခိုင်းသည့်အပြင် ငါ့ကို ကျွန်မတို့ ရိုက်နှက်နှိပ်စက်သောအခါ၌လည်း တားမြစ်ကယ်တင်ခဲ့သည်။ ယုယုယယကြင်ကြင်နာနာလည်း ပြုစုပေးသည်။ ငါသည် ဥတ္တရာကို တောင်းပန်ဝန်ချ သည်းခံမှုကို အကယ်၍မပြုစေငြားအံ့၊ ငါ၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲလတ့်''

သီရိမာသည် ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်လျက် ဥတ္တရာ၏ ခြေရင်း၌ ဝပ်စင်းလျက် ကန်တော့တောင်းပန်လေသည်။

''အရှင်မ ကျွန်တော်မ၏ အပြစ်ကိုသည်းခံပါလော့''

''ငါသည်ကား ဖခင်ရှိသောသမီးတည်း၊ ငါ၏ဖခင်ကို ကန်တော့သည်ရှိသော် ငါကျေနပ်ပါ၏''

''အရှင်မ ရှိပါစေ၊ အရှင်မ၏ဖခင် ပုဏ္ဏသူဌေးကိုလည်း ကျွန်တော်မ ကန်တော့ပါ၏''

www.dhammaransi.com



''ငါ၏အဖ ပုဏ္ဏသူဌေးသည်ကား ဝဋ်ဆင်းရဲဖြစ်စေတတ်သော ဖခင်တည်း၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော ဖခင်ကိုကန်တော့မှ သာလျှင် ငါကျေနပ်မည်''

''အရှင်မ၏ ဝဋ်ဆင်းရဲမှလွတ်မြောက်စေတတ်သော ဖခင်ကား မည်သူနည်း''

''ငါ၏ ဝဋ်ဆင်းရဲမှလွတ်မြောက်စေတတ်သော ဖခင်ကား သတ္တာသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ပင်တည်း''

''အရှင်မ၏ဖခင် ဘုရားသခင်နှင့် ကျွန်တော်မသည် အကျွမ်းဝင်ခြင်း မရှိပါ၊ အဘယ်သို့ ပြုလုပ်ရပါမည်နည်း''

''ဘုရားရှင်သည် နက်ဖြန်နံနက်တွင် ရဟန်းသံဃာများနှင့်အတူ ဤနေရာသို့ကြွလာလိမ့်မည်။ သင်သည်ရနိုင်သော ပူဇော်ဖွယ်တို့ကို ယူဆောင်၍ ဤနေရာ၌ပင် လာ၍ ဘုရားရှင်ကို ကန်တော့ပါလော့''

''အရှင်မ ကောင်းပါပြီ၊ ကန်တော့ပါမည်''

သီရိမာသည် မိမိအိမ်သို့ပြန်ပြီး ငါးရာသောအလုပ် အကျွေးမိန်းများကို အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ကို ချက်ပြုတ်စေသည်။

မိုးသောက်သောအခါ ထိုစီမံထားသော ပူဇော်ဖွယ်ရာတို့ကိုယူပြီး ဥတ္တရာအိမ်သို့ လာခဲ့လေသည်။ ဘုရားအမှူးရှိသော သံဃာပေါင်း၏ သပိတ်၌ ထည့်လောင်းခြင်းငှာ မဝံ့သည်ဖြစ်၍ ရပ်တည်လျက်နေစဉ် ဥတ္တရာသည် ထိုလှူဖွယ်ရာများကို ယူဆောင်ပြီး စီစဉ်လှူဒါန်းပေးလေသည်။

ဘုရားရှင် ဆွမ်းဘုဉ်းပေးတော်မူခြင်းကိစ္စ ပြီးတော်မူသောအခါ သီရိမာသည် အခြွေအရံမိန်းမငါးရာနှင့်တကွ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းလျက်နေလေသည်။

ထိုအခါ သီရိမာကို ဘုရားရှင်က -

''သင့်အား အဘယ်အပြစ်ရှိသနည်း'' မေးတော်မူသည်။

www.dhammaransi.com



''တပည့်တော်မသည် ယမန်နေ့က အရှင်မဥတ္တရာကို ကျိုက်ကျိုက်ဆူနေသော ထောပတ်ပူဖြင့် လောင်းခြင်းအမှုကို ပြုလုပ်မိပါသည်။ ထိုအချိန်အခါက တပည့်တော်မ၏ မိတ်ဆွေ ဥတ္တရာသည် တပည့်တော်မကို ညှင်းပန်းနှိပ်စက်ကြသော ကျွန်မတို့ကို ဖယ်ရှားတားဆီးလျက် တပည့်တော်မ၏ ကျေးဇူးရှင်ပီသစွာ ချမ်းသာမှုကိုရအောင် လုပ်ဆောင်ကယ်တင်ခဲ့ပါ၏။ တပည့်တော်မသည် ဥတ္တရာ၏ဂုဏ်ကျေးဇူးကို အထူးသိတတ်စွာ ဥတ္တရာကို တောင်းပန်ကန်တော့သောအခါ ဥတ္တရာသည် အရှင်ဘုရားတို့အား တောင်းပန်ကန်တော့ဝန်ချမှသာ ကျေနပ်နိုင်အံ့ဟုဆိုပါသည်ဘုရား''

''ချစ်သမီးဥတ္တရာ သိရိမာ ဤသို့ပြောသည့်အတိုင်း မှန်ပါသလော''

''မှန်ပါသည် ဘုရား''

''ချစ်သမီးဥတ္တရာ အဆွေသိရိမာက ထောပတ်ဖြင့် လောင်းသောအခါ သင်၏စိတ်မှာ မည်သို့ဖြစ်ပါသနည်း''

ထိုအခါ ဥတ္တရာသည် မိမိဖြစ်ခဲ့သောအကြံကို ဘုရားရှင်အား အလုံးစုံလျှောက်ထားပြလေသည်။

''ချစ်သမီးဥတ္တရာ ကောင်းစွ ကောင်းစွ၊ ဤကဲ့သို့ အမျက်ဒေါသကို အောင်ပွဲရခြင်းသည် သင့်တော်လှ၏''

''အမျက်ဒေါသ ခြောင်းခြောင်းထခြင်းမည်သည်ကို မေတ္တာလက်နက်ဖြင့်၊ တစ်ဖန် အမျက်မထွက်ခြင်းဖြင့် အောင်နိုင်ရာ၏''

''ဆဲရေးသောသူကို ချိုသာစွာပြောပြီး ပြန်မဆဲရေးခြင်းဖြင့် အောင်နိုင်ရာ၏''

''ခက်ထန်ဝန်ကို နှမြောပိုသောသူကို နှမြောမရှိ မိမိဥစ္စာကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏''

''မဟုတ်မမှန်ပြောသောသူကို မှန်ကန်သောစကား ပြောသောအားဖြင့် အောင်နိုင်ရာ၏''

www.dhammaransi.com



ဘုရားရှင်သည် ထိုသို့ဆုံးမပြီးနောက် သစ္စာလေးပါး တရားကို ဆက်လက်ဟောကြားတော်မူရာ တရားတော်အဆုံး၌ ဥတ္တရာသည် သကဒါဂါမိဖိုလ်တည်လေသည်၊ ဥတ္တရာ၏ခင်ပွန်း နန္ဒသည်လည်းကောင်း၊ ယောက္ခမဖြစ်သူ သူဌေးကြီးလင်မယားသည်လည်းကောင်း၊ သောတာပန် ၌ တည်လေသည်။

ဥတ္တရာကို နောင်တွင် သူမလင်ဖြစ်သူ နန္ဒလုလင်က မိခင်ဟု ခေါ်သောကြောင့် "နန္ဒမာတာ"ဟု အမည်တွင်ခဲ့သည်။ သီရိမာနှင့်တကွ အခြွေအရံမိန်းမငါးရာတို့သည်လည်း သောတာပန် တည်ကြလေသည်။

**ခံစားရသောနတ်စည်းစိမ်**

နောင်အခါ ဥတ္တရာသည် စုတေသေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်လေသည်။

- ကြီးကျယ်ခမ်းနားသော ဘုံပြာသာဒ်နှင့်ခံစားရသည်။
- တန်ခိုးအရှိန်အဝါ အလွန်ကြီးစွာနှင့်ခံစားရသည်။

*ဥတ္တရာဝိမာနဝတ္ထု*

## ၁၀။ မာယာရှင်သီရိမာနတ်သမီး

ရာဇဂြိုဟ်ပြည်ဝယ် ဆရာဇီဝက၏နှမ သီရိမာသည် အကအခုန် ဂီတအနုသုခုမ ပညာအရာ၌ အလွန်ထင်ရှားကျော် ကြားသကဲ့သို့ ရုပ်ရည်ရူပကာယ ချောမွေ့မှု၌လည်း တုနိုင်းမရှိ ချောမွေ့လှပပါသည်။

မင်းညီမင်းသားများ၊ သူဌေးသူကြွယ်များ သူရထိုက် ငါရထိုက် ပြဿနာဖြစ်ခဲ့သည်အထိ အလှဂုဏ်၌ ကျော်ကြားခဲ့သည်။ ဘုရင် ဗိမ္ဗိသာရသည် သီရိမာကို မည်သူမျှမယူစေဘဲ တစ်ရက် ငါးစ်ထောင် အဖိုးခပေး၍ အငှားမယား ပြည့်တန်ဆာမအဖြစ် တာဝန်ပေးထားခဲ့သည်။

သီရိမာသည် ငယ်စဉ်က အလှဂုဏ်ဥစ္စာဂုဏ် အခြံအရံ ဂုဏ်တို့

www.dhammaransi.com



ဖြင့် အလှန်ပင်မော်ကြွားဝင့်ထည်ခဲ့သူ ဖြစ်ပါသည်။ ပုဏ္ဏသူဌေးသမီး ဥတ္တရာက သူ့လင်အတွက် (၁၅) ရက် အငှားမယား ငှားခဲ့ရာ သိရိမာသည် ဥတ္တရာကို ထောပတ်ပူဖြင့် လောင်းချခဲ့သည်။ ဥတ္တရာ၏မေတ္တာကြောင့် ထောပတ်ပူသည် အေးမြသွားခဲ့သည်။ သိရိမာသည် ထိုအချိန်မှစ၍ ဥတ္တရာ၏ကျေးဇူးကြောင့် ဘုရား၊ တရား၊ သံဃာကို ဆည်းကပ်ကိုးကွယ်သော ဥပါသိကာ မဖြစ်ခဲ့သည်။ ဘုရားအမှူးရှိသော သံဃာများကို ဆွမ်းအလှူ မပြတ်လှူခဲ့သည်။

ရဟန်းတို့လောကဝယ် သိရိမာ၏ဆွမ်းသည် ကောင်းမွန်အရသာရှိသလို သိရိမာ၏ အချောအလှကလည်း ရှုမဝမဆုံးရှိသည်ဟု ပြောစမှတ်တွင်ခဲ့ပါသည်။

ရဟန်းတစ်ပါးဆိုလျှင် သိရိမာ၏အလှကို ကြားကာမျှနှင့် စွဲလမ်းခဲ့သည်။ သိရိမာကို နာမကျန်းဖြစ်နေချိန်တွင် တွေ့မြင်ရသောအခါ၌ ရောဂါရနေသည့် ဤအချိန်အခါ၌ပင် ဤမျှလှနေလျှင် ရောဂါမရှိ အသားအရေပြည့်ဝသောအချိန်၌ ပြောဖွယ်ရာမရှိ၊ လှမှာပဲဟု ဆိုပြီး သိရိမာအပေါ်စွဲလမ်းကာ ဆွမ်းမစားနိုင်၊ မသောက်နိုင်ဖြစ်ခဲ့ရပါသည်။

တစ်ညနေတွင် သိရိမာသည် ထိုဖျားနာသော ရောဂါဖြင့်ပင် ကွယ်လွန်ခဲ့သည်။ ဘုရင်ဗိမ္ဗိသာရသည် ဇီဝကနှမ သိရိမာ ကွယ်လွန်ကြောင်းကို ဘုရားရှင်ထံ လာရောက်၍ လျှောက်ထားလေသည်။

ဘုရားရှင်က သိရိမာအလောင်းကို ချက်ချင်း မီးသင်္ဂြိုဟ်ဘဲ နှစ်ရက်သုံးရက်ထား၍ ခွေး၊ ကျီးတို့မစားရန် စောင့်ရှောက်ဖို့ မှာပါသည်။

လေးရက်မြောက်သောနေ့၌ ဘုရားရှင်သည် သိရိမာအလောင်းကို အသုဘရှုကြရန် ရဟန်းသံဃာများကို စုရုံးခေါ်ပြီး သုသာန်သို့ ကြွခဲ့ပါသည်။

ဘုရင်ဗိမ္ဗိသာရကလည်း ရာဇဂြိုဟ်မြို့သူမြို့သားအားလုံးကို အိမ်စောင့်မှတစ်ပါး အားလုံး သိရိမာအလောင်းကို လာရောက် အသုဘ

www.dhammaransi.com



ရှုရမည်ဟု အမိန့်တော်ထုတ်ပြန်ထားရာ ရာဇဂြိုဟ်မြို့သူ မြို့သားများသည် သီရိမာအလောင်းထားရာ သုသာန်သို့ လာရောက်အသုဘရှုကြလေသည်။

ထိုအချိန်တွင် သီရိမာအလောင်းသည် ပုပ်ပွ၍ လောက်တဖွားဖွားကျလျက် ရှိနေသည်။

ဘုရားရှင်သည် ဗိမ္ဗိသာရဘုရင်အား သီရိမာအလောင်းကို ငွေသားတစ်ထောင်ဖြင့် လေလံတင်ရောင်းချစေသည်။ မည်သူမျှ ယူမည့်သူမရှိ၍ ဈေးတစ်ဆင့်ပြီးတစ်ဆင့် လျှော့ကာ ရောင်းချသည်။ နောက်ဆုံး အလကားပေးသည်။ မည်သူမျှ ယူမည့်သူ မရှိ။

ထိုအခါ ဘုရားရှင်က

"ငါ၏ချစ်သား၊ ချစ်သမီးတို့ ကြည့်ကြကုန်လော့၊ ဤသီရိမာကား လူအများ၏ ချစ်ခင်စုံမက်နှစ်သက်မှုကိုခံရသော မာတုကာမတည်း။ ဤမြို့၌ သီရိမာ အသက်ရှင်စဉ်က တစ်နေ့လျှင် အသပြာတစ်ထောင်ပေးမှသာ ရနိုင်ကြ၏။ ယခုမူကား အဖိုးမထား အလကားပင် ပေးသော်လည်း ယူမည့်သူမရှိတော့ချေ။ စွဲလမ်းနှစ်သက်စရာ အဝတ်တန်ဆာ ဖန်းနံ့သာစသည့် အဆင်တန်ဆာတို့ဖြင့် ဆန်းကြယ်စွာ ပြုပြင်ဆင်ယင်ထားအပ်သော ဤသို့သဘောရှိသော ရုပ်နာမ်နှစ်ဝသဘာဝကား ကုန်ခမ်းပျက်စီးအံချည်းအနီးသို့ ရောက်ရချေ၏။ ကိုးပေါက်ဒွါရအမာဝတို့၏ အစွမ်းကြောင့် အနာရောဂါတို့၏ ပေါင်းစုရာဖြစ်၏။ အရိုးပေါင်းသုံးရာတို့ဖြင့် ဖွဲ့ဆက်စိုက်ထူလျက် ထိသောအခါ အမြဲကျင်နာခံခက်သော သဘောရှိ၏၊ ပညာရှားပါး လူအပေါင်းတို့သက်ဆက် အကြံမ်အခါများစွာ ကြံစည်ရာဖြစ်သော ဤခန္ဓာအတ္တဘောကြီးသည်ကား ဖြစ်ချက်-ပျက်ချည် မမြဲမတည်သည်သာတည်း "ဟု ဟောပြောဆိုဆုံးမပါသည်။

**သီရိမာနတ်သမီး**

ဘုရားရှင်တရားတော် ဟောကြားပြီးအဆုံးတွင် ရဟန်းသံဃာတော်များ ရာဇဂြိုဟ်မြို့သူမြို့သားများ၏ မျက်စိရှေ့မြင်ကွင်းမှာပင် နတ်

www.dhammaransi.com



သမီးတစ်ပါးသည် နတ်သမီးကညာငါးရာ ခြံရံလျက် နတ်ရထားတို့ဖြင့် ရောက်ရှိလာပြီး ဘုရားရှင်၏ မနီးမဝေးတွင် နတ်ရထားများမှဆင်းကာ ဘုရားရှင်ကို ရှိခိုးလျက် လက်အုပ်ချီကာ ရပ်တည်နေကြသည်ကို တွေ့ရပါသည်။

ရဟန်းသံဃာများ လူအများတို့သည် တအံ့တဩနှင့် နတ်သမီးများကို ငေးမောကြည့်ကြပါသည်။

ထိုခဏမှာပင် ကမ္ဘာလက်ဖွဲ့နွဲ့မှု၌ လျင်မြန်သော ပဋိဘာန ဉာဏ်ပညာနှင့် ပြည့်စုံသည်ဟု ထင်ရှားသော အရှင်ဝင်္ဂီသ မထေရ်သည် ဘုရားရှင်အနီးသို့ ချဉ်းကပ်ပြီး –

''ဘုန်းတော်ကြီးသော အရှင်မြတ်ဘုရား တပည့်တော်ဝင်္ဂီသ အား ဤနတ်သမီးတို့ကို အမေးပုစ္ဆာပြဿနာကို မေးခွင့်ပြုစေလိုပါသည် ဘုရား'' ဟု လျှောက်ထားလေသည်။

''ချစ်သား–ဝင်္ဂီသ သင်မေးလိုသော အမေးပုစ္ဆာပြဿနာကို မေးလော့''ဟု ခွင့်ပြုပါသည်။

အရှင်ဝင်္ဂီသသည် ခေါင်းဆောင်နတ်သမီးအနီးသို့ ကြွသွားပြီး ဤသို့မေးပါသည်။

''ကောင်းမြတ်သော အဆင်တန်ဆာအဖြာဖြာတို့ဖြင့် ပြင်ဆင်ထားသော ကိုယ်ရှိပြီး ကောင်းကင်ပြင်တွင် သွားလာနိုင်သော တဝင်းဝင်း တောက်ပြောင်သော ရထားတို့ကို စီးလျက်လာကုန်ကြသော သင်နတ်သမီး သင်သည် ဘယ်နတ်ပြည်မှလာ၍ ဘုရားရှင်ထံသို့ လာရောက်ဆည်းကပ်ပါ သနည်း''

''အရှင်မြတ်ဘုရား ကာမဂုဏ်ချမ်းသာအဖြာဖြာတို့ဖြင့် လိုရာကို လိုသလို ဖန်တီးခံစားနိုင်သော အစွမ်းသတ္တိရှိသော တပည့်တော် မသိရှိ မာ နတ်သမီးသည် နိမ္မာနရတိနတ်ပြည်မှ ဘုရားရှင်ထံသို့ လာရောက် ဆည်းကပ်ပါသည် ဘုရား''

www.dhammaransi.com



"နတ်သမီး သင်သည် ရှေးယခင် လူဖြစ်စဉ်က အဘယ်ကောင်းမှု သုစရိုက်တရားတို့ကို အားထုတ်ဆည်းပူးခဲ့ပါသနည်း။ အဘယ်ကုသိုလ်ထူးကြောင့် မရေမတွက်နိုင်များစွာသော အခြံအရံရှိသည်ဖြစ်ကာ ချမ်းသာစွာဖြင့် ကြီးပွားလျက် ဤနတ်ပြည်၌ နေထိုင်ရပါသနည်း"

"သင့်ထက်လွန်ကဲသူမရှိဘဲ ကောင်းကင်၌ သွားစွမ်းနိုင်သည့် တန်ခိုးအာနုဘော်ရှိဘိသနည်း"

"သင်၏အရောင်အဆင်းသည် အရပ်ဆယ်မျက်နှာသို့ အဘယ်ကြောင့် ဤမျှထွန်းလင်းပါသနည်း"

"သင်သည်ကား နတ်အများတို့ခြံရံအပ်သူ အရိုအသေပြုခံရသူဖြစ်ခဲ့၏၊ အဘယ်ဘဝမှစုတေ၍ ဤနိမ္မာနရတိဘုံသို့ရောက်ခဲ့ပါသနည်း"

"သင်သည် အဘယ်ဆရာ၏ ဥပါသိကာ၊ ဒါယိကာမ ဖြစ်ခဲ့ပါသလော၊ ငါ့အား စုံလင်စွာလျှောက်ထားပြပါ"

"အရှင်မြတ်ဘုရား တောင်ငါးလုံးတို့၏ အလယ်၌ တင့်တယ်စွာ ဖန်ဆင်းတည်ထောင်အပ်သော ရာဇဂြိုဟ်ပြည်မြတ်၌ ကျက်သရေရှိသော ဗိမ္ဗိသာရမင်းမြတ်၌ နီးကပ်စွာ ခစားခဲ့သည်အပြင် သဘင်ဆိုင်ရာ ကခုန်သီဆိုမှုတို့၌လည်း လွန်စွာတတ်မြောက်အောင် သင်ယူခဲ့ပါသည်။ ဤရာဇဂြိုဟ်၌ တပည့်တော်မကို သီရိမာဟု အသိများ ပါသည်ဘုရား"

"ဝေနေယျအများကို မနားမနေဆုံးမတော်သောဘုရားရှင်သည် တပည့်တော်မကို သစ္စာလေးပါးတရားကို ဟောကြားပေးခဲ့ပါသည်ဘုရား"

"တပည့်တော်မသည် ဘုရားရှင်၏နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို နာကြားသိရှိရပြီး သီလတို့၌ ကောင်းစွာ စောင့်စည်းခဲ့သည့်အပြင် တရားတို့၌လည်း တည်ခဲ့ပါသည်ဘုရား၊ ထိုတရားတော်တို့ကြောင့် တပည့်တော်မသည် လောကုတ္တရာသမာဓိကို ရခဲ့ပါသည်ဘုရား"

"တပည့်တော်မသည် သာမန်ပုထုဇဉ်တို့ထက် ထူးကဲသော တရားအရသာကို ခံစားခဲ့ရပါသည်။ ရှစ်ပါး၊ တစ်ဆယ့်ခြောက်ပါးသော

www.dhammaransi.com



သုံမှားခြင်းသံသယတို့မှ ကင်းလွတ်ခဲ့ရပါသည်။ လူအများ၏ပူဇော်မှုကို လည်း ခံခဲ့ရပါသည်ဘုရား"

"တပည့်တော်မသည် အပြိုက်နိဗ္ဗာန်တရားကို သိမြင်ခဲ့ရပြီး ဘုရားရှင်၏ တပည့်မ ဖြစ်ခဲ့ရပါသည်။ သောတာပတ္တိဖိုလ်၌တည်၍ မကောင်းသော လားရာဂတိ မရှိတော့ပါဘုရား"

"ယခု တပည့်တော်မသည် ဘုရားရှင်ကို ရှိခိုးအံ့သောငှာလည်း ကောင်း၊ ကြည်ညိုဖွယ်ရာ အတိပြည့်စုံသော နိဗ္ဗာန်တရား၌ ပျော်မွေ့ကြ သော သံဃာတော်တို့ကို ရှိခိုးအံ့သောငှာလည်းကောင်း၊ တပည့်တော်မ သည် အခြံအရံများနှင့် ဤနေရာသို့လာခဲ့ပါသည်"

"ယခု တပည့်တော်မသည် ဆုံးမထိုက်သူများ ပိုလ်လူတို့ကို ဆုံးမတော်မူသော ဘုရားရှင်ကို ဖူးမြော်ကန်တော့ပါ၏ဘုရား၊ ထိုသို့ကန် တော့ရသဖြင့် တပည့်တော်မ၏ စိတ်သည်လည်း အလွန်ရွှင်လန်းဝမ်း မြောက်ပါ၏ ဘုရား"

သီရိမာနတ်သမီးသည် အရှင်ဝင်္ဂီသပေးသမျှကို ဤသို့လျှောက် ထားပြီး ဘုရားရှင်နှင့်တကွ ရဟန်းတော်များကို ရိုသေစွာ ရှိခိုးပြီးလျှင် လက်ယာရစ်လှည့်လှည့်၍ နတ်ပြည်သို့ပြန်သွားပါသည်။

ပြည်သူများ၊ ပုထုဇဉ်ရဟန်းများသည် ကုသိုလ်ကောင်းမှု၏ အကျိုးခံစားရပုံကို အံ့ဩဘနန်းဖြစ်ပြီး ဘုရားရှင်အပေါ်၌ သဒ္ဓါတရား ပိုမိုထက်သန်သွားများကြပါသည်။

သီရိမာအပေါ်၌ စွဲလမ်းတသတဏှာရာဂပွားနေခဲ့သော ရဟန်း ငယ်သည်လည်း ထိုနေရာမှာပင် အကျွတ်တရားရပြီး ရဟန္တာ ဖြစ်သွားခဲ့ပါ သည်။

သီရိမာအလှူဒါန၊ သီရိမာခံယူကျင့်သုံးသော တရားတော်၌ ယုံကြည်၍ ကျင့်ကြံကြိုးစား အားထုတ်ပွားများမှုများသည် တာဝတိံသာ နတ်ပြည်ထက် အဆင့်သုံးဆင့်မြင့်သော နိမ္မာနရတိဘုံသို့ ရောက်ရှိခံစားရ

www.dhammaransi.com



သည်တို့ကို လက်တွေ့ဖြစ်၍ ဒါနမှု သီလမှု ဘာဝနာမှုတို့၌ တတ်နိုင်သရွေ့ မွေ့လျော်ကြဖို့သာ တိုက်တွန်းရပေသည်။

*(သီရိမဟာဝိမာနဝတ္ထု)*

## ၁၁။ ရွှေသစ်ပင်တို့သခင် ကေသကာရီနတ်သမီး

ဘုရားရှင်သည် ဗာရာဏသီပြည့် မိဂဒါဝုန်တောင်၌ သီတင်းသုံး နေထိုင်စဉ် အချိန်ဖြစ်သည်။

များစွာသော သံဃာတော်တို့သည် နံနက်ပိုင်းတွင် ဆွမ်းအလို့ငှာ ဗာရာဏသီမြို့ထဲသို့ ဆွမ်းခံထွက်ကြလေသည်။ ထိုရဟန်းတော်တို့သည် တစ်ယောက်သောပုဏ္ဏားတ၏ အိမ်တံခါးအနီးမှ ဖြတ်သွားကြလေသည်။

ထိုအိမ်ရှိ ကေသကာရီအမည်ရှိသော ပုဏ္ဏားတ၏သမီးသည် အိမ်တံခါးဝအနီး၌ထိုင်လျက် မိခင်၏ခေါင်းကို သန်းရှာပေးလျက် ရှိသည်၊ ကေသကာရီသည် ခြံဝအနီးမှဖြတ်သန်းသော ရဟန်းတို့ကိုမြင်၍ မိခင်ကို မေးလေသည်။

"မိခင် ဤရဟန်းအရှင်မြတ်တို့သည် ပထမအရွယ် ငယ်စဉ် ကာလအဆင်းရူပ ကြည်ညိုဖွယ်ရာနုးည့် သိမ်မွေ့လှကာ တစ်စုံတစ်ရာ သော ပျက်စီးဆုံးရှုံးခြင်း၊ နှိပ်စက်ခံရခြင်းရှိမည် မထင်ပါ။ သို့ဖြစ်ပါလျက် အဘယ်ကြောင့်များ ငယ်ငယ်ရွယ်ရွယ် ရဟန်းပြုကြပါလိမ့်"

"ချစ်သမီး သာကီဝင်မျိုးမှ ရဟန်းပြုကာဘုရားအဖြစ်သို့ ရောက်ရှိလာသော သာကီဝင်မင်းသားရှင်တော်ဘုရားသည် အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကောင်းမြတ်ခြင်းနှင့် ပြည့်စုံသော တရားတော်မြတ်တို့ကို ဟောကြားညွှန်ပြတော်မူသည်၊ ထိုဘုရားရှင် ဟောကြားဆုံးမအပ်သော တရားတော် အဝဝကိုကြားနာရ၍ ဤပုဂ္ဂိုလ်များသည် ယခုကဲ့သို့ ငယ် ငယ်ရွယ်ရွယ်ကာလ၌ပင် ရဟန်းပြုကြပါသည်"

www.dhammaransi.com



ထိုသားအမိ စကားပြောနေစဉ်မှာပင် ဘုရားရှင်၏ ဥပါသကာတစ်ဦးသည် ထိုအိမ်တံခါးဝအနီး၊ လမ်းမပေါ်၌သွားနေသည်။ ထိုသားအမိ၏ ပြောဆိုဆွေးနွေးနေသော စကားကိုကြား၍ သားအမိနှစ်ဦးထံသို့ ဝင်သွားလေသည်။ ထိုအခါ ဥပါသကာ ဝင်လာသည်ကိုမြင်သော ပုဏ္ဏားမကြီးက–

''ရတနာသုံးပါး၌ ဆည်းကပ်နေသော ဥပါသကာကြီး ယခုအခါများစွာကုန်သော အမျိုးကောင်းသားတို့သည် များပြားလှစွာသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်လျက် သကျနွယ်ဝင် ဘုရားရှင်ထံ၌ ရဟန်းပြုကြကုန်သည်။ အဘယ်အကျိုးထူးကိုမြင်၍ ရဟန်းပြုကြ ပါကုန်သလဲ'' ဟု မေးလိုက်လေသည်။

''ကာမဂုဏ်တို့၌ အပြစ်ကိုမြင်၍ ကာမဂုဏ်တို့မှ လွတ်မြောက်ရာ အကျိုးအာနိသင်သဲ့သယကိုမြင်၍ ရဟန်းပြုကြပါသည်''

ထိုဥပါသကာသည် ဘုရားတရားတော်ကို မိမိသိရှိညာဏ်မီသလောက် ဆက်လက်ဟောပြောပြသည့်အပြင် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတရား၊ ငါးပါးသီလ၏ မျက်မှောက်ပစ္စုပ္ပန်အကျိုး တမလွန်အကျိုးတို့ကိုပါ ဟောပြောပြလေသည်။

''ကျွန်မတို့ အမျိုးသမီးတွေရော သရဏဂုံဆောက်တည်ကျင့်လျှင် ဥပါသကာကြီး ပြောသောအကျိုးများ ရနိုင်ပါသလား''

''ချစ်သမီး ဘုရားရှင် ဟောကြားသောတရားတော်သည် အားလုံးနှင့်သက်ဆိုင်အကျုံးဝင်သည်။ တရားတော်များကို ကျင့်ကြံအားထုတ်က မည်သူမဆို အကျိုးထူးရနိုင်ပါသည်''

ထို့နောက် ဥပါသကာသည် ကေသကာရီကို သရဏဂုံတည်ဆောက်နည်း၊ ငါးပါးသီလတည်ဆောက်နည်းတို့ကို သင်ပြပေးလေသည်။ ကေသကာရီသည် သရဏဂုံ၊ ငါးပါးသီလတို့ကို တည်ဆောက်ပြီးသော် ဥပါသကာကို ဆက်၍မေးလေသည်။

www.dhammaransi.com



"ဤသရဏဂုံ၊ ငါးပါးသီလတို့ထက် ပို၍အခြားကျင့်ကြံအား ထုတ်အပ်သော တရားများရှိပါသေးလား"

ဥပါသကာကြီးသည် ကေသကာရီ၏ တရားများ၌ မွေ့လျော်ပုံ၊ သိကြားလိုစိတ်ရှိပုံတို့ကို လေ့လာအကဲခတ်မိပြီး –

"ဤသူငယ်မသည် ရှေးရှေးဘဝက ဆည်းပူးခဲ့သော ပါရမီဓာတ်ခံပြည့်ဝသူဖြစ်ပေမည်" ဟု စဉ်းစားမိပြီး ခန္ဓာကိုယ်အတ္တဘော သဘာဝကို ဟောပြောပြသည်။ ဆံပင်မွေးညှင်းစသော ၃၂ ကောဋ္ဌာ သကမ္မဋ္ဌာန်းကို ဟောပြောပြပြီး ရုပ်နာမ်ဓမ္မတို့၏မမြဲပုံကို ဆက်လက်ရှင်းပြလေသည်။ ဖြစ်ပျက်ရှုနည်း ဝိပဿနာအဆင့်ကိုပါ ဟောပြောပြသည်။

ကေသကာရီသည် ရှေးဘဝက ပါရမီခံရှိသည့်အား လျော်စွာ ဥပါသကာကြီး ပြောပြသွားသည့်အတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပြုလုပ်ခဲ့ရာ မကြာခင်ပင် သောတာပန်တည်လေသည်။

ကေသကာရီသည် သောတာပန်ဖြစ်ပြီးနောက် နောင်မကြာခင် ကွယ်လွန်လေရာ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အလုပ်အကျွေး နတ်သမီး ဖြစ်လေသည်။

## ခံစားရသောနတ်စည်းစိမ်

ကေသကာသီရီနတ်သမီးသည် အခြွေအရံနတ်သမီးတစ်သိန်းရှိပြီး အလွန်ပင် အခြံအရံများသော နတ်သမီးတစ်ပါး ဖြစ်ပါသည်။

ကေသကာရီနတ်သမီး၏ အံ့ဖွယ်သူရဲအခြံအရံနှင့်ပတ်သက်၍လည်းကောင်း၊ အရောင်အဝါအဆင်းသည် နတ်သမီး တစ်သိန်းအပေါ် လွှမ်းမိုးထားသဖြင့်လည်းကောင်း၊ သိကြားမင်းသည် အံ့ဩထူးဆန်းရွှင်လန်းဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ကေသကာရီနတ်သမီးကို ခေါ်ယူ မေးမြန်းလေသည်။

www.dhammaransi.com



"နှစ်သက်ဖွယ်ရာ ပြိုးပြက်စွာအရောင်ထွက်၍ ကြောက်မျက်ရွဲ ဖြင့်ပြီးသော တိုင်နှင့် ရွှေသစ်ပင်တို့ဖြင့် ပတ်ဝန်းကျင် ဖုံးလွှမ်းချယ်လှယ် ထားသော ဤဘုံဗိမာန်သည် ငါ၏ဘုံဗိမာန်ဖြစ်သည်။ ငါ၏ဗိမာန်၌ ရောက်နေကုန်ကြသော နတ်သမီးတို့သည် တစ်သိန်းမျှရှိလေသည်။ ဗိဗိ ပြုခဲ့သောကံစွမ်းကြောင့် ယခုအခါ ငါ၏ ဘုံဗိမာန်သို့ရောက်လာသော သင်နတ်သမီးသည် အခြံအရံလည်း များလှ၏။ အရောင်အဝါကလည်း နတ်သမီးအပေါင်းတို့ထက် တောက်ပလွန်ကဲလွန်းလှ၏။ လမင်းသည် ကြယ်တာရာအပေါင်းတို့ကို လွှမ်းမိုးနေသကဲ့သို့ရှိ၏။ ရှုချင်စဖွယ် တင့်တယ်သော ကိုယ်အင်္ဂါရှိသော သင်နတ်သမီးသည် ဘယ်ဘဝမှလာခဲ့၍ ငါ၏ဘုံဗိမာန်သို့ ရောက်ခဲ့ရပါသနည်း၊ ငါနှင့်တကွ တာဝတိံသာနတ်တို့ သည် ဗြဟ္မာမင်းကြီးကိုကြည့်ရှုရသဖြင့် မရောင့်ရဲနိုင်၊ မတင်းတိမ်နိုင်သည့် ပမာ၊ ယခုသင်နတ်သမီးကို ကြည့်ရသည်မှာ မရောင့်ရဲနိုင်၊ မတင်းတိမ်နိုင် ကြပါ။ သင့်ဘဝဖြစ်စဉ်ကို ပြောပြပါဦး"

"အရှင်သိကြားမင်း ကျွန်မသည် ကာသိတိုင်း ဗာရာဏသီပြည် မှ ကေသကာရီမည်သော အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ ကျွန်မသည် လူ့ဘဝဖြစ်စဉ်၌ ဘုရား၊ တရား၊ သံဃာ၌ ယုံမှားသံသယမရှိဘဲ ယုံကြည် ကိုးကွယ်ခဲ့ပါသည်။ ကျင့်သုံးဆောက်တည်အပ်သော သီလတို့၌ မကျိုး မပေါက်အောင် ဆောက်တည်ခဲ့ပါသည်။ သစ္စာလေးပါးကို သိရှိပြီး တရား ဘာဝနာကို အားထုတ်ခဲ့ရာ သောတာပတ္တိမဂ်ဆိုက်ခဲ့ပါသည်"

"အသင်နတ်သမီး သင်၏ကောင်းမှုပြည့်စုံခြင်း၊ နတ်စည်းစိမ်၏ ပြည့်စုံခြင်းကို ငါသည် လွန်စွာနှစ်သက်ဝမ်းမြောက်မိသည်။ သင်ရောက် လာခြင်းသည် ကောင်းသောလာခြင်း ဖြစ်ပါသည်။ သင်သည် တရားဖြင့် လည်းကောင်း၊ အခြံအရံဖြင့်လည်းကောင်း အလွန်တင့်တယ်ပါဘိသည်"

သိကြားမင်းက ဤသို့ချီးကျူးစကားပြောဆိုခဲ့ပါသည်။

***(ကေသကာရီဝိမာနဝတ္ထု)***

www.dhammaransi.com



## ၁၂။ ခြောက်သောင်းသော ဂုရိယာသခင် ဒါသီဝိမာန်ရှင်နတ်သမီး

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ လူအပေါင်းတို့အား ညနေချမ်းအချိန်တွင် တရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးသော အချိန်ကာလ ဖြစ်ပါသည်။

တစ်နေ့ ညနေချမ်းတရားပွဲအပြီးတွင် ဥပါသကာတစ်ဦးသည် ဘုရားထံသို့ချဉ်းကပ်ပြီး

''အရှင်ဘုရား တပည့်တော်သည် ဤနေ့မှစ၍ သံဃာတော်လေးပါးကို အမြဲဆွမ်းလောင်းလှူလိုပါသည် ဘုရား'' ဟု လျှောက်ထားလေသည်။

ဘုရားရှင်က ထိုဥပါသကာကို ဆွမ်းအကျိုးတရားစကားကို ဟောကြားပြီး ဆွမ်းညွှန်ရဟန်းထံသို့ စေလွှတ်ပေးလေသည်။ ဥပါသကာသည် ဆွမ်းညွှန်ရဟန်းထံသို့သွား၍ ဘုရားထံလျှောက်ထားသည့်အတိုင်း လျှောက်ထားလေသည်။

ဥပါသကာသည် အိမ်သို့ပြန်ရောက်သောအခါ ကျွန်မကိုခေါ်၍ ပြောကြားလေသည်။

''ကျွန်မ ငါသည် သံဃာလေးပါးကို နိစ္စဘတ်ဆွမ်း လှူဒါန်းမည်။ သင်သည် နေ့စဉ်မမေ့မလျော့ ဆွမ်းခဲဖွယ်ဘောဇဉ်ချိုချဉ်အရသာတို့ကို စီစဉ်ပါ''

''ကောင်းပါပြီ အရှင်''

ကျွန်မသည် ပင်ကိုယ်သဘောအားဖြင့် ကြည်လင်သော သဒ္ဓါတရားနှင့် ပြည့်စုံသောသူ ဖြစ်သည်။ ကောင်းမှုကုသိုလ်ပြုမှုကို ဝါသနာပါ၍ အကျင့်သီလနှင့်လည်း ပြည့်စုံသူဖြစ်သည်။

ကျွန်မသည် နေ့စဉ်စောစောထ၍ မွန်မြတ်သော ဆွမ်းဘောဇဉ်များကို စီစဉ်ချက်ပြုတ်သည်။ ရဟန်းတော်များထိုင်ရန် နေရာကိုလည်း

www.dhammaransi.com



ကောင်းမွန်သန့်ရှင်းစွာ ရှိနိုးသည်၊ အပွေးနံ့သာ အခိုးအထုံတို့ဖြင့် ပူဇော်ပြီး ရှိသေစွာ ဆွမ်းလုပ်ကျွေးလေသည်။

ဤသို့ရဟန်းသံဃာများကို နေ့စဉ်ပြုစုလုပ်ကျွေးနေခဲ့ရာ တစ်နေ့တွင် ကျွန်မသည် ဆွမ်းဘုဉ်းပေးပြီးသော သံဃာများအနီးသို့ ချဉ်းကပ်၍ လျှောက်ထားလေသည်။

''အရှင်မြတ်ဘုရား ဤပဋိသန္ဓေတည်နေရခြင်းစသော ဆင်းရဲဒုက္ခမှ ကင်းလွတ်ရန် အဘယ်သို့ပြုလုပ်ရပါမည်နည်း ဘုရား''

ထိုအခါ ရဟန်းတို့သည် ကျွန်မကို သရဏဂုံနှင့်တကွ ငါးပါးသီလတို့ကို ပေးကြသည်။ ခန္ဓာကိုယ်ကြီး၏ မပြဲသောသဘောကို ဟောပြောပြီး ကမ္မဋ္ဌာန်းတရားအလုပ်ကို ပေးလေသည်။

ကျွန်မသည် တစ်ဆယ့်ခြောက်နှစ်ပတ်လုံး သီလထိန်းသိမ်းလျက် အလုပ်ကိုစွာအားလပ်ချိန်ရသောအခါ တရားနာခြင်း၊ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းခြင်း စသောတရားများကို နှလုံးသွင်းအားထုတ်လေသည်။ ဤသို့ပြုလုပ်လာရာ တဖြည်းဖြည်း ပါရမီဉာဏ်ရင့်သန်ပြီး သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်။

## ခံစားရသောနတ်စည်းစိမ်

ထိုကျွန်မသည် နောင်တစ်ချိန်၌ သေလွန်သောအခါ တာဝတိံသာနတ်ပြည် သိကြားမင်း၏အတိုင်ပင်ခံ နတ်သမီးတစ်ပါး ဖြစ်လာလေသည်။ ခြောက်သောင်းသော တူရိယာတို့ဖြင့် လုပ်ကျွေးဖြေဖျော်နေကြသော နတ်သမီးတစ်သိန်းခြံရံပြီး ကြီးမားလှစွာသော နတ်စည်းစိမ်ကို ခံစားရသည်။ အာလမ္ဗတူရိယာ, ဂဂ္ဂတူရိယာ, ဘိမတူရိယာ, သာဓုဝါဒီတူရိယာ, သံသယတူရိယာ, ပေါက္ခရ တူရိယာ, သုဖဿတူရိယာ စသော ခြောက်သောင်းသော တူရိယာတို့သည် နှစ်သက်ဖွယ်မြောက်မှုကို နိုးကြားစေပါသည်။

---

www.dhammaransi.com



ဝိဏာမောက္ခနတ်သမီး၊ နန္ဒာနတ်သမီး၊ သုနန္ဒာနတ်သမီး သောတာဒိန္နာနတ်သမီး၊ သုစိပိုတာနတ်သမီး၊ အလမ္ဗုသာနတ်သမီး၊ မိဿကေသီနတ်သမီး၊ ပုဏ္ဍရိကာနတ်သမီး၊ အဘိဒါရုဏီနိနတ်သမီး၊ ဧဏီဖဿာနတ်သမီး၊ သုဖဿာနတ်သမီး၊ သုဘဒ္ဒါနတ်သမီး၊ မုဒုဝါဒီနတ်သမီး ဤနတ်သမီးတို့နှင့်အတူ အခြားနတ်သမီးတို့သည် ဒါသီနတ်သမီးထံသို့ လာ၍ နှမ်းသက်ဝမ်းမြောက်သော အသွယ်သွယ်သော စကားတို့ကို ပြောကြားရပါကုန်၏။ သင့်လျော်သောအချိန်၌ ဒါသီနတ်သမီးထံသို့ ချဉ်းကပ်လာပြီး ယခု ကျွန်ုပ်တို့ ကခုန်ကြပါအံ့၊ သီချင်းဂီတသီဆိုကြပါကုန်အံ့၊ သင့်ကိုမွေ့လျော်စေပါအံ့ဟု လာရောက်ပြောဆို ဖြေဖျော်ကြရပါသည်။

***ဒါသီဝိမာနဝတ္ထု***

## ၁၃။ ဝိပဿနာကမ္မဋ္ဌာန်းကြောင့် နတ်သမီးဘဝတွင် မက်ရိုလ်ရသော လခုမာနတ်သမီး

ဗာရာဏသီမြို့ ကေဝဋ္ဋဒွါရအမည်ရှိသော မြို့တံခါးအနီးရှိ ရွာတွင်နေသော လခုမာအမည်ရှိ အမျိုးသမီးတစ်ဦးရှိသည်။ သူမသည် သဒ္ဓါပညာနှင့် ပြည့်စုံသည်။ သူမနေထိုင်ရာ မြို့တံခါးမှ ဝင်ထွက်သွားလာတော်မူကြကုန်သော ရဟန်းသံဃာတို့ကို ရိုသေစွာရှိခိုးခဲ့သည်။ အိမ်သို့ ပင့်ဆောင်ပြီး တစ်ဖွန်းမျှသောဆွမ်းကို လောင်းလှူခဲ့သည်။ ထိုအလေ့အကျင့်ဖြင့် နေ့တိုင်းလောင်းလှူခဲ့ရာ သဒ္ဓါ တရားတိုးပွားလာခဲ့သဖြင့် ရဟန်းတော်များ နားခိုရာ ဇရပ်တစ်ဆောင် တည်ဆောက်ခဲ့သည်။ ထိုဇရပ်၌ ရဟန်းတော်များအတွက် သောက်ရေ သုံးရေကိုတည်ပေးသည်။ ရဟန်းတော်တို့ကို ဇရပ်သို့ ပင့်ဖိတ်၍ မိမိအိမ်တွင် ချက်ပြုတ်ထားသော ဆွမ်းယာဂုတို့ကို လောင်းလှူခဲ့သည်။

ဇရပ်သို့ကြွလာသော ရဟန်းတော်များထံမှ သရဏဂုံနှင့် ငါးပါးသီလကိုတည်ဆောက်ခဲ့ပြီး ကမ္မဋ္ဌာန်းကိုပါ အချိန်ရသ၍ စီးဖြန်းအားထုတ်

www.dhammaransi.com



ခဲ့သည်။ ရှေးဘ၀က ပါရမီရှိခဲ့၍ မကြာမီပင် သောတာပတ္တိဖိုလ် ဆိုက်ရောက်ခဲ့သည်။

**ခံစားရသောနတ်စည်းစိမ်**

နောင်တစ်ချိန်၌ သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ လခုမာနတ်သမီး ဖြစ်လေသည်။

- ကြီးကျယ်ကောင်းမွန်သော နတ်စည်းစိမ်ကိုခံစားရသည်။
- နတ်သမီးတစ်ထောင်အခြံအရံရှိသည်။
- နောင်သကဒါဂါမိဖြစ်မည်ဟု ဘုရားရှင်ထံမှ ဗျာဒိတ်ခံထားရသူ ဖြစ်သည်။

*လခုမာဝိမာနဝတ္ထု*

## ၁၄။ ထမင်းချိုးလှူခဲ့သည့် အာစာမဒါယိကာ နတ်သမီး

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ အစာပေးရာ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ်အချိန်က ဖြစ်သည်။

အိမ်တစ်အိမ်၌ မြွေဆိပ်နှင့်တူသော ရောဂါကပ်ကျရောက်လေရာ တစ်အိမ်လုံးသေဆုံးပြီး အမျိုးသမီးတစ်ယောက်သာ ကျန်ခဲ့လေသည်။ ထိုအမျိုးသမီးသည် သေအံ့သောဘေးမှ ကြောက်လန့်ရကား အိမ်နှင့်တကွ အိမ်ရှိဥစ္စာအဖြာဖြာကို စွန့်ပစ်ပြီးလျှင် အိမ်နံရံဖောက်၍ ကိုးကွယ်ရာမဲ့ ခြေဦးတည့်ရာ ပြေးလေသည်။

အိမ်တစ်အိမ်နောက်ဖေးတွင် အသနားခံပြီး ကပ်ရပ်နေ ထိုင်ရာမှ အိမ်ရှင်များကလည်း သနားသဖြင့် ထမင်းချိုးထမင်း ကျန်များကို ပေးကမ်း၍ ကျွေးမွေးလေသည်၊ ထိုအမျိုးသမီးသည် ထိုထမင်းကျန်ဖြင့်ပင် အသက်မွေးနေရလေသည်။

www.dhammaransi.com



ထိုအချိန်ကာလမှာပင် ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် နိရောဓသမာပါတ်ကို ဝင်စားတော်မူပြီး၍ ခုနစ်ရက်ရသဖြင့် နိရောဓသမာပါတ်မှ ထတော်မူသည်။

"ငါသည် ယနေ့အာဟာရအလို့ငှာ ဆွမ်းခံယူခြင်းဖြင့် အဘယ်သူကို ချီးမြှောက်ရပါအံ့နည်း။ အဘယ်သူအား အပါယ်စသော ဒုဂ္ဂတိဆင်းရဲဘေးမှ ကင်းဝေး လွတ်မြောက်စေရအံ့နည်း"

ထိုသို့ဆင်ခြင်ကြည့်ရှုတော်မူလေသော် သေဆုံးရန်နီး ကပ်လျက်ရှိသော ထိုအမျိုးသမီးကိုလည်းကောင်း၊ ထိုအမျိုးသမီးသည် စုတေပြီးနောက် ငရဲဘုံသို့ရောက်လတ္တံ့သော ကံအခွင့်သာနေသည်ကိုလည်းကောင်း ကျွှမြင်ရလေသည်။

"ငါသွားရောက်သည့်ရှိသော် ဤအမျိုးသမီးသည် မိမိအတွက် ရရှိသော ထမင်းချိုးကို လောင်းလှူလတ္တံ့၊ ဤသို့ဖြစ်လတ်သော် ငရဲဘုံ၌ဖြစ်ခြင်းမှ လွတ်မြောက်လတ္တံ့၊ ငါသည် ယခုပင် ထိုအမျိုးသမီးထံကြွ၍ ထိုအမျိုးသမီးကို နတ်ပြည်စည်းစိမ်ချမ်းသာကို ဖြစ်စေအံ့"

ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် ဤသို့စဉ်းစား ဆင်ခြင်ပြီးလျှင် သပိတ်သင်္ကန်းတို့ကို ဝတ်ရုံပြင်ဆင်ပြီး ထိုသူဆင်းရဲ အမျိုးသမီးရှိရာသို့ ရှေ့ရှုကြွသွားလေသည်။

ထိုအချိန်တွင် သိကြားမင်းသည် အဘိုးအိုယောင်ဆောင်လျက် များစွာသော နတ်သြဇာတို့ကိုယူဆောင်လာပြီး ရှင်မဟာ ကဿပမထေရ်မြတ်ကြီးကို ကပ်လှူလာလေသည်။

ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် အမျိုးသမီးအိမ်သို့ပင် ရှေ့ရှုကြွသွားလေသည်။

ထိုအမျိုးသမီးသည် မိမိရှေ့တွင် ကပ်ရောက်လာသော ရှင်မဟာကဿပမထေရ်မြတ်ကြီးကို မြင်ရသောအခါ—

www.dhammaransi.com



"ဤမထေရ်မြတ်သည်ကား ကြီးမားသော ဘုန်းကံအားနှင့်တော်ရှိသည်။ ဘုန်းကံကြီးမားသောဘဝ်ပေါ်များသော ဤအရှင်မြတ်အား လှူသင့်လှူထိုက်သော ခဲဖွယ်ဘောဇဉ်သည်လည်း ငါ့တွင်မရှိ၊ ဤညစ်ပေသော ထမင်းခွက်၌ရှိသော မြက်မှိုက်ပြုပွန်းတို့ဖြင့် ရောပြွမ်းကာ ဆားလည်းမပါ၊ အရသာမရှိ၊ အလွန်အေးပြစ်စွာသော ထမင်းချိုးနှင့် ပုန်းရည်ဟင်းမျှကို ဤကဲ့သို့အာနုဘော် သံခင်ထေရ်အရှင်ကို လောင်းလှူခြင်းငှာ မသင့်တော် မအပ်စပ် လောင်းလှူရန် မရဲဝံ့ပါ"

ဤသို့ကြံစည်မိပြီးလျှင် မထေရ်မြတ်ကြီးကို မကြည့်မူ၍ ကန်တော့ဆွမ်းပါဘုရားဟု လျှောက်ထားလိုက်သည်။ မထေရ်မြတ်သည် ခြေဖဝါးတစ်လှမ်းမျှလှမ်း၍ ဆက်ရပ်မြဲအတိုင်း ရပ်နေလေသည်။

ထိုအခါ အိမ်ရှေ့ရှိလူတို့သည် ဆွမ်းစသည်တို့ကို လောင်းလှူကြရာ မထေရ်မြတ်က မခံယူပေ။ ထိုသည်ကိုမြင်သော သူ ဆင်းရဲမသည်-

ကြော် ဤအရှင်မြတ်သည် ငါ့အားသာလျှင် ချီးမြှောက်တော်မူလို၍ ဤအရပ်သို့ကြွတော်မူသည်။ ငါ၏ဥစ္စာကိုမှ အလှူခံလိုဟန်တကား

ဤသို့သိရှိပြီး ဝမ်းသာရွှင်လန်းသောစိတ်ရှိလျက် မိမိမှာ ရှိသော ထမင်းချိုးကိုပင် ရိုသေစွာဖြင့် အရှင်မြတ်ကြီး၏ သပိတ်ထဲသို့ လောင်းလှူလိုက်လေသည်။

မထေရ်မြတ်ကြီးသည် ထိုဆင်းရဲမ သဒ္ဓါကြည်ညိုမှု ပိုမိုတိုးတက်စေရန် ရည်သန်လျက် ဘုဉ်းပေးသုံးဆောင်အံ့သော အမူအရာကို ပြတော်မူလျှင် လူတို့သည် နေရာထိုင်ခင်းကို ခင်းပေးကြလေသည်။

မထေရ်မြတ်ကြီးသည် ထိုနေရာမှာပင် ထိုထမင်းချိုးကို မြတ်နိုးစွာ ဘုဉ်းပေးသုံးဆောင်သည်။ သောက်တော်ရေကို သောက်ပြီးနောက် ဆွမ်းအနုမောဒနာတရားကို ဟောတော်မူလေသည်။

ဆွမ်းအနုမောဒနာပြုပြီးနောက် ရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သူဆင်းရဲမကို -

www.dhammaransi.com



"ဤဘဝမှ ရှေးသုံးဘဝမြောက်က သင်သည် ငါ၏အမိ တော်စပ်ခဲ့ဖူးသည်" ဟု အမိန့်ရှိလေသည်။

သူဆင်းရဲမသည် ဤဘုန်းတန်ခိုးအလွန်ကြီးမားသော မထေရ်မြတ်ကြီးသည် "ရှေးတတိယဘဝက ငါ၏သားပါတကား" ဟု အလွန်ပင် ဝမ်းမြောက်ကြည်ညိုခြင်း ဖြစ်ရလေသည်။ ထိုသူဆင်းရဲမသည် ထိုညဉ့်၌ပင် စုတေသေလွန်ပြီး နိမ္မာနရတိဘုံ၌ ဖြစ်လေသည်။

သိကြားမင်းသည် ထိုညသေလွန်သည်ကိုသိ၍ ဤသူဆင်းရဲမ အဘယ်ဘုံ၌ ဖြစ်လေသနည်းဟု စူးစမ်းဆင်ခြင်လည်း၊ တာဝတိံသာ နတ်ပြည်၌မမြင်ရ၍ ထိုသူဆင်းရဲမဖြစ်ရာဘုံဘဝကို သိလို၍ ရှင်မဟာကဿပထံသို့ ချဉ်းကပ်ခဲ့သည်။

"အရှင်မြတ်ဘုရား ဆွေမျိုးပြုန်းတီး အထီးကျန်ကာ လွန်စွာ နွမ်းပါးပြီး သူတစ်ပါးအိမ်၌ မှီခိုကပ်ရပ်နေရသော သူဆင်းရဲမသည် ဆွမ်းအလို့ငှာ ရပ်တည်လာသော အရှင်ဘုရားကို ကြည်လင်သော စိတ်ထားဖြင့် ထမင်းချိုးကို လှူခဲ့ပါသည်။ ထိုသူငယ်မသည် ယနေ့ပင် ကွယ်လွန်ခဲ့ပါသည်။ အဘယ်ဘုံဘဝ၌ ဖြစ်ပါသနည်း ဘုရား"

"အသင်သိကြားမင်း သူဆင်းရဲမသည် ငါ့ကိုကြည်လင် ဝမ်းမြောက်သောစိတ်ဖြင့် သဟတ္ထိကမြောက်ဆွမ်း ထမင်းချိုးကို လှူခဲ့သောကြောင့် အထက်နိမ္မာနရတိဘုံ၌ ချမ်းသာအသွယ်သွယ် ခံစားလျက် ရှိသည်"

ထိုမထေရ်မြတ်၏စကားကို ကြားရသောအခါ သိကြားမင်းသည် သူဆင်းရဲမ၏ ဒါနအကျိုးတရားကြီးမားလှသည်အဖြစ်ကို အံ့ဩချီးမွမ်းပြီး ဤသို့ဥဒါန်းကျူး ရွတ်ဆိုမိလေသည်။

"အရှင်မဟာကဿပမထေရ်မြတ်၌ ကောင်းစွာလှူအပ်သော ဤသူဆင်းရဲမ၏ အလှူဒါနကား အံ့ဖွယ်ရှိစွ၊ သူတစ်ပါးအိမ်မှ ဆောင်ယူလာသော ထမင်းချိုးမျှသော လှူဖွယ်ဝတ္ထုဖြင့် ပေးကမ်းလှူဒါန်းသော

www.dhammaransi.com



အလှူသည်ကား အလွန်ကြီးဟားပြည့်စုံပေစွတကား''

''အချင်းတို့ ကိုယ်အင်္ဂါကြီးငယ် အသွယ်သွယ်လှပတင့်တယ် ရှုချင်ဖွယ်သော လင်ယောက်ျား၏ ရှုပမြိုးသည့် ဇနီးသည်ပေးသည့် စကြာမင်းကြီး၏ မိဖုရားကြီးပင် ဖြစ်လင့်ကစား ထိုစကြာမင်း၏ မိဖုရားအဖြစ်သည် ဤသူဆင်းရဲမ ပေးလှူသော ထမင်းချိုးအလှူ၏အကျိုးကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုး မရှိပေ။

''ရွှေစင်တိက္ခတစ်သိန်း၊ မြင်းတစ်သိန်း၊ အဿတိုရ်မြင်းကသော ရထားကစ်သိန်း၊ ပတ္တမြားနားတောင်း ဝတ်ဆင်ကုန်သော သတို့သမီးကညာ တစ်သိန်းလှူကုန်သော ဤအလုံးစုံကို့သည်လည်း ဤသူဆင်းရဲမပေးလှူခဲ့ရသော ထမင်းချိုးအလှူ၏။ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိကြကုန်။

''ဟိမဝန္တာတောင်၌ဖြစ်သော စဉ်းငယ်ညွှတ်သောအစွယ် ရှိကုန်သော ကြီးစွာသောစစ်ပွဲတို့၌ ဆင်နွဲနိုင်သော ရွှေကြိုးတပ်ဆင်အပ်ကုန်သော ရွှေတန်ဆာဖွဲ့အပ်သော ကိုယ်ရှိသော ဟတာ်ဆင်မျိုးဖြစ်သော ဆင်အစီးတစ်ရာတို့သည် ဤသူဆင်းရဲမ ပေးလှူခဲ့ရသော ထမင်းချိုးအလှူ၏ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိပေ။

''ဤလောကကြီးဝယ် ကျွန်းကြီးလေးကျွန်းကို ပိုင်သသော စကြာဝတေးမင်း၏ စည်းစိမ်ချမ်းသာသည်လည်း ဤသူဆင်းရဲမ ပေးလှူခဲ့ရသော ထမင်းချိုးအလှူ၏။ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိပေ။

''ငါ့ဖြစ်ပါသည် ... ဤသို့ရွတ်ဆိုပြောပြီး တာဝတိံသာသို့ ပြန်သွားလေ... ... ...မင်း ချီးကျူးပြောသွားသော စကားဥပမာများ အရနှင့် ထမင်းချိုးလှူရသော ကုသိုလ်ကံအကျိုးကြောင့် နိမ္မာနရတိဘုံ၌ ချမ်းသာစွာခံစားရသော သူဆင်းရဲမ၏ဘဝကို လေ့လာကြည့်လျှင် ဒါန အကျိုးဆက်နှင့်စေတနာသဒ္ဓါတရား ဖက်သန့်မှုအကျိုးဆက်သည် မည်မျှ

ဆံပြည့် စုံထွန်းဆားပေ

www.dhammaransi.com



အစွမ်းထက်သည်။ အကျိုးကြီးသည်ကို သိမှတ်ရပါသည်။

*အာစာမဒါယိကာဝိမာနဝတ္ထု*

## ၁၅။ ဘုရားရှင်ကို ကြည်လင်သဒ္ဓါရှိခိုးခဲ့သော စဏ္ဍာလီနတ်သမီး

နံနက်တစ်ချိန်တွင် သံဃာအပေါင်းများစွာ ခြံရံသော ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အတွင်းရှိ ဒွန်းစဏ္ဍားသူတောင်းစားတို့၏ နေရာသို့ ဆွမ်းခံကြွခဲ့သည်။

ဘုရားရှင်သည် နံနက်မိုးသောက်ကာလ ဘုရားရှင်၏ အလေ့အထ ဝမ္မတာဖြစ်သော မဟာကရုဏာသမာပါတ်ကို ဝင်စားပြီး၍ သမာပတ်မှထတော်မူပြီးကာ သတ္တလောကကို ကြည့်ရှုတော်မူလေသည်။

ရာဇဂြိုဟ်ပြည် သူတောင်းစားတို့ နေထိုင်ရာအရပ်ဝယ် သက်တမ်းကုန်၍ စုတေကာနီးဖြစ်နေသော ဒွန်းစဏ္ဍားမကြီးတစ်ဦးကို မြင်တော်မူသည့်ပြင် ထိုဒွန်းစဏ္ဍားမကြီး၏ ငရဲ၌ဖြစ်လတ့်သော အကြောင်းကိုလည်း ဉာဏ်တော်၌ထင်လေသည်။

ဘုရားရှင်သည် ကြီးမားသော မဟာကရုဏာရှိသည့်အားလျော်စွာ ထိုဒွန်းစဏ္ဍားမကြီးကို နတ်ပြည်၌ဖြစ်စေသော ကုသိုလ်ကံကို ဖြစ်စေလျက် ငရဲ၌ဖြစ်လတ့်သော အကုသိုလ်ကံကို တားမြစ်လိုသည်ဖြစ်၍ ထိုအရပ်သို့ကြွလေသည်။

ဒွန်းစဏ္ဍားမကြီးသည် တောင်ဝှေးကိုထောင်လျက် မြို့ပြင်သို့ ထွက်သည်ရှိသော် ဘုရားရှင်ရှေ့ရှုကြွလာသည်ကိုမြင်၍ ဘုရားရှင်ကို မျက်နှာမူကာ ရပ်နေလေသည်။ ဘုရားရှင်ကလည်း ဒွန်းစဏ္ဍားမကြီး၏ သွားရာခရီးကို ပိတ်၍ရပ်နေသကဲ့သို့ တည်နေလေသည်။

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ဘုရားရှင်၏ စိတ်အကြံကို သိရှိသဖြင့် ဒွန်းစဏ္ဍားမကြီးအား ဘုရားရှင်ကိုရှိခိုးရန် တိုက်တွန်းလေသည်။

www.dhammaransi.com



''စဏ္ဍာလိဒါယိကာမကြီး... အကျော်အစောပေါ်မျှး ပြည့်စုံသော ဂေါတမရှင်တော်ဘုရား၏ခြေတော်အစုံကို ရှိခိုးပါလော့၊ ဤသို အပေါင်းတို့ထက် အမြတ်ဆုံး အကျော်ဖြစ်တော်မူသော ဘုရားရှင်သည် သင့်ကိုပင် ချီးပြောက်တော်မူလို၍ ရပ်တံ့နေတော်မူသည်''

''ပူဇော်အထူးကိုခံတော်မူထိုက်သော တာဒိဂုဏ်နှင့် ပြည့်စုံသော ဘုရားရှင်၌ ကောင်းမြတ်ကြည်လင်သော စိတ်အစဉ်ကိုထားကာ ကြည်ညိုပါလော့၊ လျင်မြန်စွာ လက်အုပ်ချီကာ ရှိခိုးပါလော့၊ သင်၏ အသက်သည်ကား သေရန်နီးနေပြီဖြစ်သည်''

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် စဏ္ဍာလိသူတောင်းစားမကြီးကို ဘုရားရှင်၏ ဂုဏ်ပုဒ်များကိုထုတ်ဖော်၍လည်းကောင်း၊ ထိုစဏ္ဍာလိသူတောင်းစားမကြီး သေအံ့နီးနီး အသက်ရှိသည့်အဖြစ်ကိုလည်းကောင်း ထင်စွာပြလျက် ဘုရားရှင်ကို ရှိခိုးရန် တိုက်တွန်းလေသည်။

ထိုစဏ္ဍာလိသူတောင်းစားမကြီးသည် ရှင်မောဂ္ဂလာန် မထေရ်မြတ်၏စကားကိုကြားရသောအခါ ကြီးစွာသောသံဝေဂရပြီးလျှင် ဘုရားရှင်၌ ကြည်ညိုသောစိတ်ဖြစ်ကာ ထိခြင်းငါးပါးနှင့်အညီ ဘုရားရှင်ကို ရှိခိုးလေသည်။

ဘုရားရှင်သည် ဤစဏ္ဍာလိအား ဤမျှလောက်သော ကုသိုလ်ကံဖြင့် နတ်ပြည်၌ဖြစ်ခြင်းငှာ သင့်လျော်လောက်ပြီဟုနှလုံးပြုပြီး ရာဇဂြိုဟ်မြို့တွင်းသို့ ရဟန်းအပေါင်းနှင့်ဝင်လေသည်။

ဘုရားရှင်ကြွသွားသောအခါ ထိုသူတောင်းစားမကြီးကို နွားသားမွေးမတစ်ကောင်သည် ရှေ့မှကန်ကြောက်ကာ ပြေးလာပြီးလျှင် ဦးချိုဖြင့်ဝှေ့ရာ ထိုဒဏ်ရာဖြင့်ပင် သေဆုံးလေသည်။

ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးသည် နေ့လယ်တွင် နေ့သန့်စင်ရန် တောအုပ်တစ်နေရာတွင် သီတင်းသုံးနေထိုင်စဉ် ရပ်ရည်အဆင်းတင့်တယ်ခြင်းနှင့်ပြည့်စုံပြီး အရောင်အဝါထွန်းလင်း တောက်ပသော နတ်သမီး

www.dhammaransi.com



တစ်ဦးသည် နတ်သမီးအခြွေအရံ တစ်သိန်းနှင့်အတူလာရောက်ပြီး ရှိခိုး ဦးချသည်ကို တွေ့ရသည်။

"ယခု ငါ့ကို ရှိခိုးသောသင်ကား မည်သူနည်း"

"အရှင်မြတ်ဘုရား တပည့်တော်မသည် စဏ္ဍာလီ ဖြစ်ပါသည် ဘုရား၊ အရှင်ဘုရား တိုက်တွန်းမှုကြောင့် တပည့်တော်မသည် ဘုရားရှင် ကို ကြည်လင်သောစိတ်ထားဖြင့် ရှိခိုးခဲ့ပါသည်ဘုရား၊ တပည့်တော်မသည် မကြာခင် နွားမဝှေ့၍ကွယ်လွန်ပြီး ထိုဘုရားရှင်ကို ရှိခိုးခဲ့သော ကုသိုလ်ကံ အဟုန်ကြောင့် တာဝတိံသာနတ်ပြည်၌ လျှောက်ပတ်သော ဘုံဗိမာန်နှင့် ခံစားရပါသည်ဘုရား၊ တပည့်တော်မတွင် နတ်သမီးတစ်သိန်းအခြံအရံ ရှိပါသည် ဘုရား၊ တပည့်တော်မသည် ပြုအပ်ပြီးသော ကုသိုလ်ကံကောင်း မှုများစွာ ရှိခဲ့ပါသည်ဘုရား၊ ယခု ဘုရားရှင်နှင့် အရှင်ဘုရားကို ဖူးမြော် ရန်လာခဲ့ပါသည်ဘုရား"

စဏ္ဍာလီနတ်သမီးသည် ရှင်မောဂ္ဂလာန်မထေရ်မြတ်ကို ဤကဲ့သို့ အကြောင်းစုံလျှောက်ထားပြီးနောက် ဘုရားရှင်ကိုရှိခိုးက၍ ထိုနေရာမှာပင် ပျောက်ကွယ်သွားပါသည်။

ရှင်မောဂ္ဂလာန်မထေရ်မြတ်က ဘုရားရှင်ကို ရှိခိုးရန် တိုက်တွန်း ခဲ့သော သူတောင်းစားမကြီးသည် ယခု နတ်သမီးတစ်သိန်း အခြံအရံ ရှိသော နတ်သမီးဖြစ်နေလေပြီ။

ဘုရားရှင်အပေါ်၌ သဒ္ဓါကြည်လင်သော စိတ်စေတနာဖြင့် ရှိခိုး ရသော ကုသိုလ်ကံအကျိုးကား ကြီးမားလေစွပါတကား။

*စဏ္ဍာလီဝိမာနဝတ္ထု*

## ၁၆။ အဂ္ဂသာဝကတို့ကို ပြုံးစုခဲ့သောဘဒ္ဒိတ္ထိဝိမာန်ရှင်နတ်သမီး

ဘဒ္ဒိတ္ထိနတ်သမီး၏အကြောင်းကို ဘုရားရှင်သည် တာဝတိံသာ နတ်ပြည်၌ မယ်တော်မိနတ်သားအပါအဝင် နတ်ပြဟ္မာ အားလုံးကို ဝိါ

www.dhammaransi.com



တွင်းသုံးလကာလပတ်လုံး အဘိဓမ္မာတရားဟောခဲ့ရာမှ အပြန်တရားနာ ပရိသတ်တို့ကို ပြန်လည်ဟောပြောပြရာမှ အကြောင်းသိရသည်။

ထိုနတ်သမီး တာဝတိံသာနတ်၌ နတ်သမီးဖြစ်ရခြင်းသည် ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာတို့နှင့် ဆက်စပ်နေပါသည်။

အကြောင်းဖြစ်စုံက ဤသို့ဖြစ်ပါ၏။

ကပိလပြို့၌ ရတနာသုံးပါးကြည်ညိုပြီး အကျင့်သီလ သဒ္ဒါ တရားလည်း ပြည့်စုံသော ရောဟဏာမည်သော သူကြွယ်သား တစ်ယောက် ရှိပါသည်။ ထိုရောဟဏာသတို့သားနည်းတူ ဥစ္စာကြွယ်ဝခြင်း တူသော သူကြွယ်တစ်ဦး၌ ပင်ကိုသဘာဝအားဖြင့် စိတ်သဘောထား ကောင်းသော ဘဒ္ဒါအမည်ရှိသော သမီးသည် ရတနာသုံးပါး၌ ကြည်ညိုပြီး အကျင့်သီလ သဒ္ဒါတရားနှင့်လည်း ပြည့်စုံလေသည်။

အချိန်တန်သောအခါ ရောဟဏာမိဘများသည် ဘဒ္ဒါ၏ မိဘ များထံတောင်းရမ်း၍ ရောဟဏာနှင့်ဘဒ္ဒါကို လက်ထပ်ပေးခဲ့ကြလေသည်၊ ဘဒ္ဒါသည် အကျင့်သီလနှင့်ပြည့်စုံသောကြောင့် ကပိလပြို့၌ ဘဒ္ဒါကိုတို့ မိန်းမကောင်းတစ်ယောက် ဟု ကျော်ကြားလေသည်။

ဘဒ္ဒါ၏အကျင့်သီလ အာစာရနှင့်ပြည့်စုံမှုကြောင့် နတ်တို့သည် ဘဒ္ဒါကိုတို့ကို စောင့်ရှောက်ကြကုန်သည်။

တစ်နေ့တွင် ရောဟဏာသည် ကုန်သွယ်ရောင်းဝယ်ရင်း တက္ကသိုလ်ပြည်သို့ ရောက်နေသည်။ ထိုအချိန်တွင် နက္ခတ်ပွဲ သဘင်အချိန် ရောက်လာသည်။

ဘဒ္ဒါသည် နက္ခတ်ပွဲသဘင်နေ့၌ မိမိခင်ပွန်းဖြစ်သူနှင့် အတူတူ ကစားလိုသောစိတ်ဆန္ဒဖြစ်ပေါ်လာသည်။ ထိုဆန္ဒကို အိမ်စောင့်နတ်သည် သိ၍ နတ်တို့၏တန်ခိုးအာနုဘော်ဖြင့် ဘဒ္ဒါကို တက္ကသိုလ်ပြည်သို့ ပို့ဆောင် ပေးလေသည်။

www.dhammaransi.com



တက္ကသိုလ်ပြည်ဝယ် မိမိ၏ခင်ပွန်း ရောဟဏာနှင့်အတူ နေထိုင် ပေါင်းသင်းဆက်ဆံလာခဲ့ရာ မကြာခင်ကိုယ်ဝန်ရလာသည်။ အိမ်စောင့် နတ်သည် ဘဒ္ဒါကို တစ်ဖန်ကပိလမြို့သို့ ပြန်ပို့ပေးသည်။

ကိုယ်ဝန်သည် အစဉ်သဖြင့် ရင့်လာသည်ရှိသော် အကြောင်းရင်း ကို မသိကြသော ယောက္ခမဆွေမျိုး စသည်တို့သည် မိမိလင်ယောကျ်ားမရှိ ခိုက် ယောကျ်ားတစ်ပါးနှင့် ဖောက်ပြားကျူးလွန်သောမိန်းမဟု သံသယ ဖြစ်လေသည်။

ထိုအကြောင်းကိုသိသော အိမ်စောင့်နတ်သည် မိမိတန်ခိုး ရှိန် စော်အာနုဘော်ဖြင့် ဂင်္ဂါမြစ်ရေကို လှိုင်းတံပိုးထစေပြီး ကပိလတစ်မြို့ လုံးကို ရေလွှမ်းမိုးစေခဲ့သည်။

ဆွေမျိုးယောက္ခမတို့အကြား အကျော်စောမဲ့ဖြစ်စေခြင်းကို ပျောက်စေခြင်းငှာ ဘဒ္ဒါကို အဓိဋ္ဌာန်စေသည်။

ဘဒ္ဒါသည် မိမိလင်ကို ပြတ်နိုးခြင်းရှိသော မိန်းမ၏အဖြစ်ကို သစ္စာဆို၍ ရေကိုကျစေသည်။ ထိုသစ္စာဆိုမှုကို လူအများ မြင်စေသည်။

တစ်ဖန် တက္ကသိုလ်ပြည်၌ မိမိလင်နှင့်အတူနေစဉ် လင်က ပေးအပ်သောလက်စွပ်ကိုပြ၍ သံသယကို ပယ်ဖျောက်စေသည်။

အိမ်စောင့်နတ်က ဤမျှစောင့်ရှောက်လေသည်။

တစ်နေ့သောအချိန်တွင် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် တို့သည် ငါးရာသောရဟန်းအပေါင်းခြံရံလျက် ဇနပုဒ်ဒေသများသို့ ကြွ ပျောက်ကြရာ ကပိလမြို့သို့ ရောက်ရှိကြလေသည်။

ထိုအဂ္ဂသာဝကနှစ်ပါးကို ရောဟဏာ၊ ဘဒ္ဒါတို့ဇနီးမောင်နှံသည် ဆွမ်းအလို့ငှာပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးဆက်ကပ်သည်။ မထေရ်မြတ်တို့ ထံတရားနာကြသည်။ ထိုမထေရ်မြတ်တို့၏ အဆုံးအမကိုခံယူကာ သရဏဂုံနှင့် ငါးပါးသီလတို့ကို ဥပုသ်နေ့တိုင်း အသက်ထက်ဆုံး ဆောက် တည်ကြလေသည်။

www.dhammaransi.com



အခါတစ်ပါး၌ ဘဒ္ဒါသည် စုတေသေလွန်သော တာဝတိံသာ နတ်ပြည်၌ နတ်သမီးဖြစ်လေသည်။

ဘုရားရှင်သည် ပယ်တော်မိနတ်သားကို ကျေးဇူးဆပ် အဘိဓမ္မာတရားဟောရန် တာဝတိံသာနတ်ပြည်သို့ကြွ၍ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာပြ ကျောက်ဖျာ၌ သီတင်းသုံးစဉ် ဘဒ္ဒကိတ္တိနတ်သမီးသည် ဘုရားထံ ဖူးမြော်ရန် ရောက်လာခဲ့သည်။

ဘဒ္ဒကိတ္တိနတ်သမီးသည် ဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် သင့်တော်သောနေရာ၌ နေလေသည်။

ဘုရားရှင်သည် တစ်သောင်းသောလောကဓာတ်တို့မှ စုဝေးရောက်လာသော နတ်ပြဟ္မာတို့၏အလယ်၌ ဘဒ္ဒကိတ္တိနတ်သမီး၏ ရှေးဘဝက ပြုခဲ့သောကုသိုလ်ကောင်းမှုကို မေးမြန်းတော်မူလေသည်။

''ကောင်းမြတ်သောပညာရှိသော နတ်သမီး ညို၊ ရွှေ ပည်းနက် မောင်းသောအဆင်း၊ နီသောအဆင်း၊ ဖြူသော အဆင်းအစ ရှိသော အဆင်းအမျိုးမျိုးရှိသည့် ဝတ်ဆံဝတ်မှုန်အလုံးစုံတို့ဖြင့် ပြံရလျက် ပဒုမာရဂ အမည်ရှိသော နတ်ပန်းတို့ကို ဦးထိပ်၍ပန်ဆင်ပြီးကြီးမားသော အခြံအရံဖြင့် ငါဘုရားထံသို့ ရောက်လာ၏။ သင်သည် အဘယ်ကောင်းမှုကိုပြုခဲ့၍ ဤနတ်ပြည် ဤအကျိုးကို ခံစားခဲ့ရပါသနည်း''

''အရှင်မြတ်ဘုရား တပည့်တော်မသည် လူ့ဘဝရှိစဉ်က သီလ ငါးပါးကို မြဲခဲ့ပါသည်။ ကုသိုလ်ကောင်းမှုတို့၌ မွေ့လျော်ခဲ့ပြီး ရဟန်းသံဃာ မြတ်တို့ကိုလည်းကောင်း၊ အဂ္ဂသာဝကတို့ကိုလည်းကောင်း သွပ်းလုပ်ကျွေး ပြုစုခဲ့ပါသည်။ ဥပုသ်နေ့တိုင်း ဥပုသ်သီတင်းစောင့်သုံးတည်ခဲ့ပါသည်၊ သုစရိုက်တရားတို့၌ ပျော်မွေ့ခဲ့ပါသည်။ ဤမည်သောကုသိုလ်ကောင်းမှုတို့ကြောင့် တပည့်တော်မသည် ဤတာဝတိံသာနတ်ပြည်၌ အရောင်အဆင်း လှပပြီး အခြံအရံများသော နတ်သမီးဖြစ်ခဲ့ရပါသည် ဘုရား''

*ဘဒ္ဒိကိတ္တိဝိမာနဝတ္ထု*

www.dhammaransi.com



## ၁၇။ ဒါနသီလအရှင်သောဏဒိန္နနတ်သမီး

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ်ဖြစ်သည်။

နာဠန္ဒမြို့မှ သောဏဒိန္နအမည်ရှိသော အမျိုးသမီးသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ရဟန်းသံဃာတို့ကို ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လုပ်ကျွေးသည်။ အလွန်စင်ကြယ်သော သီလရှိသည်။ ဥပုသ်နေ့နှင့် အဖိတ်နေ့တွင် ရှစ်ပါးသီလအမြဲစောင့်သုံးလေ့ရှိသည်။

တရားတော်ကို နာကြားပြီး ကမ္မဋ္ဌာန်းတရား ဝိပဿနာတရားတို့ကို အချိန်ရသရွေ့ အားထုတ်ခဲ့ရာ သောတာပန်အဖြစ်သို့ ရောက်ခဲ့သည်။

**ရရှိအပ်သော နတ်စည်းစိမ်**

ထိုအမျိုးသမီးသည် သက်တမ်းကုန်၍ ကွယ်လွန်သော် တာဝတိံသာနတ်ပြည်၌ သောဏဒိန္နနတ်သမီးဟူ၍ ဖြစ်လေသည်။

အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် နတ်ပြည်တက်၍ လူသားတို့၏ ကုသိုလ်ကို လေ့လာစုံစမ်းရာတွင် ထိုနတ်သမီးနှင့် တွေ့၍ ပြုခဲ့သော ကုသိုလ်ကောင်းမှုကို မေးခဲ့သည်။

နတ်သမီးက မိမိပြုခဲ့သော ကောင်းမှုကုသိုလ်တို့ကို လျှောက်ထားပြသည်။ ထိုနတ်သမီးသည် ဒါန၊ သီလ အကျိုးကြောင့် နတ်သမီးဘဝဝယ်

- အဆင်းအရောင် အလွန်တင့်တယ်သည်။
- နတ်သမီး၏ ကိုယ်ရောင်သည် အရပ်ဆယ်မျက်နှာပျံ့နှံ့သည်။
- ဆန်းကြယ်လှပသော ဘုံဗိမာန်နှင့် နေရသည်။
- နတ်သမီး ခြွေရံပေါ်များသည်။
- အတုမရှိသော နတ်စည်းစိမ်ချမ်းသာကို ရရှိခံစားရသည်။

*သောဏဒိန္နဝိမာနဝတ္ထု*

www.dhammaransi.com



## ၁၈။ ဥပုသ်အမြဲစောင့်ခဲ့သော ဥပေါသထနတ်သမီး

သာကေတပြို့နေ အမျိုးသမီးတစ်ဦးသည် သိတတ်သော အရွယ်တွင် တာဝတိံသာနတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်၏ သာယာလှပပုံ ပျော်ဖွယ်ရာအစုံစုံနှင့် ပြည့်စုံပုံတို့ကို နာကြားရ၍ ထိုနန္ဒဝန်ဥယျာဉ်သို့ ရောက်လိုသောဆန္ဒ ပြင်းပြစွာရှိခဲ့သည်။

ထိုနန္ဒဝန်ဥယျာဉ်သို့ရောက်ရှိရန် ပည်သည့်ကာရားတော်များကို ကျင့်ကြံရမည်နည်းဟု လေ့လာသောအခါ ဒါနမှု သီလမှု၌လေ့ကျက်သော် ရောက်ရှိနိုင်သည်ကို သိရှိရသဖြင့် လဆန်းပက္ခ၊ လဆုပ်ပက္ခ ဥပုသ်နေ့တို့၌ ဥပုသ်သီတင်းကို အမြဲစောင့်သုံး ထိန်းသိမ်းခဲ့သည်။ ဒါနတရားကိုလည်း နိုင်သရွေ့ပြုစုပေးလှူခဲ့သည်။ တရားဓမ္မတို့ကိုလည်း နာကြား၍ သမထ ဝိပဿနာတရားတို့ကိုလည်း ကြိုးစားအားထုတ်ခဲ့လေသည်။ ကျင့်ကြံအား ထုတ်မှုများ၍ ဥပေါသထဥပုသ်သည်ဟူ၍ပင် ထင်ရှားခဲ့သည်။

တရားတော်နာတိုင်း နာတိုင်း ဘုရားရှင်က ကရုဏာ ထား၍–

''ချစ်သမီးတို့ သင်တို့ဆရာ ငါဘုရားသည် အနည်းငယ်သော ဘဝကိုမျှ တောင့်တတပ်မက်မှုကိုလည်း ချီးမွမ်းတော်မမူ'' ဟု ဟော တော်မူသည်ကို နားမဝင်ခဲ့၊ နန္ဒဝန်ဥယျာဉ်သို့ ရောက်လိုသောဆန္ဒသာ ပြင်းပြခဲ့သည်။

စုတေ၍သေလွန်သောအခါ ပြုခဲ့သောဒါန သီလဘာဝနာ ကုသိုလ်ကံအကျိုးဆက်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ် လေသည်၊ နန္ဒဝန်ဥယျာဉ်၌လည်း ခံစားလျက် ပျော်ပါးခွင့်ရခဲ့လေသည်။

ထိုဥပါသထနတ်သမီးသည် အချိန်ကြာပြင့်စွာ နတ်စည်းစိမ်ကို ခံစားပြီးသော် ပိမိရှေ့မှာပင် နတ်သက်ကြွေကုန်သော နတ်သမီးနတ်သား တို့ကို ပြင်သော် မမြဲသောသဘောကို သတိသံဝေဂရလာသည်။ ဝဋ်ဒုက္ခမှ ကင်းလွတ်ရာတရားကို ကျင့်ကြံ အားထုတ်လိုသည်။

www.dhammaransi.com



သို့သော် တာဝတိံသာနတ်ပြည်၌ ပျော်ရွှင်မှုစည်းစိမ် ချမ်းသာက အားကြီးလွန်းသဖြင့် ဝဋ္ဋဒုက္ခမှကင်းလွတ်ရာတရားကိုကျင့်ရန် မလွယ်ပေ။

သို့အတွက် ဥပေါသထနတ်သမီးသည် ရှင်မောဂ္ဂလာန်ကို တွေ့ရသောအခါ သူမ၏ဆန္ဒမိုက်မှားမှုကို နောင်တတစ်ဖန် ပူပန်ပြီး လျှောက်ထားလေသည်။

ရှင်မောဂ္ဂလာန်က ထိုနတ်သမီးကို နောင်အခါ၌ လူအဖြစ်ကိုရလျက် ဝဋ္ဋဒုက္ခမှကင်းလွတ်ရာကို ပြုလုပ်အားထုတ်က ရနိုင်သည့်အဖြစ်ကိုလည်းကောင်း၊ ကိလေသာကုန်ခမ်းသော ရဟန်းအဖြစ်မည်သည့်အခါ ခပ်သိမ်းအကျိုးအာနိသင်ကြီးမားလှသည့် အဖြစ်ကိုလည်းကောင်း ပြောပြနှစ်သိမ့်လို၍ ဤသို့မေးခဲ့ပါသည်။

"အသင်နတ်သမီး ဤဗိမာန်၌ အဘယ်မျှလောက် ကြာမြင့်စွာနေရပါမည်နည်း။ သင်၏အသက်အပိုင်းကို အကယ်၍သိရှိပါမူ ငါ့အား ဖြေကြားပါလော့"

"အရှင်မြတ်ဘုရား တပည့်တော်မသည် အနှစ်သုံး ကုဋေ ခြောက်သောင်းတို့ပတ်လုံး ဤနတ်ပြည်၌ နေရပါမည်ဘုရား"

"အသင်နတ်သမီး သင်မကြောက်ရွံ့လင့်၊ သင်သည် သောတာပန်အဖြစ်သို့ရောက်ပြီဟု ဘုရားရှင်က ပြောပြထားခဲ့သူဖြစ်သည်။ သင်သည် ဒုဂ္ဂတိဘဝကို ပယ်ဖျောက်အပ်ပြီးဖြစ်သည်။ သင်သည် စိုးရိမ်စရာမရှိတော့"

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးကို ဤသို့စိတ်သက်သာရာရစေရန် ဟောပြောဆုံးမခဲ့ပါသည်။ ထိုနတ်သမီးသည်လည်း ရှင်မောဂ္ဂလာန်ဟောပြောပြမှုကို ကျေနပ်နှစ်သိမ့် ဝမ်းမြောက်လေသည်။

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးထံမှ ဖယ်ခွာ၍ လူ့ပြည်သို့ ပြန်ကြွလာခဲ့ပါတော့သည်။

ဤနတ်သမီး၏နောင်တသံဝေဂအရ နတ်ပြည်ဟူသည် အေး

www.dhammaransi.com



ချမ်းသာယာပျော်ရွှင်စရာအစုံစုံတို့ဖြင့် ပြည့်စုံသည်ပုန်သော်လည်း ဝဋ်ဒုက္ခ လွတ်မြောက်ရေးကိုမူ ကြိုးစားအားထုတ်၍ မရနိုင်ပါတကား။

*ဥပေါသထဝိမာနဝတ္ထု*

## ၁၉-၂၀။ ဒါနသီလကုသိုလ်ရှင် နိဒ္ဒါ သုနိဒ္ဒါနတ်သမီးများ

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်၌ သီတင်းသုံးနေသော အချိန် ကာလဖြစ်သည်။

ရာဇဂြိုဟ်ပြည်၌ နိဒ္ဒါအမည်ရှိသော ဥပါသိကာမသည် ရတနာ သုံးပါး၌ ကြည်ညိုပြတ်နိုးသည်။ ရဟန်းသံဃာတို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကို လှူဒါန်းသည်။ ငါးပါးသီလကို အစဉ်စောင့်ထိန်းသည်။ အဖိတ်နေ့၊ ဥပုသ်နေ့၊ ဥပုသ်နောက်နေ့တို့၌ ရှစ်ပါးသီလကို အယူးလုံ ခြုံအောင် ထိန်းသိမ်းစောင့်ရှောက်သည်။

တရားတော်ကို ရိုသေစွာ နာပြီးလျှင် ကမ္မဋ္ဌာန်းတရားတို့ကို တတ်နိုင်သရွေ့ ကြိုးစားအားထုတ်ခဲ့ရာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက် ခဲ့လေသည်။

**ခံစားရသော နတ်စည်းစိမ်**

ထိုအမျိုးသမီးသည် တစ်စုံတစ်ခုသော ရောဂါဖြင့် ကွယ်လွန် သောအခါဝယ် တာဝတိံသာ နတ်ပြည်၌ နိဒ္ဒါအမည်ရှိသော နတ်သမီး ဖြစ်သည်။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် တာဝတိံသာနတ်ပြည်သို့ ကြွ၍ လူသားတို့၏ ကုသိုလ်ကောင်းမှုကို စုံစမ်းသောအခါ ထိုနတ်သမီးကို တွေ့၍ ပြုအပ်သော ကောင်းမှုကို မေးခဲ့သည်။

နတ်သမီးက မိမိ၏ လူ့ဘဝပြုခဲ့သော ကောင်းမှုနှင့် ရအပ်သော မဂ်အထောက်အပံ့ကို လျှောက်ထားပြသည်။

www.dhammaransi.com



- ထိုနတ်သမီး၏ ကိုယ်ရောင်အဆင်းသည် အလွန်လှပတင့်တယ်သည်။
- ကိုယ်ရောင်သည် အရပ်ဆယ်မျက်နှာထိ ပျံ့နှံ့တည်သည်။
- များသော အခြံအရံ ရှိသည်။
- အလွန်ဆန်းကြယ်သော ဘုံဗိမာန်နှင့် နေရသည်။

(အလားတူ သုနိဒ္ဒါနတ်သမီးလည်း အလားတူကုသိုလ်ပြုခဲ့၍ ရှင်မောဂ္ဂလန်က တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ခံစားရသော နတ်စည်းစိမ်ချမ်းသာတူ၍ သီးသန့်မဖော်ပြတော့ပါ။)

*နိဒ္ဒါဝိမာန သုနိဒ္ဒါဝိမာနဝတ္ထု*

## ၂၁။ ကိုယ်ထိလက်ရောက် ပေးလှူမြောက်သော ဘိက္ခာဒါယိကာနတ်သမီး

ဘုရားရှင် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်စဉ်က ဖြစ်ပါသည်။ ဘုရားရှင်သည် ဘုရားရှင်တို့၏ဝလေ့အရ နံနက်မိုးသောက်ကာလ မဟာကရုဏာသမာပတ်ဖြင့် လောကကိုကြည့်သည်ရှိသော် မြောက်မဓုရပြည်၌ တစ်ယောက်သော မိန်းမသည် သက်တမ်းကုန်ဆုံးပြီးအဖြစ်ကိုလည်းကောင်း၊ အပါယ်ငရဲ၌ ကျရောက်ရမည့် အဖြစ်ကိုလည်းကောင်း မြင်တော်မူလေသည်။

သို့အတွက် ဘုရားရှင်သည် ထိုအမျိုးသမီးကို အပါယ်ဘေးမှ ကင်းဝေးရန် ကယ်တင်လိုသော မဟာကရုဏာတော်ဖြင့် မဓုရပြည်သို့ အဖော်မပါတစ်ပါးတည်းဖြင့် သက်န်းပရိက္ခရာကို ယူ၍ ကြွတော်မူလေသည်။

ထိုအခါ မိန်းမသည် အိမ်၌စားသောက်ဖွယ်ရာ အစာအာဟာရကို ချက်ပြုတ်ပြီးစီး၍ သင့်လျော်ရာနေရာ၌ သိုမှီး သိမ်းဆည်းပြီးလျှင် ရေခပ်ရန် ထွက်ခဲ့လေသည်။

www.dhammaransi.com



ရေခပ်ရာမှအပြန် လမ်းခရီးတွင် ဘုရားရှင်ကိုဖူးတွေ့ရလေသည်။ ထိုအမျိုးသမီးသည် ဘုရားရှင်ကို ဖူးမြင်ရလျှင် အလွန်ကြည်ညိုဝမ်းမြောက်သောစိတ်ဖြစ်ပြီးလျှင် ဤသို့လျှောက်ထားသည်။

''အရှင်ဘုရား ဆွမ်းရလာပါပြီလား ဘုရား''

''ရပါလိမ့်မည်''

''အရှင်ဘုရား တပည့်တော်မသည် အရှင်ဘုရားကို ဆွမ်းလှူလိုပါသည်''

''ဘုရားတပည့်တော်မဆွမ်းကို အလှူခံတော်မူပါဘုရား''

ဘုရားရှင်သည် ဆိတ်ဆိတ်နေကာ သည်းခံတော်မူသည်။ ထိုမိန်းမသည် ဘုရားရှင် သည်းခံသည်အဖြစ်ကိုသိရှိပြီးလျှင် ရှေ့မှ အိမ်သို့အမြန်သွားကာ ဘုရားရှင်အတွက် နေရာတော်ကို ခင်းလေသည်။ ဘုရားရှင်ကြွလာသည်ကို ကြည့်မျှော်ဖူးမြင်ရပ်နေလေသည်။

ဘုရားရှင်သည် ထိုအမျိုးသမီး ခင်းထားသောနေရာဝယ် ထိုင်တော်မူလေသည်။ ထိုမိန်းမသည် ဘုရားရှင်ကို ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးဆက်ကပ်လေသည်။ ဘုရားရှင် ဘုဉ်းပေးပြီးသော် ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူလေသည်။

အမျိုးသမီးသည် ဘုရားရှင်၏ ဆွမ်းအနုမောဒနာတရားကို ကြားနာရ၍ အတိုင်းထက်အလွန် မွန်မြတ်နှစ်သက်သော ပီတိသောမနဿကို ခံစားလျက် ဘုရားရှင်ကြွသွားသည်ကို မျက်စိတစ်ဆုံး ဖူးမြော်လျက်နေလေသည်။

## ခံစားရသောနတ်စည်းစိမ်

ထိုအမျိုးသမီးသည် ဘုရားရှင်ကို ဆွမ်းလှူပြီး နှစ်ရက်သုံးရက်အလွန်တွင် ကွယ်လွန်သွားခဲ့ရာ တာဝတိံသာနတ်ပြည်၌ အရောင်အဝါ ထွန်းလင်းတောက်ပသော နတ်သမီးဖြစ်လေသည်။

www.dhammaransi.com



လောက၌ စေတနာသဒ္ဓါတရားကြည်လင်မှုနှင့် အလှူခံ ပုဂ္ဂိုလ်၏မှန်မြတ်မှုကို ဆုံတွေ့ရမှုသည် လယ်ယာမြေကောင်း၌ မျိုးစေ့ကောင်းချ၍ စိုက်ပျိုးသူအား အသီးကောင်းကိုစားသုံးရ သကဲ့သို့ ကောင်းမြတ်သော အကျိုးစီးပွားကို ချက်ချင်းခံစား-စံစား ကြရလေသည်တကား။

*ဘိက္ခာဒါယိကာဝိမာနဝတ္ထု*

## ၂၂။ ရဟန္တာကို ဆွမ်းလှူခဲ့သော ဒုတိယဘိက္ခာဒါယိကာနတ်သမီး

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်၌ သီတင်းသုံးစဉ် အချိန်ကာလ ဖြစ်သည်။

ရာဇဂြိုဟ်ပြည်၌ အမျိုးအမည်အားဖြင့် မထင်ရှားသော အမျိုးသမီးတစ်ယောက်သည် ဆွမ်းခံကြွလာသော ရဟန္တာမထေရ်မြတ်တစ်ပါးကို မြင်ရပြီး အလွန်ကြည်ညိုသော သဒ္ဓါတရားဖြစ်ပေါ်လာသည်ဖြစ်၍ ရဟန္တာကို အိမ်သို့ပင့်ဆောင်ကာ မွန်မြတ်သော ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းလေသည်။

ရဟန္တာမထေရ်သည် ဆွမ်းအနုမောဒနာတရားကို ဟောကြားပြီးလျှင် ပြန်ကြွတော်မူသည်။

ထိုအမျိုးသမီးလည်း ရဟန္တာကို လှူလိုက်ရသော ဆွမ်းနှင့် ရဟန္တာဟောကြားခဲ့သော ဆွမ်းအနုမောဒနာတရားကို အလွန်နှစ်သက်ဝမ်းမြောက်သောစိတ်ဖြင့် အစဉ်သတိရအောက်မေ့နေမိသည်။

### ရအပ်သောနတ်းစည်းစိမ်

ထိုအမျိုးသမီးသည် သေလွန်သောအခါ ထိုဆွမ်းအလှူ၏ ကုသိုလ်ကောင်းမှု အာနုဘော်ကြောင့် တာဝတိံသာနတ်ပြည်ဝယ် ဘိက္ခာဒါယိက နတ်သမီး ဖြစ်ရလေသည်။

www.dhammaransi.com



အရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့တက်၍ လူသား တို့၏ ကုသိုလ်ကို လေ့လာစုံစမ်းသောအခါ ထိုနတ်သမီးကို တွေ့၍ ပြု အပ်သော ကောင်းမှုကို မေးသည်။

နတ်သမီးက မိမိ၏ လူ့ဘဝက ပြုခဲ့သော ကောင်းမှုကို လျှောက် ထားကြလေသည်။

- ထိုနတ်သမီးသည် ဆွမ်းလှူခဲ့သော ကောင်းမှုကြောင့်
- အရောင်အဆင်း အလွန်လှပတင့်တယ်သည်။
- ကိုယ်ရောင်ကိုယ်ဝါသည် အရပ်ဆယ်မျက်နှာပျံ့နှံ့သည်။
- များပြားသော အခြံအရံနှင့် များပြားသော နတ်စည်းစိမ်ကို ရရှိခံစားရသည်။

*ဒုတိယဘိက္ခုဒါယိကာဝိမာနဝတ္ထု*

## ၂၃။ ဥတ္တရာနတ်သမီး

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေထိုင်စဉ်က ဖြစ်ပါသည်။

ရာဇဂြိုဟ်ပြည်၌ အရှင်မောဂ္ဂလာန်၏ အလုပ်အကျွေး ဖြစ်သော အမျိုးအိမ်ဝယ် သူငယ်မတစ်ဦး ရှိသည်။

ထိုသူငယ်မသည် စွန့်ကြဲပေးကမ်းလိုသော သဒ္ဓါတရား ရှိသည်၊ စွန့်ကြဲပေးကမ်းမှု၌ မွေ့လျော်သည်။ နံနက်စာထမင်း ပစားမီ မိမိအတွက် ရသောအစားအစာ၏ထက်ဝက်ကို လှူဒါန်း ပေးကမ်းပြီး ကျန်တစ်ဝက်ကို သာ မိမိစားလေ့ရှိသည်။ မလှူဒါန်း မပေးကမ်းမူ၍ မည်သည့်အခါမျှ စားသောက်လေ့မရှိပေ။

မြတ်သောအလှူခံပုဂ္ဂိုလ်တို့ကို မတွေ့မြင်သောအခါ၌လည်း ချန်ထားလေ့ရှိပြီး တွေ့မြင်သော တစ်ချိန်ချိန် လှူဒါန်းလေ့ရှိသည်၊ ဖုန်း တောင်းယာစကာတို့ကိုလည်း မပြတ်ပေးကမ်း လှူဒါန်းလေ့ရှိသည်။

www.dhammaransi.com



"ငါ့သမီးသည်ကား လှူဒါန်းပေးကမ်းသောအမှု၌ နှစ်သက်မျော်မွေ့၏"

ထိုသူငယ်မ၏မိခင်သည် သမီးအတွက် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည့်ဖြစ်၍ သူမအတွက်စေစုကိုနှစ်ဆမျှ ပေးလေရာ သူငယ်မသည် ပေးသမျှကို အမြဲတစ်ဝက်ခွဲ၍ ပေးကမ်းသည်သာတည်း။

ထိုအမျိုးသမီးငယ် အရွယ်ရောက်သည်ရှိသော် မိဘတို့သည် ရာဇဂြိုဟ်ပြည်ရှိ တစ်ဦးသောအမျိုး၏သားနှင့် ထိမ်းမြားလက်ထပ်ပေးကြလေသည်။

ထိုသတို့သား၏ အမျိုးမိဘတို့သည် ရတနာသုံးပါး၌ မယုံကြည် အယူမှားသူများဖြစ်သည်။ ကံ-ကံ၏အကျိုးကို မယုံကြည်၊ အလှူဒါနပေးကမ်းမှု၌လည်း ဝါသနာမထုံချေ။

အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးသည် ရာဇဂြိုဟ်မြို့၌ အိမ်စဉ်မပြတ်ဆွမ်းအလို့ငှာ လှည့်လည်ကြွသည်ရှိသော် ထိုအမျိုးသမီးငယ်၏ ယောက္ခမအိမ်ရှေ့သို့ ရောက်လာသည်။

သူငယ်မသည် အရှင်မောဂ္ဂလာန်ဆွမ်းရက်သည်ကို မြင်သည်ရှိသော် ကြည်လင်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍

"အိမ်ထဲသို့ ဝင်ရောက်တော်မူပါဘုရား" ဟု ပင့်လျှောက်ပြီးရှိသေစွာ ရှိခိုးလေသည်။

ထို့နောက် ယောက္ခမအတွက်ထားသောမုန့်ကို အကျွမ်းတဝင်ရင်းနှီးသည့်အနေနှင့် ယူငင်၍ ယောက္ခမကို ပန်ကြားရန် ကြည့်ရှုသော် မတွေ့လျှင် နောက်မှပြောပြ၍ ယောက္ခမကို ဝမ်းမြောက်စေအံ့ဟု ကြံစည်ကာ မထေရ်မြတ်အား လောင်းလှူလိုက်လေသည်။

မထေရ်မြတ်သည် အနုမောဒနာတရားဟောကြားပြီး ဖယ်ခွာကြွသွားလေသည်။ သူငယ်မသည် ယောက္ခမပြန်လာသောအခါ

www.dhammaransi.com



''အရှင်တို့အဖို့ရာ ချန်ထားသောမုန့်ကို အကျွန်ုပ်သည် အရှင်မောဂ္ဂလာန်မထေရ်မြတ်အား လှူဒါန်းလိုက်ပါသည်''ဟု ပြောပြသည်။

''သင်အဘယ်ကြောင့် ဤကဲ့သို့ရဲတင်းစွာ စော်ကားခြင်းအမှုကို ပြုဘိသနည်း။ ငါ့ကိုမပန်ကြားဘဲ ငါ့အတွက် မုန့်ကို အဘယ်ကြောင့် ရဟန်းကို လှူလိုက်ရသနည်း''

ယောကျ်ားမသည် ဒေါသအမျက်ချောင်းချောင်းထွက်ပြီး သင့်-မသင့် မစဉ်းစားဘဲ ဒေါသအလျောက် ရှေ့တွင်တွေ့ရသော ကျည်ပွေ့ ဖြတ်ပိုင်းကိုဆွဲယူပြီး သူငယ်မကို ပခုံးစွန်း၌ တအားရိုက်ချလေသည်။

သူငယ်မသည် သိမ်မွေ့နူးညံ့သော ကိုယ်အင်္ဂါရှိသောကြောင့် လည်းကောင်း၊ သက်တမ်းလည်းကုန်ဆုံးချိန်ရောက်သဖြင့်လည်းကောင်း၊ ယောကျ်ားမရိုက်သောဒဏ်ရာကို ပြင်းထန်စွာ နစ်ရက်-သုံးရက်ခံစားပြီး ကွယ်လွန်အနိစ္စရောက်လေသည်။

## ခံစားရသောနတ်စည်းစိမ်

ထိုသူငယ်မသည် အခြားသောဆည်းပူးလေ့ကျက်ပြီးသော ကုသိုလ်ကောင်းမှုများရှိသဖြင့်လည်းကောင်း၊ တန်ခိုးကြီးသော အရှင်မောဂ္ဂလာန်မထေရ်မြတ်ကို လှူဒါန်းခဲ့သော ကုသိုလ်ကံကြောင့်လည်းကောင်း၊ တာဝတိံသာနတ်ပြည်ဝယ် အလွန်အာနုဘော်ကြီးသော နတ်သမီးတစ်ပါး ဖြစ်ရလေသည်။

- ဗိမာန်သည် ရွှေအတိပြီးသည်။
- အရပ်လေးမျက်နှာသို့ အရောင်တောက်ပသည်။
- ဝတ်စားတန်ဆာပြည့်စုံသော နတ်သား၊ နတ်သမီးတို့ကလည်း သီဆိုဖျော်ဖြေရသည်။
- လိုသမျှပြည့်စုံသော တန်ခိုးအာနုဘော်ရှိသည်။

*ဥစ္စာရဝိမာနဝတ္ထု*

www.dhammaransi.com



## ၂၄။ ကြဲချောင်းလှူခဲ့သော ဥစ္စာနတ်သမီး

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အချိန်ကာလဖြစ်သည်။

အရှင်မောဂ္ဂလာန်၏ အလုပ်အကျွေးဖြစ်သော ဒါယကာတစ်ဦး အိမ်၌ သူငယ်မတစ်ယောက်သည် လှူဒါန်းပေးကမ်းမှု၌ အလွန်ဝါသနာ ထုံခဲ့သည်။

အရွယ်ရောက်လတ်သော် မထင်ရှားသော အမျိုးသားတစ်ဦး နှင့် လက်ထပ်ခဲ့ရပြီး ယောက္ခမအိမ်သို့ လိုက်နေရလေသည်။

ထိုယောက္ခမများသည်ကား ရတနာသုံးပါး၌ မယုံကြည်၊ မိစ္ဆာဒိဋ္ဌိ အယူရှိကြသည်။

တစ်နေ့တွင် အရှင်မောဂ္ဂလာန်မထေရ်သည် မြို့ထဲသို့ ဆွမ်းခံ ကြွလာရာတွင် ထိုအမျိုးသမီး၏ ယောက္ခမအိမ်ရှေ့သို့ ရောက်လာသည်။ အမျိုးသမီးသည် ရှင်မောဂ္ဂလာန်ကို မြင်ရသောအခါ အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ လောင်းလှူစရာ အရာဝတ္ထုကို ရှာသည်။

တစ်နေရာတွင် မိမိ၏ ယောက္ခမထားသော ကြံတစ်ချောင်းကို တွေ့၍ ထိုကြံချောင်းကို နောက်မှ ယောက္ခမကို ပြောမည်ဟု ကြံစည်ပြီး လျှင် ထိုကြံချောင်းကို ယူကာ လောင်းလှူလိုက်လေသည်။ အရှင် မောဂ္ဂလာန်သည် အနုမောဒနာတရား ဟောပြီး ပြန်ကြွသွားလေသည်။

ယောက္ခမပြန်လာသောအခါ မိမိထားသော ကြံချောင်းကို မမြင် ၍ မေးသည်။

"အရှင်မောဂ္ဂလာန် ဆွမ်းရပ်လာ၍ လှူလိုက်ပါသည်။ ထိုအလှူ အတွက် အရှင်မသည် ဝမ်းမြောက်စွာ သာဓုခေါ်ပါ" ဟု ဝမ်းမြောက်စွာ ကြည်လင်စွာ ပြောပြသည်။

ယောက္ခမသည် ဝမ်းမမြောက်သည့်ပြင် မိစ္ဆာဒိဋ္ဌိဖြစ်သည့်အား လျော်စွာ မိမိကို အသိမပေးဘဲ လှူရမည်လားဟု ဒေါမန်ပွားကာ

www.dhammaransi.com



ဆဲဆိုပြီးလျှင် အနီးရှိ အင်းကြည်ခုံနှင့် ရိုက်နှက်လေသည်။

အမျိုးသမီးသည် ထိုဒဏ်ရာဖြင့်ပင် ကွယ်လွန်ရာ တာဝတိံသာ နတ်ပြည်ဝယ် ဥစ္စုနတ်သမီး ဖြစ်ရလေသည်။

## ခံစားရသော နတ်စည်းစိမ်

အရှင်မောဂ္ဂလန်သည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေစဉ် လ,နေ, ပြဟ္မာတို့ကဲ့သို့ နတ်နှင့်တကွသော မြေပြင်ကို ထွန်းလင်းသော အသရေအဲဆင်းအရောင်ဖြင့် တောက်ပလျက် အခြံအရံများစွာနှင့် သိကြားမင်းတင့်တယ်ခြင်းကဲ့သို့ တင့်တယ်စွာသော နတ်သမီးတစ်ပါး သည် နားတွင် ကြာညိုပန်းအဆင်းရှိသော နားသွယ်ပန်း၊ ဦးဆောက်ပန်း၊ နားဋ္ဌောင်း နားကပ်တို့ ဝတ်ဆင်ထားလျက် တလက်လက် တောက်ပသော လက်ကောက်ခြေကျင်း ရှုချင်စဖွယ်ရှိသော နတ်ဝက်ထမိ၊ အင်္ကျီတို့ကို ဝတ်ဆင်လျက် အရှင်မောဂ္ဂလန်ထံ လာရောက်ပြီး ရှိခိုးနေသည်။

အရှင်မောဂ္ဂလန်က ထိုနတ်သမီးကို အသင်မည်သူနည်း၊ အဘယ်ကောင်းမှုကို ပြုခဲ့၍ ဤမျှ အခြံအရံပေါပြီး တန်ခိုးကြီးမားပါ သနည်း။ ပြုခဲ့သော ကောင်းမှုကို ပြောပြပါဟု မေးသည်။

ထိုအခါ ဥစ္စုနတ်သမီးသည် မိမိပြုလုပ်ခဲ့သော ကုသိုလ်ကောင်း မှုအကြောင်းစုံကို လျှောက်ထားပြီး

''အရှင်ဘုရား တပည့်တော်မသည် အရှင်ဘုရားကို ရှိခိုးပါ၏။ အရှင်ဘုရားကို ကြံတစ်ပိုင်းမျှ လှူခဲ့ပါသည်။ အရှင်ဘုရား၏ ဂုဏ်ကျေးဇူး ကြောင့် ဤမျှအတိုင်း အရှည်မရှိသော နတ်၏ စည်းစိမ်ကို ရရှိခံစားရပါ သည်''

ဟုလျှောက်ထားပြီးလျှင် မထေရ်မြတ်ကို ရှိခိုးကာ နတ်ပြည်သို့ ပြန်သွားလေသည်။

*ဥစ္စုဝိမာနဝတ္ထု*

---

www.dhammaransi.com



## ၂၄။ လင်သားပြုစုခဲ့သော ပလ္လင်နတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ကြွရောက်ခဲ့ပါသည်။ နတ်သမီးတစ်ပါးသည် အရပ်မျက်နှာအားလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပနေသည်။ ထိုနတ်သမီး၏ ပတ်ဝန်းကျင်တွင် နတ်သား နတ်သမီးတို့သည် ဝမ်းမြောက်ဝမ်းသာ ကခုန်ဖျော်ဖြေလျက်ရှိသည်။

နတ်သမီး၏ဘုံဗိမာန်သည် ကျောက်မျက်ရတနာရွှေစင် အဖြာဖြာတို့ဖြင့် ဆန်းကြယ်လျက် ပန်းခက်ပန်းလက်တို့ဖြင့် ပြွမ်းသည်။ ပလ္လင်သည် ပြန့်ပြောကြီးကျယ်ခန့်ထည်ဝါသည်၊ မြင့်မြတ်သော အိပ်ချင်စဖွယ်နေရာဖြစ်သည်။

ထိုနတ်သမီးသည် တန်ခိုးအမျိုးမျိုးကို စိတ်အလိုရှိတိုင်း ဖန်ဆင်းနေသည်ကို တွေ့မြင်နေပါသည်။

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးအနီးသို့ ချဉ်းကပ်သွားပါသည်။ နတ်သမီးသည် မထေရ်မြတ်ကို မြင်တွေ့ရသောအခါ ပလ္လင်ထက်မှဆင်းသက်လျက် ရိုသေစွာရှိခိုးပြီး သင့်တင့်သော နေရာ၌ နေလေသည်။

''အို နတ်သမီး သင်သည် နတ်တို့၏တန်ခိုးရှိန်စော် အာနုဘော်နှင့် ပြည့်စုံလှသည်။ သင်သည် ရှေးလူ့ဘဝတွင် မည်ကဲ့သို့ကုသိုလ်ထူးကို ပြုခဲ့ဖူးပါသနည်း''

''အရှင်မြတ်ဘုရား တပည့်တော်မသည် လူတို့ပြည်ဝယ် လူဖြစ်စဉ်က ချမ်းသာကြွယ်ဝသော သူဌေးမျိုး၌ ချွေးမဖြစ်ခဲ့ပါသည်။ တပည့်တော်မသည် အမျက်မထွက်တတ်ပါ။ အသက်ရှယ်ငယ်စဉ်ကပင် ယုတ်မာသော စိတ်ထားမရှိခဲ့ပါ။ လင်၏အလိုကို လိုက်ခဲ့ပါသည်။ ဝမ်းမြောက်ကြည်လင်သောစိတ်အစဉ်ဖြင့် လင်သားကို နေ့ရောညပါ ကောင်းစွာပြုစုလုပ်ကျွေးခဲ့ပါသည်။ ကိုယ်ကျင့်သီလမြတ်ဓမ္မနှင့်လည်း ပြည့်စုံခဲ့ပါ

www.dhammaransi.com



သည်။ ဘုရားတပည့်တော်မသည် ငါးပါးသီလတို့ကိုလည်း မပြတ်ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါသည်ဘုရား''

''အချင်းနတ်သမီး ကောင်းလေစွ၊ ကောင်းလေစွ''

ရှင်မောဂ္ဂလာန်သည် ပလ္လင်္ကနတ်သမီးကို တရားဟောပြီးလျှင် လူ့ပြည်သို့ ပြန်ကြွခဲ့ပါသည်။

*ပလ္လင်္ကဝိမာနဝတ္ထု*

## ၂၆။ လင်ကိုပြု၍ သီလမှုပြည့်စုံသော လတာနတ်သမီး

ရှင်မောဂ္ဂလာန်သည် ယခုတစ်ဖန် တာဝတိံသာနတ်ပြည်သို့ အကြွတွင် စတုမဟာရာဇ်နတ်ဘုံခရီးမှ ဖြတ်သန်းကြွခဲ့ပါသည်။ စတုမဟာရာဇ်နတ်ဘုံတွင် ဝေဿဝဏ်နတ်မင်းကြီးနှင့် တွေ့ဆုံခဲ့ရာတွင် ဝေဿဝဏ်နတ်မင်းကြီးက သူ၏သမီး နတ်သမီးငါးဖော်တို့ အငြင်းအခုံဖြစ်သည့် ပြဿနာကို တင်ပြလျှောက်ထားလေသည်။

ဝေဿဝဏ်နတ်မင်းကြီး၏သမီးဖြစ်သော နတ်သမီးငါးဖော်မှာ အကြီးဆုံးလတာနတ်သမီးနှင့် သဇ္ဇာ၊ ပဝရာ၊ အစ္စိမတိ၊ သုတာဟူသော ညီမလေးယောက်တို့ဖြစ်လေသည်။

ထိုနတ်သမီး ညီအစ်မငါးဖော်တို့ကို သိကြားမင်းသည် ကောက်ယူ၍ ကချေသည် နတ်သမီးအဖြစ် အလုပ်အကျွေး ရာထူး၌ ထားလေသည်။

သိကြားမင်းသည် ထိုနတ်သမီး ညီအစ်မငါးဖော်တို့တွင် လတာနတ်သမီးကို ကခြင်း၊ သီဆိုခြင်းတို့၌ လိမ္မာကျွမ်းကျင်သည့်အတွက် ပိုမိုနှစ်သက်မြတ်နိုးလေသည်။

ညီအစ်မလေးယောက်တို့သည် ကခုန်သီဆိုမှုတတ်ကျွမ်းကျင်ခြင်းအတူတူ အစ်မကြီးဖြစ်သော လတာနတ်သမီးကို သိကြားမင်းက ပိုမိုလိုလားနှစ်သက်၍ ဦးစားပေးခြင်းကို မကျေမနပ် ဖြစ်ကြလေသည်။

www.dhammaransi.com



သို့အတွက် နတ်သမီးငါးဖော်တို့သည် အငြင်းအခုံဖြစ်ကြလေသည်။ မဆုံးဖြတ်နိုင်ကြ၍ ဖခင်ဝေဿဝဏ်နတ်မင်းထံ အဆုံးအဖြတ်ခံရန် သွားကြလေသည်။

"ဖမည်းတော်ဘုရား ကျွန်ုပ်တို့ သမီးငါးယောက်တွင် အဘယ်သူသည် ကခြင်း၊ သီဆိုခြင်းစသည်တို့၌ ကျွမ်းကျင်လိမ္မာပါသနည်း"

"ချစ်သမီးတို့ သင်တို့သည် အနော၀တတ်ရေအိုင်ကြီး၏ ကမ်းပေါ်၌ နတ်သဘင်အစည်းအဝေးကြီးသို့ သွားကြပြီးလျှင် သီဆိုကခုန်ခြင်းကို ပြုကြကုန်လော့၊ ထိုနတ်သဘင်အစည်းအဝေးကြီး၌ သင်ချစ်သမီးတို့ ထူးခြားထင်ရှားလတ့်"

နတ်သမီးငါးဖော်တို့သည် ဖခင်ဝေဿဝဏ်နတ်မင်းကြီး ပြောသည့် အတိုင်းလိုက်နာပြီးလျှင် အနော၀တတ်သဘင် အစည်းအဝေးသို့ သွားကြလေသည်။

လတာနတ်သမီးသည် နတ်သဘင်အစည်းအဝေး၌ စတင်သီဆိုကပြလေသည်။

လတာနတ်သမီး၏ သီဆိုကခုန်မှုကို ကြည့်ရှုကြကုန်သော နတ်သားတို့သည် နှစ်လိုဝမ်းမြောက်သောစိတ်ရှိကြကာ စိတ်ကိုမထိန်းနိုင်ကြဘဲ ကျယ်လောင်စွာအော်ဟစ်ပြီး သြဘာပေးကြသည်။ ကောင်းချီးထောပနာပြုကြသည်။ ခေါင်းဆောင်း၊ အဝတ်ပုဆိုးတို့ကို ကြဲမြှောက်ကြကုန်သည်။ ဟိမဝန္တာတောကြီး တစ်ခုလုံးကို တုန်လှုပ်စေဘိသကဲ့သို့ ကြီးမားသော အုတ်အုတ်ကျက်ကျက်သံကို ဖြစ်စေသည်။

ထို့နောက် သဇ္ဈာ၊ ပဝရာ၊ အစ္စိမတိ၊ သုတာ နတ်သမီးတို့ တစ်ယောက်ပြီးတစ်ယောက် ဆက်လက်သီဆိုကခုန်ကြလေသည်။

ထိုလေးယောက်သော နတ်သမီးတို့သီဆိုချိန်တွင် ပွဲကြည့် နတ်သားတို့သည် အေးမြသောဆောင်းကာလ၌ ဥသြငှက်တို့ကဲ့သို့ တိတ်ဆိတ်စွာ ထိုင်နေကြလေသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



ဤသို့လျှင် နတ်သဘင်အစည်းအဝေးကြီး၌ လတာနတ်သမီး၏ ထူးခြားမှုသည် ထင်ရှားစွာဖြစ်ပေါ်လေသည်။

ထိုအခါ အငယ်ဆုံးဖြစ်သော သုတာနတ်သမီးသည် ဤသို့ အကြံ ဖြစ်လေသည်။

''ငါတို့၏အစ်မဖြစ်သူ လတာနတ်သမီးသည် အဘယ်သို့သော ကုသိုလ်ကောင်းမှုပြုခဲ့၍ ငါတို့ထက် အဆင်းအားဖြင့်လည်းကောင်း၊ အခြံအရံ အကျော်အစောအားဖြင့်လည်းကောင်း၊ လွန်ကဲစွာ ဖြစ်၍တည်နေပါသနည်း။ ငါသည် အစ်မနတ်သမီးပြုအပ်သော ကုသိုလ်ကောင်းမှုကို မေးရသည် ရှိသော်ကောင်းလေစွ''

သုတာနတ်သမီးသည် ဤသို့အကြံဖြစ်ပြီး လတာနတ်သမီး ထံသို့ သွား၍ မေးပြန်းစုံစမ်းလေသည်။

''ရှူဖွယ်မခန်း၊ ကြာညိုပန်း၊ ဦးစောက်ပန်း(နားသွယ်ပန်း) တို့ကို ဆင်ယင်ပန်ဆင်ကာ ရွှေစင်ရောင်ကဲ့သို့ တောက်ပြောင်ထွန်းလင်းသော ကိုယ်ရောင်အဆင်းရှိပြီး ကြာဝတ်မှုန်အရေးကဲ့သို့ နီတွေးတွေးမျက်ရစ်တို့နှင့် ပြည့်စုံသော မျက်စိရှိသော အစ်မကြီး၊ အစ်မကြီးလတာကို ကျွန်ုပ် မေးလိုပါသည်။ အစ်မကြီးအား အဘယ်ကုသိုလ်က ကျေးဇူးသတင်းကျော်စောခြင်းနှင့် ခြွေရံသင်းပင်း ပေါများခြင်းကို ပြုပေးပါသနည်း''

''အဘယ်သို့ ပြုဖူးသောကုသိုလ်ထူးကြောင့် အစ်မကြီးသည် ယောကျ်ားတို့၏ ထူးခြားစွာ ...ဟ်နိုးမှုကိုခံရခြင်း၊ ရုပ်ရည်အဆင်းအလွန်ကောင်းမြတ်လှခြင်း၊ ...နှုန်သီဆိုရာ၌ ထူးခြားစွာ ကျမ်းကျင်လိမ္မာသူ ဖြစ်ရပါသနည်း''

''ချစ်ညီမ ငါသည် လူတို့ပြည်ဝယ်လူဖြစ်ခဲ့စဉ်က အသက်အရွယ် ငယ်ရွယ်နုနယ်သူပင် ဖြစ်သော်လည်း ယုတ်မာညစ်ညူးမကောင်း

www.dhammaransi.com



မှုကို မပြုလုပ်ခဲ့ပါ။ ကြည်လင်သော စိတ်အစဉ်ရှိသည်ဖြစ်၍ ခဲအို၊ မတ်၊ ယောက္ခမ၊ ကျွန်တို့နှင့်တကွသော လင်ကို နှစ်သက်စေခဲ့ပါသည်။

ချွေးမဖြစ်စဉ် ငါသည်–

– လင်အလိုကိုလိုက်တတ်၏၊
– ချစ်ဖွယ်သောစကားကိုဆိုတတ်၏၊
– အခြွေအရံအပေါင်းတို့အား ချီးမြှောက်ထောက်ပံ့ခဲ့၏၊
– အိမ်ထောင်စုတာဝန်ကို ရွက်ဆောင်ခဲ့၏၊
– အများအတွက် စိတ်မဆိုးတတ်ခဲ့၊
– ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၏၊
– ပေးကမ်းစွန့်ကြဲမှု၌ မွေ့လျော်ခဲ့၏၊
– မကျိုးမပျက်သော ငါးပါးသီလရှိ၏၊
– ဥပုသ်သီတင်းစောင့်သုံးခဲ့၏၊

"ချစ်ညီမ ငါသည် လူ့ဘဝက ဤမည်သောကုသိုလ်ကောင်းမှုကို ဆည်းပူးလေ့ကျက်ခဲ့၍ အဆင်းလှခဲ့၏။ ကျော်စောခြွေရံပေါများခဲ့ပါသည်"

အစ်မကြီး လတာနတ်သမီး၏အဖြေစကားကို ကြားရသောအခါ သုတာနတ်သမီးသည် ကျန်သောညီမနတ်သမီးတို့ကို ဤသို့ပြောဆိုလေသည်။

"ညီမတို့ ငါတို့လေးစားထိုက်သော အစ်မကြီးလတာသည် မိမိကျင့်ကြံအားထုတ်ခဲ့သော အကြောင်းစကားကို ပြောကြားခဲ့ပါသည်။ ကျွန်ုပ်တို့ယုံမှားသံသယသည် ကင်းရှင်းပြီးဖြစ်ခဲ့ပါသည်။ လင်တို့ မည်သည်ကား မိန်းမ ဖြစ်ကုန်သော ကျွန်ုပ်တို့၏ထူးကဲစွာ ကိုးကွယ်အပ်သော မြင့်မြတ်သော အိမ်ဦးနတ်လည်း ဖြစ်ပါသည်။ မိမိ၏အိမ်ရှင်ဖြစ်သော လင်ယောက်ျားကို ပြုကျင့်အပ်သော ဝတ်အဖြာဖြာဖြင့် ပြည့်စုံစွာပြုကျင့်သော မိန်းမတို့သည် လင်ကို ရှိသေသော ပတိဗ္ဗတာမည်ကုန်၏။ ကျွန်ုပ်တို့

www.dhammaransi.com



သည် လင့်ဝတ္တရားပြည့်စုံစွာပြုကျင့်ခြင်းဖြင့် အစ်မကြီးလတာ ပြောသော စည်းစိမ်ချမ်းသာကို ရကြပါကုန်လတ့်''

''တောတောင်အထပ်ထပ် အရပ်ရပ်သို့ သွားလာကျက်စားလေ့ရှိသောအသားစားခြင်္သေ့သည် ပဏ္ဍိုနှရမည်သော တောင်၌နေကာ အခြေလေးချောင်းရှိ ယေက်ကုန်သောသားကောင်တို့ကို သတ်ဖြတ်စားသောက်ကုန်သကဲ့သို့ ဤလောက၌ယုံကြည်ခြင်း သဒ္ဓါတရားရှိသော အရိယာတပည့်မသည် လင်ယောက်ျားကို အမှီပြုကာ လင်အား သင့်လျော်သောအကျင့်ရှိသည်ဖြစ်လျက် အမျက်ဒေါသကိုပယ်စွန့်ပြီး ဝန်တိုခြင်းမစ္ဆရိယကို နှိပ်နင်းပြီးလျှင် တရားနှင့်အညီကျင့်ကြံပါက နတ်ပြည်၌ ဝမ်းမြောက် ပျော်ရွှင်စွာ မွေ့လျော်နေရအံ့သာတည်း''

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ဝေဿဝဏ်နတ်မင်းကြီး ပြောပြသော နတ်သမီးငါးယောက်ပြဿနာကို သေချာစွာ နားထောင်ခဲ့ပြီး ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားပြခဲ့ပါသည်။

လောက၌ လင်ကိုကောင်းစွာပြုစုခြင်း၊ အမျက်ဒေါသကင်းခြင်း၊ မစ္ဆရိယမရှိခြင်းတို့သည် တမလွန်ဘဝ၌ နတ်ရွာရောက်ပြီး နတ်စည်းစိမ်ကို ထူးကဲစွာ ခံစားရသည်။

*လတာဝိမာနဝတ္ထု*

## ၂၇။ ဧဉ်လာကြီးမားဝိမာန်ရှင်နတ်သမီးများ

ရှင်မောဂ္ဂလာန်သည် ယခုတစ်ဖန် နတ်ပြည်၌ာန တာဝတိံသာ နတ်ပြည်သို့ သွားရောက်ပြန်သည်။ ယခုအခေါက်တွင် ထူးထူးခြားခြား (၃၆) ပါးသော နတ်သမီးတို့နှင့် နတ်ဗိမ္မာန်တို့ကို တွေ့ဆုံမေးမြန်းလေ့လာခဲ့ရပါသည်။

ထိုနတ်သမီးတို့သည် ကဿပဘုရားရှင်လက်ထက်မှစ၍ ဘုံဗိမ္မာန်စံနေခဲ့ရာ ဂေါတမဘုရားရှင်လက်ထက်အထိ နတ်သမီး၁၀ အကြိမ်

www.dhammaransi.com



ကြိမ်ရပြီး ဘုံစဉ်ဆက်လက် ခံစားနေကြရပါသည်။

ထိုနတ်သမီးတို့သည် တစ်ဦးတွင် နတ်သမီးအခြံအရံတစ်ထောင် စီခြံရံလျက် ကြီးစွာသောနတ်စည်းစိမ်ချမ်းသာကို ခံစားလျက်ရှိကြလေသည်။

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးတစ်ဦးစီသို့ ချဉ်းကပ်ကာ သူတို့၏လူ့ဘဝက ပြုသမျှသောကုသိုလ်ကောင်းမှုအစုစုကို စုံစမ်းမေးမြန်းရပါသည်။

''အသင်နတ်သမီး သင်သည် နူးညံ့ချောညက်နှစ်သက်ဖွယ်ရာ ဆင်းရောင်ဝါဖြင့် အံ့ရပ်ဆယ်မျက်နှာတို့ကို သောက်ရှူးကြယ်ပမာ ထွန်းလင်းတောက်ပ၍နေပါသည်''

''သင်သည် အဘယ်ပြုဖူးကုသိုလ်ထူးကြောင့် ဤသို့ အရောင်အဝါထွန်းလင်းတောက်ပပါသနည်း။ အဘယ်ကုသိုလ်ထူးကြောင့် ဤတာဝတိံသာရောက်ပြီး ဤမျှကြီးကျယ်သော နတ်စည်းစိမ်ကို ခံစားရပါသနည်း''

''အရှင်မြတ်ဘုရား တပည့်တော်မအမည်သည် ဝတ္ထုတ္တဒါမဒါယိကာအမည် ရှိပါသည်''

''တပည့်တော်မသည် လူ့ဘဝရှိစဉ်က ရဟန်းသံဃာ အရှင်မြတ်တို့ကို တင့်တယ်လှပသော အဝတ်တန်ဆာကို လှူဒါန်းခဲ့၍ ဤတာဝတိံသာရောက်ပြီး ဤမျှသော နတ်စည်းစိမ်ကို ခံစားရပါသည်ဘုရား''

''အရှင်မြတ်ဘုရား တင့်တယ်လျှောက်ပတ်ကောင်းမြတ်သော အဝတ်တန်ဆာကို လှူဒါန်းသော ယောကျ်ား မိန်းမဟူသမျှတို့သည် အလွန်မွန်မြတ်သူများ ဖြစ်ပါသည်''

''ဤနည်းတူ ချစ်မြတ်နိုးဖွယ်ရာပစ္စည်းဝတ္ထုကို ပေးကမ်းလှူဒါန်းသောသူတို့သည် နတ်ပြည်နတ်ရွာဌာနသို့ ရောက်၍ နှစ်သက် ဖွယ်ရာ နတ်စည်းစိမ်ကို ခံစားကြရပါသည်ဘုရား''

www.dhammaransi.com



"အရှင်မြတ်ဘုရား တပည့်တော်မ၏ ဘုံဗိမာန်ကို ရှုကြည့်တော်မူပါဘုရား။ တပည့်တော်မသည် အလိုရှိသော အဆင်းကို ဖန်ဆင်းနိုင်သော နတ်သမီး ဖြစ်ပါသည်။ တပည့်တော်မသည် အခြံအရံနတ်သမီးတစ်ထောင်ထက် အရောင်အဝါထွန်းပပြီး မြင့်မြတ်သူဖြစ်ပါသည်။ ဤသည်တို့မှာ တပည့်တော်ပြုခဲ့သော ကုသိုလ်ကောင်းမှု၏ အကျိုးဆက်များပင် ဖြစ်ပါသည် ဘုရား"

"အချင်းနတ်သမီး ကောင်းလေစွ"

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီး၏ လျှောက်ထားချက်ကို ကြားနာပြီး ဓမ္မအနုမောဒနာကို အနည်းငယ်ဆက်ဟောပြီး အခြားဘုံဗိမာန်ရှင်နတ်သမီးထံသို့ ကြွခဲ့ပါသည်။

ထိုနတ်သမီးကိုလည်း ရှင်မောဂ္ဂလာန်သည် အထက်ပါ မေးခွန်းအတိုင်း မေးခဲ့ရပါသည်။

သူမ၏ အဖြေက –

"တပည့်တော်မ၏အမည်သည် ပုပ္ဖုတ္တမဒါယိကာ အမည်ရှိပါသည်။ တပည့်တော်မသည် ရှေးလူဖြစ်စဉ်က အလွန်ကောင်းမွန်လှပစွာသော ပန်းမာလ်ကို ရဟန်းတစ်ပါးအား လှူဒါန်သောကုသိုလ်ကောင်းမှုကြောင့် ဤတာဝတိံသာနတ်ပြည်ဝယ် နတ်သမီးဖြစ်ရပြီး ဤမျှသော စည်းစိမ်ချမ်းသာကို ခံစားရပါသည်ဘုရား"

ရှင်မောဂ္ဂလာန်သည် နတ်သမီးတစ်ပါးစီ တစ်ပါးစီကို အစဉ်လိုက်မေးခဲ့ရာ တစ်ပါးစီ၏ ပြုခဲ့သော ကုသိုလ်ကောင်းမှုကို သိခဲ့ရပါသည်။ သို့အတွက် တစ်ပါးစီ၏အမည်နှင့်ပြုခဲ့သော ကောင်းမှုကိုသာ ဖော်ပြလိုပါသည်။

၃။ ဘုံဗိမာန်ရှင်နတ်သမီးအမည်က ဂန္ဓုတ္တမဒါယိကာအမည်ရှိသည်။
အလွန်ကောင်းမွန် မွှေးကြိုင်သော စန္ဒကူးနံ့သာကို ပေးလှူခဲ့သည်။

www.dhammaransi.com



၄။ ဘုံဗိမာန်ရှင်နတ်သမီးကား ဖလုတ္တမဒါယိကာအမည်ရှိသည်။ ရှေးလူဖြစ်စဉ်က အလွန်ကောင်းမွန်ချိုမြိန်သော သစ်သီးကို ပေးလှူဒါန်းခဲ့သည်။

၅။ ဘုံဗိမာန်ရှင်နတ်သမီးကား ရသုတ္တမဒါယိကာအမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ချိုမြိန်ကောင်းမြတ်သော ကြံရည်အရသာကို ပေးလှူဒါန်းခဲ့သည်။

၆။ ဘုံဗိမာန်ရှင်နတ်သမီးကား ဂန္ဓပဉ္စင်္ဂုကဒါလိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က စေတီပုထိုးတော်၌ နှစ်သက်ဖွယ်ရာ ရနံ့ဖြာသော နံ့သာ လက်ငါးချောင်းရာကို လှူဒါန်းခဲ့သည်။

၇။ ဘုံဗိမာန်ရှင်နတ်သမီးကား ကေ္ကုပေါသထအမည်ရှိသည်။ ရှေးလူဖြစ်စဉ်အခါ ရှည်လျားခက်ခဲသောခရီးကို ကြွသွားတော်မူကြကုန်သော ရဟန်းတို့၏တရားကို ကြားနာရပြီး တစ်နေ့တာမျှ ဥပုသ်သီတင်းစောင့်သုံးခဲ့သော ကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ်ရသည်။

၈။ ဘုံဗိမာန်ရှင်နတ်သမီးကား ဥဒကဒါယိကာအမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ရဟန်းတော်တို့အား ရေဆိပ်၌ သန့်ရှင်းစင်ကြယ်သော သောက်ရေသုံးရေတို့ကို ပေးလှူဒါန်းခဲ့သည်။

၉။ ဘုံဗိမာန်ရှင်နတ်သမီးကား ဥပဋ္ဌာနအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က အမျက်ဒေါသကြီးမားပြီး ကြမ်းတမ်းရုန့်ရင်းလှစွာသော ယောက္ခမ၊ မိဘတို့ကို ပြုစုခြင်း ကင်းရှင်းစွာဖြင့် ပြုစုလုပ်ကျွေးခဲ့သည်၊ မိမိ၏ ကိုယ်ပိုင်ဖြစ်သော အကျင့်သီလကိုလည်း မဖောက်မပြားသတိတရားနှင့်အညီ ကျင့်ကြံနေထိုင်ခဲ့သည့်အတွက် တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရသည်။

၁၀။ ဘုံဗိမာန်ရှင်နတ်သမီးကား အပရကမ္မကာရိနီအမည်ရှိသည်။ ရှေးလူဖြစ်စဉ်က သူတထူး၏ကိစ္စအဝဝကို ပျင်းရိခြင်းမရှိ၊ ကူညီဆောင်

www.dhammaransi.com



ရွက်ပေးခဲ့သည်။ ဒေါသအပျက်မထွက် သည်းခံသည်။ မာန်မာန ထောင်လွှားမှုမရှိ၊ ကိုယ်တိုင်ပြုခဲ့သည့် ကုသိုလ်ကောင်းမှုအဝဝ၏ အဖို့ ဘာဂကို အလိုရှိကုန်သော သူတို့အား ခွဲဝေပေးကမ်းခဲ့သည်။ ဤ ကောင်းမှုကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီး ဖြစ် ရသည်။

၁၁။ ဘုံဗိမာန်ရှင်နတ်သမီးကား ဓိရောဒနဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့အား နွားနို့ဆွမ်းပေးလှူခဲ့သည်။

၁၂။ ဘုံဗိမာန်ရှင်နတ်သမီးကား ဖာဏိတဒါယိကာမအမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့အား တင်လဲအရသာကို ပေးလှူခဲ့သည်။

၁၃။ ဘုံဗိမာန်ရှင်နတ်သမီးကား ဥစ္ဆုခဏ္ဍိကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို ကြံပိုင်းကြံဖြတ်တို့ကို ပေးလှူခဲ့သည်။

၁၄။ ဘုံဗိမာန်ရှင်နတ်သမီးကား တိမ္ဗရုသကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို အရသာရှိသော တည်သီးကို ပေးလှူခဲ့သည်။

၁၅။ ဘုံဗိမာန်ရှင်နတ်သမီးကား ကက္ကာရိကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို အရသာရှိသော ဆစ်သီးကို ပေးလှူခဲ့သည်။

၁၆။ ဘုံဗိမာန်ရှင်နတ်သမီးကား ဝဠာလုကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို သခွား၊ ရေတ်သီးကို ပေးလှူခဲ့သည်။

၁၇။ ဘုံဗိမာန်ရှင်နတ်သမီးကား ဝလ္လိဖလကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအရှင်

www.dhammaransi.com



မြတ်တို့ကို အရသာပြည့်စုံသော ဖရုံသီးကို ပေးလှူခဲ့သည်။
၁၈။ ဘုံဗိမာန်ရှင်နတ်သမီးကား ဖာရုသကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို ဖက်သတ်တရော်သီးကို ပေးလှူခဲ့သည်။
၁၉။ ဘုံဗိမာန်ရှင်နတ်သမီးကား ဟတ္ထပ္ပတာပကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာကြွလာကုန်သော ရဟန်းသံဃာအရှင်မြတ်တို့ကို အချမ်းမှလွတ်ကင်းစေရန် မီးအိုးကင်းကို ပေးလှူခဲ့သည်။
၂၀။ ဘုံဗိမာန်ရှင်နတ်သမီးကား သာကမုဋ္ဌိဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအရှင်မြတ်တို့ကို လက်တစ်ဆုပ်မျှသော ဟင်းရွက်ကို ပေးလှူခဲ့သည်။
၂၁။ ဘုံဗိမာန်ရှင်နတ်သမီးကား ပုပ္ဖကမုဋ္ဌိဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအရှင်မြတ်တို့ကို လက်တစ်ဆုပ်စာမျှသော ပန်းတို့ကို ပေးလှူခဲ့သည်။
၂၂။ ဘုံဗိမာန်ရှင်နတ်သမီးကား မူလက ဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအရှင်မြတ်တို့ကို စားသောက်ဖွယ် ခဲဖွယ်ရာကို ပေးလှူခဲ့သည်။
၂၃။ ဘုံဗိမာန်ရှင်နတ်သမီးကား နိပ္ဖမုဋ္ဌိဒါယိကာအမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအရှင်မြတ်တို့ကို ပုန်းရည်ချဉ်ကို ပေးလှူခဲ့သည်။
၂၄။ ဘုံဗိမာန်ရှင်နတ်သမီးကား အမ္ဗကဋ္ဌိကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအရှင်မြတ်တို့ကို ပုန်းရည်ချဉ်ကိုပေးလှူခဲ့သည်။
၂၅။ ဘုံဗိမာန်ရှင်နတ်သမီးကား ဒေါဏိနိမ္မဇ္ဇဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအရှင်မြတ်တို့ကို နှမ်းဆီထွေး (နှမ်းမှုန့်ညက်)ကို ပေးလှူခဲ့သည်။

---

www.dhammaransi.com



၂၆။ ဘုံဗိမာန်ရှင်နတ်သမီးကား ကာယဗန္ဓနဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို ခါးပန်းကြိုးကို ပေးလှူခဲ့သည်။

၂၇။ ဘုံဗိမာန်ရှင်နတ်သမီးကား တံသဗဒ္ဓကဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို ပခုံးဖွဲ့တို့ကို ပေးလှူခဲ့သည်။

၂၈။ ဘုံဗိမာန်ရှင်နတ်သမီးကား အာယောဂပဋ္ဋဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို အာယောဂပတ်တို့ကို ပေးလှူခဲ့သည်။

၂၉။ ဘုံဗိမာန်ရှင်နတ်သမီးကား ဝိဓူပနဒါယိကာ အမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအရှင်မြတ်တို့ကို လေးထောင့်ယပ်တို့ကို ပေးလှူခဲ့သည်။

၃၀။ ဘုံဗိမာန်ရှင်နတ်သမီးကား တာလဝဏ္ဋဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာတို့ကို ထန်းရွက်ယပ်ကို ပေးလှူခဲ့သည်။

၃၁။ ဘုံဗိမာန်ရှင်နတ်သမီးကား မောရဟတ္ထဒါယိကာ အမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာ အရှင်မြတ်တို့ကို ဥဒေါင်းတောင်တို့ဖြင့် ပြုလုပ်ထားသော ခြင်နှင်ယပ်ကို ပေးလှူခဲ့သည်။

၃၂။ ဘုံဗိမာန်ရှင်နတ်သမီးကား ဆတ္တဒါယိကာ အမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအား ထီးကို ပေးလှူခဲ့သည်။

၃၃။ ဘုံဗိမာန်ရှင်နတ်သမီးကား ဥပါဟနဒါယိကာအမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာကြွလာကုန်သော ရဟန်းသံဃာအား ဖိနပ်ကို ပေးလှူခဲ့သည်။

---

www.dhammaransi.com



၃၄။ ဘုံဗိမ္မာန်ရှင်နတ်သမီးကား ပူဝဒါယိကာ အမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအား မုန့်ကို ပေးလှူခဲ့သည်။

၃၅။ ဘုံဗိမ္မာန်ရှင်နတ်သမီးကား မောဒကဒါယိကာ အမည်ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအား ကတွတ်မုန့်ကို ပေးလှူခဲ့သည်။

၃၆။ ဘုံဗိမ္မာန်ရှင်နတ်သမီးကား သက္ခလိကာဒါယိကာအမည် ရှိသည်။ ရှေးလူဖြစ်စဉ်က ဆွမ်းအလို့ငှာ ကြွလာကုန်သော ရဟန်းသံဃာအား သကာခဲကို ပေးလှူခဲ့သည်။

ဤနတ်သမီးတို့သည် ကဿပဘုရားရှင်လက်ထက်တော်အခါက ဤမည်သော ကုသိုလ်ကောင်းမှုတို့ကို ကျင့်ကြံအားထုတ်ခဲ့သောကြောင့် အဆက်ဆက်ဖြစ်ပွားသောစေတနာ အစွမ်းအားဖြင့် နှစ်ဆူသောဘုရားတို့အကြားဝယ် နတ်သမီးအဖြစ် နှစ်ကြိမ်ကျင်လည်ခဲ့သည်။

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးတို့အကြောင်းကို စုံစမ်းလေ့လာပြီးနောက် နတ်ပြည်မှဖယ်ခွာကာ လူ့ပြည်သို့ ပြန်ကြွလာခဲ့ပါသည်၊ ထိုနတ်သမီး၏အကြောင်းစုံကိုလည်း ဘုရားရှင်ကို လျှောက်ထားပြခဲ့ပါသည်။ ထိုနတ်သမီးတို့နှင့်ပတ် သက်၍လည်း ဘုရားရှင်က အလောင်းတော် ဂုတ္တိလ စောင်းသမားဘဝတွင် သိကြားမင်းက ပင့်ခေါ်၍ တာဝတိံသာနတ်ပြည် ရောက်ခဲ့သည်။ ထိုနတ်သမီးတို့ကိုတွေ့၍ ဤသို့ပင် မေးခဲ့ကြောင်း မိန့်ကြားခဲ့ပါသည်။

## ၂၈။ သိကြားမင်းအံ့ဩရသော ဘဒ္ဒါ-သုဘဒ္ဒါညီအစ်မနတ်သမီး

ရှင်မောဂ္ဂလာန်သည် ယခုတစ်ခေါက် တာဝတိံသာသို့ အရောက်တွင် သိကြားမင်းနှင့် တိုက်ရိုက်တွေ့ဆုံခွင့်ရခဲ့ပါသည်။ သိကြားမင်းသည်

www.dhammaransi.com



ရှင်မောဂ္ဂလာန်ကိုတွေ့ရသောအခါ အားရဝမ်းသာပင် ဘုံဗိမာန်ထက်မှ ဆင်းသက်ကာ ရိုသေစွာ ရှိခိုးပြီး သင့်ရာနေရာတွင် နေလေသည်။

"အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားကို တွေ့လို၍ မျှော်နေမိပါသည်။ ယခု ဖူးမြင်ရ၍ ဝမ်းသာလှပါသည်၊ တပည့်တော်သည် တပည့်တော်၏ အခြွေအရံနတ်သမီး သုဘဒ္ဒါနှင့် နိမ္မာနရတိဘုံရောက် ညီမသုဘဒ္ဒါနတ်သမီးတို့၏ ကုသိုလ်ကံ အကျိုးပေးမတူမျှပုံကို လျှောက် ထားလိုပါသည်ဘုရား"

သိကြားမင်းသည် ရှင်မောဂ္ဂလာန်ကို ဘဒ္ဒါ၊ သုဘဒ္ဒါ ညီအစ်မ နတ်သမီးနှစ်ပါး၏ ဘဝဖြစ်ပုံအလုံးစုံကို လျှောက်ထားပါသည်။

ထိုနတ်သမီးညီအစ်မ၏ ကုသိုလ်ကံအကျိုးပေးပုံကလည်း အံ့ သြဖွယ်ပင် ဖြစ်ပါသည်။ ထိုညီအစ်မ၏ ကောင်းမှုကုသိုလ်ကံ အကျိုး ဖြစ်မှု ဘုရားရှင် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် အချိန် ဖြစ်ပါသည်။

နာလကမည်သောရွာတွင် အရှင်ရေဝတ၏အလုပ်အကျွေး ဖြစ် သော ဥပါသကာသူကြွယ်၌ ဘဒ္ဒါနှင့်သုဘဒ္ဒါမည်သော သမီးနှစ်ယောက် ရှိလေသည်။

အစ်မကြီးဘဒ္ဒါသည် အရွယ်ရောက်၍ မိဘတို့က အိမ်ထောင်ချ ပေးကာ လင်ယောကျာ်းအိမ်သို့ လိုက်၍နေရလေသည်။ ဘဒ္ဒါသည် ရတနာသုံးပါး၌ ယုံကြည်ကိုးကွယ်၍ သဒ္ဓါတရားနှင့်လည်း ပြည့်စုံသည်။ အသိဉာဏ်ပညာနှင့်လည်း ပြည့်စုံသည်။

သို့သော် ဘဒ္ဒါသည် သားသမီးမထွန်းကားမြှလေသည်။ တစ် နေ့တွင် ဘဒ္ဒါသည် မိမိလင်ယောကျာ်းကို ဤသို့ ပြောပြလေသည်။

"အရှင် ကျွန်ုပ်သည် သားသမီးမထွန်းကား၍ အမျိုးအနွယ် အဆက်ပြတ်ပါလိမ့်မည်။ ကျွန်ုပ်မိဘများထံတွင် ကျွန်ုပ်၏ညီမ သုဘဒ္ဒါ ရှိပါသည်။ အရှင်သည် ကျွန်ုပ်၏ညီမ သုဘဒ္ဒါကို ခေါ်၍ ကျွန်ုပ်နှင့်အတူ

www.dhammaransi.com



မယားကြီး မယားငယ်ပြု၍ နေပါ။ အကယ်၍ သုဘဒ္ဒါက သားသမီး ရတနာရခဲ့ပါမူ သုဘဒ္ဒါ၏သားသည် ကျွန်ုပ်၏ သားသမီးပင် ဖြစ်ပါမည်၊ ဤသို့သားသမီးရသော် အမျိုးအနွယ်သည်လည်း ပျက်စီးမည်မဟုတ်ပါ''

''အရှင်မ ကောင်းပါပြီ၊ သင်ပြောသည်မှာသင့်တော်လှပါသည်''

ဘဒ္ဒါ၏လင်ယောကျ်ားသည် ဘဒ္ဒါပြောသည့်အတိုင်း ညီမ သုဘဒ္ဒါကို မိဘယံတောင်းရမ်းယူ၍ အိမ်သို့ခေါ်ဆောင်ကာ မယားပြုနေလေသည်။

အစ်မဘဒ္ဒါသည် ညီမသုဘဒ္ဒါကို မိမိလင်နှင့်အတူတူ နေပြီးနောက် ညီမကို ဤသို့ဆုံးမလေသည်။

''ညီမလေးသုဘဒ္ဒါ ပေးကမ်းလှူဒါန်းခြင်း၌ ပျော်မွေ့နေပါ။ မြင့်မြတ်သောအကျင့်တရားကိုလည်း မမေ့လျော့ပါနှင့်။ ဤနှစ်ပါးပြည့်စုံပါက ညီမအား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားများသည် မိမိလက်ဝယ် ရောက်ရှိရပြီးသာ ဖြစ်တော့သည်''

ညီမသုဘဒ္ဒါသည်လည်း အစ်မသုဘဒ္ဒါ ဆိုဆုံးမပြောသည်ကို တသွေမတိမ်း လိုက်နာကျင့်သုံးခဲ့လေသည်။

တစ်နေ့တွင် သုဘဒ္ဒါသည် အရှင်ရေဝတအပါအဝင် သံဃာ ရှစ်ပါးကို အိမ်သို့ဆွမ်းအလို့ငှာ ပင့်ဖိတ်လေသည်။

အရှင်ရေဝတမထေရ်ကလည်း သုဘဒ္ဒါ၏ ကုသိုလ်အကျိုး ပွားခြင်းကို လိုလားတော်မူ၍ သံဃာအား ရည်ညွှန်းသည့်အစွမ်းဖြင့် နောက်ပါ သံဃာ (၇) ပါးနှင့်အတူ သုဘဒ္ဒါအိမ်သို့ ကြွရောက်တော်မူလေသည်။

သုဘဒ္ဒါသည် အရှင်ရေဝတနှင့်တကွသော နောက်ပါ သံဃာ (၇) ပါးကို ကြည်လင်ဝမ်းမြောက်သောစိတ်ဖြင့် မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။ အရှင်ရေဝတမထေရ်မြတ်က ဆွမ်းဘုဉ်းပေးအပြီးတွင် ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူလေသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



နောက်သောအခါ သုဘဒ္ဒါသည် စုတေသေလွန်၍ နိမ္မာနရတိဘုံ၌ အရောင်အဝါထွန်းလင်းတောက်ပသော နတ်သမီး ဖြစ်လေသည်။

အစ်မဘဒ္ဒါသည်လည်း ကွယ်လွန်သောအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်း၏ အခြွေအရံ အလုပ်အကျွေး နတ်သမီး ဖြစ်လေသည်။ ဘဒ္ဒါသည် သံဃိကဒါနကို မပြုလုပ်ခဲ့ရဘဲ ပုဂ္ဂလိကဒါနကိုသာ ပြုလုပ်ခဲ့၍ တာဝတိံသာနတ်ဘုံ၌ ဖြစ်ရလေသည်။

ထိုအခါ သုဘဒ္ဒါသည် မိမိ၏စည်းစိမ်ချမ်းသာကို–

"ငါသည် အဘယ်သို့ပြုဖူးသော ကုသိုလ်ကောင်းမှုထူးကြောင့် ဤနိမ္မာနရတိဘုံ၌ နတ်သမီးဖြစ်ရပါသနည်း"ဟု စူစမ်းဆင်ခြင်မိသည်။

အစ်မကြီးဘဒ္ဒါ၏ အဆုံးအမသြဝါဒ၌တည်၍ လှူအပ် လှူထိုက်သော သံဃိကအလှူကို လှူခဲ့သောကြောင့် ဤစည်းစိမ် ချမ်းသာကို ခံစားရကြောင်းသိရသည်။

ဤသို့ မိမိ၏ကောင်းမှုအစွမ်းအကျိုးကို သိရှိပြီးနောက် အစ်မကြီးဘဒ္ဒါဘဝကို စူးစမ်းဆင်ခြင်သည်။

အစ်မကြီးဘဒ္ဒါသည် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အခြွေအရံ နတ်သမီးဖြစ်နေသည်ကို တွေ့မြင်ရလေသည်။ သုဘဒ္ဒါသည် အစ်မကြီးဘဒ္ဒါ၏ဆုံးမသြဝါဒကြောင့် နိမ္မာနရတိဘုံ၌ နတ်စည်းစိမ်ခံစားရပြီး အစ်မကြီးဘဒ္ဒါကျတော့ တာဝတိံသာ၌ သိကြားမင်းအခြွေအရံမျှသာ ဖြစ်သည်ကို လွန်စွာသနားမိလေသည်။

သို့အတွက် သုဘဒ္ဒါနတ်သမီးသည် ဘဒ္ဒါနတ်သမီးစံရာ တာဝတိံသာနတ်ပြည်သို့လာခဲ့ပြီး အစ်မကြီးဘဒ္ဒါ၏ ဘုံဗိမာန်သို့ လာခဲ့သည်။ သုဘဒ္ဒါနတ်သမီးက မိမိ၏ဘုံဗိမာန်ရှေ့၌ လာရောက်သည်ကို တွေ့မြင်ရသော ဘဒ္ဒါနတ်သမီးသည် ဤသို့ မေးလေသည်။

"များသောအခြံအရံရှိသော အသင်နတ်သမီး အဆင်းအားဖြင့်လည်းကောင်း၊ အခြံအရံအကျော်အစောအားဖြင့်လည်းကောင်း၊ ထွန်း

www.dhammaransi.com



လင်းတောက်ပလျက် ဇာဝတိံသာနတ်အားလုံးထက် ကိုယ်ရောင်ကိုယ်ဝါ အဆင်း အလွန်အမင်းတောက်ပသောအားဖြင့် တင့်တယ်လှပါ၏။ အကျွန်ုပ်သည် ရှေးက သင်နတ်သမီးကို မမြင်ဖူးပါ။ သင့်ကို ဤသို့ တွေ့ရခြင်းသည် ပထမဦးဆုံးတွေ့ခြင်း ဖြစ်ပါသည်။ အသင်သည် အဘယ်နတ်ပြည်မှ လာခဲ့ပါသနည်း။ အဘယ်ကြောင့် ကျွန်ုပ်ကို လူ့ဘဝက နာမည် ဘဒ္ဒါဟုခေါ်ပါသနည်း"

"အစ်မတော်ဘဒ္ဒါ ကျွန်ုပ်သည် လူ့ဘဝဖြစ်စဉ်က သုဘဒ္ဒါအမည်ရှိခဲ့ပါသည်။ အစ်မဖြစ်သ အသင်ဘဒ္ဒါနှင့် လင်တစ်ဦးတည်း မယားကြီး မယားငယ်အဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ကျွန်ုပ်သည် အသင် ဘဒ္ဒါ၏ညီမအရင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်စုတေသောအခါ နိမ္မာနရတိဘုံ၌ နတ်သမီးဖြစ်ကာ ပျော်ရွှင်ချမ်းသာစွာ နေရပါသည်"

"ညီမသုဘဒ္ဒါ သင်ရောက်နေသော နိမ္မာနရတိဘုံသည် ကုသိုလ်ကောင်းမှုများစွာပြုသော သတ္တဝါတို့သာ ရောက်ကြရသောဘုံဖြစ်ပါသည်၊ သင်သည် ဘယ်သို့ဘယ်ဝါ ဘယ်အချင်းအရာကြောင့် အဘယ်သူက ဆိုဆုံးမ၍ အဘယ်သို့သော အလှူအတန်းကို ပေးခဲ့၍လည်းကောင်း၊ အဘယ်သို့သောသီလကို စောင့်ထိန်းသဖြင့်လည်းကောင်း၊ ဤမျှအခြံအရံ အကျော်အစောများနေပါသနည်း၊ အဘယ်ကုသိုလ်ကံ၏ အကျိုးတရားပါနည်း၊ ညီမသုဘဒ္ဒါ ပြောပါဦး"

"အစ်မဘဒ္ဒါ ကျွန်ုပ်သည် လူ့ဘဝဖြစ်စဉ်က အစ်မ၏ အဆုံးအမ ဩဝါဒကိုခံယူပြီး သံဃိကအလှူကို ကိုယ်တိုင်ပေးလှူခဲ့ပါသည်။ ဤကုသိုလ်ကောင်းမှုကြောင့် ဤနိမ္မာနရတိဘုံ၌ ဖြစ်ရပြီး စိတ်၏နှစ်သက်ဖွယ်ရာ စည်းစိမ်ဥစ္စာတို့ကို ခံစားရပါသည်"

"ညီမသုဘဒ္ဒါ ငါသည် သင်လှူဒါန်းသော သံဃာအရေအတွက်ထက်ပင် များစွာသောရဟန်းမြတ်တို့ကို ကိုယ်တိုင်ပေးလှူခဲ့ပါသည်။ ငါသည် သင်သုဘဒ္ဒါထက် ကလွန်များစွာသော အလှူအတန်းကိုပေးလှူပါ

www.dhammaransi.com



လျက် အဘယ်ကြောင့် သင့်ထက်နိမ့်သော တာဝတိံသာနတ်ပြည်၌ ဖြစ်ရပါသနည်း။ သင်သည် ရှစ်ပါးမျှသော သံဃာတို့ကို လှူရုံမျှဖြင့် အဘယ်ကြောင့် ငါ့ထက်သာသော အမျိုးအဖြာဖြာကို ခံစားရပါသနည်း။ ဤအကျိုးကွဲပြားမှုသည် အဘယ်ကုသိုလ်ကံ ကွာခြားမှုပါသနည်း။ ငါ့ညီမ သုဘဒ္ဒါ သင်သိလျှင် ဖြေကြားပါလော့"

"အစ်မဘဒ္ဒါ ကျွန်ုပ်သည် လူ့ဘဝ၌ရှိစဉ်က အရှင်ရေဝတမထေရ်သည် ကျွန်ုပ်အိမ်သို့ အပြဲဆွမ်းလာခဲ့ပါသည်။ ကျွန်ုပ်သည် အမြဲပူးမြော်ခွင့်ရခဲ့ပါသည်။ ကျွန်ုပ်သည် အရှင်ရေဝတနှင့် သံဃာ (၇) ပါးကို ဆွမ်းကပ်လှူရာတွင် ကျွန်ုပ်အကျိုးစီးပွားကို လိုလားသောမထေရ်မြတ်က သံဃာတော်မြတ်များအား ရည်စူးသော အလှူသည်မနှိုင်းယှဉ်အပ်သော အကျိုးကို ရရှိပါသည်။ အစ်မတော် ဘဒ္ဒါသည်က သံဃာကိုပလှူ၊ ပုဂ္ဂိုလ်ကိုသာ ရည်စူး၍ လှူဒါန်းပါလော့ဟု တိုက်တွန်းခဲ့ပါသည်။ ကျွန်ုပ် မထေရ်မြတ်အမိန့်ရှိသည့်အတိုင်း လိုက်နာပြုကျင့်ခဲ့ပါသည်။ သံဃာအား ရည်စူး၍ လှူသည်က များပါသည်။ ပုဂ္ဂလိက အလှူသည် သံဃိကအလှူတော်လို အကျိုးတရား မကြီးမားပါ"

"သံဃာတော်အား လှူဒါန်းရခြင်းသည် အကျိုးတရားကြီးမားသည်ကို ယခု ညီမပြောမှ သိရပါတော့သည်။ ညီမ သုဘဒ္ဒါ ငါသည် လူ့အဖြစ်သို့သွားရောက်လျက် အလှူခံပုဂ္ဂိုလ်တို့၏ အချင်းအရာကိုသိ၍ ဝန်တိုမှုကင်းရှင်း မေ့လျော့ခြင်းမရှိဘဲသာလျှင် သံဃာတော်အား လှူဖွယ်ဝတ္ထုများကို အထပ်ထပ်အခါခါ လှူပါတော့အံ့"

သုဘဒ္ဒါနတ်သမီးသည် အစ်မဘဒ္ဒါနတ်သမီးနှင့်စကား ပြောပြီးနောက် နိမ္မာနရတိဘုံသို့ ပြန်သွားလေသည်။

ထိုအခါ သိကြားမင်းသည် အလုံးစုံသော တာဝတိံသာ နတ်ပြည်တို့ကို မိမိ၏ကိုယ်ရောင်ကိုယ်ဝါဖြင့် လွှမ်းမိုးတင့်တယ်လျက် တည်

www.dhammaransi.com



နေသော သုဘဒ္ဒါနတ်သမီးကို တွေ့မြင်ရပြီး ညီအစ်မနှစ်ဦး စကားအပြန် အလှန်ပြောဆိုကြသည်ကိုလည်း သိရှိလေသည်။

သုဘဒ္ဒါနတ်သမီးကွယ်ပျောက်လေသောအခါ သိကြားမင်းသည် ဘဒ္ဒါနတ်သမီးကို ဤသို့မေးလေသည်။

"ဘဒ္ဒါနတ်သမီး သင်နှင့်အတူ စကားပြောဆိုတိုင်ပင်နေသော နတ်သမီးသည် တာဝတိံသာနတ်တို့ထက် အဆင်းအရောင်အဝါအားဖြင့် တင့်တယ်လှပေ၏။ ထိုနတ်သမီးကား အဘယ်နတ်သမီးပါနည်း"

"အရှင်သိကြားမင်း ထိုနတ်သမီးကား အခြားမဟုတ်ပါ။ ရှေး လူဘဝက ကျွန်ုပ်နှင့် လင်တူမယားဖြစ်သည့်အပြင် ညီမအရင်းလည်း ဖြစ်ပါသည်။ သံဃိကအလှူကို လှူခဲ့၍ ဤအလှူကောင်းမှုကြောင့် ယခု အခါ အထူးတင့်တယ်နေပါ၏"

"ဘဒ္ဒါနတ်သမီး ရှေးဘဝလူဖြစ်စဉ်က သင်၏ညီမသည် မနှိုင်း ယှဉ်အပ် များမြတ်သောဂုဏ်ရှိသော သံဃာတော်၌ အလှူတည်စေကာ လျှောက်ပတ်သော အကြောင်းကြောင့် သင့်ထက်အရောင်အဝါလွန်စွာ တင့်တယ်ပေသည်"

"အလှူခံပုဂ္ဂိုလ်အား လှူဒါန်းရသောကုသိုလ်ကံသည် အကျိုး ကြီးမြတ်လှ၏၊ ထိုအလှူကောင်းကျိုးနှင့် ပတ်သက်၍ ငါသည် ဂိဇ္ဈကုဋ် တောင်၌ သီတင်းသုံးနေသော ဘုရားရှင်ကို ငါသည် ဤသို့မေးဖူးပါ သည်"

"အရှင်မြတ်ဘုရား ပေးကမ်းလှူဒါန်းမှုကို အားထုတ်ကြသော သူတို့အတွက် အဘယ်မည်သောအလှူခံ ပုဂ္ဂိုလ်ကိုလှူလျှင် အကျိုးကြီး မားပါသနည်းဘုရား"

"ထိုအခါ ဘုရားရှင်က ငါ၏အမေးကို ဤသို့ဖြေကြားခဲ့ပါသည်"

"နိဗ္ဗာန်ကိုရရန် ကျင့်ကြံအားထုတ်ကြသော မဂ္ဂဍ္ဍာန်လေး ယောက်၊ ဖလဍ္ဍာန်လေးယောက် ရှစ်ယောက်သော အရိယာသံဃာတို့

www.dhammaransi.com



သည် ကိုယ်နှုတ်နှစ်လုံး စောင့်သုံးဖြောင့်ပတ်၏။ လောကတ္တရာ သီလနှင့် ပြည့်စုံ၏။ ပေးကမ်းလှူဒါန်းသော ပုဂ္ဂိုလ်တို့သည် ထိုအရိယာသံဃာကို လှူဒါန်းလျှင် ကြီးမားသောအကျိုးကိုရပေသည်''

''အသင်သိကြားမင်း သံဃာတော်သည်သာလျှင် အကျိုးတရား ကြီးမားပြန့်ပြော၏။ သီလစသောဂုဏ် အင်္ဂါဖြင့် ပြင့်ပြတ်သည်။ အဏ္ဏဝါ ပြင်ကျယ်သမုဒ္ဒရာရှိ ရေတို့ကို ခွက်တို့ဖြင့်ချင်တွယ်သော် ပည့်ပှူများပြား သည်ကို ရေတွက်၍မရသကဲ့သို့ သံဃာတော်၏ဂုဏ်ကိုလည်း ရေတွက်၍ မရပေ။ ဘုရား၏တပည့်သားဖြစ်သော လူတို့ကို ပညာတည်းဟူသော အလင်းရောင်ကို ပေးတတ်သောသံဃာတော်သည် လွန်စွာမြတ်လှပေ။ ထိုသံဃာကို ရည်စူး၍လှူဒါန်းပေးကမ်းသော သူတို့၏ အလှူဒါနသည် ကောင်းမြတ်သော အလှူမည်၏။ အကျိုးတရားအလွန်ကြီးမား၏။ ဘုရား ရှင်တို့သည် ချီးမွမ်းတော်မူကုန်၏''

''လောကသုံးခွင်ဘုံအပြင်၌ အကြင်သူတို့သည် သံဃာကို ရည် မှန်း၍ ပြုသောကုသိုလ်ကို အဖန်တလဲလဲ အောက်မေ့၍ သွားလာကုန် သည်ရှိသော် ထိုသူတို့သည် ဝန့်တိုမှုအညစ်အကြေးကင်းပြီးသော် သူတော် စင်တို့အကဲ့ရဲ့မခံရဘဲ နတ်ပြည်သို့တက်ရောက်ရ၏''

ဘုရားရှင်သည် သိကြားမင်းကို ဤသို့ဟောပြောပြခဲ့သည်။ ထိုစကားကို သိကြားမင်းက ဘဒ္ဒါနတ်သမီးကို ပြန်လည်၍ ယခုကဲ့သို့ ဟောပြသောအခါ ဘဒ္ဒါနတ်သမီးသည် အလွန် နှစ်လိုဝမ်းမြောက်မိလေ သည်။

ရှင်မောဂ္ဂလာန်သည် သိကြားမင်းပြောသော ထိုနတ်သမီးညီ အစ်မ ကုသိုလ်ကံအကျိုးဆက် ကွာခြားခဲ့ပုံကိုလည်းကောင်း၊ ဘုရားရှင် က သိကြားမင်းကို ဟောပြခဲ့သော သံဃာအလှူအကျိုးကြီးပုံကိုလည်း ကောင်း နားထောင်ပြီး တာဝတိံသာမှ ခွာခဲ့ပါသည်။

*ဘဒ္ဒါသုဘဒ္ဒါဝိမာနဝတ္ထု၊*

www.dhammaransi.com



## ၂၉။ ရှင်သာရိပုတ္တရာအလောင်းကို ရွှေပန်းခိုင်လှူခဲ့သော ပေသဝတီနတ်သမီး

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝနကျောင်း၌ သီတင်းနေခိုက်ဖြစ်သည်။ ရာဇဂြိုဟ်မြို့နယ်အတွင်းရှိ နာဠကရွာ၌ သူကြွယ်တစ်ယောက်၏ ချွေးမသည် ပေသဝတီအမည်ရှိသည်။[1]

သူမသည် အတိတ်ဘဝက ကဿပဘုရားရှင်၏ ဓာတ်တော်တို့ကို ဌာပနာရန် တစ်ယူဇနာမြင့်သော စေတီကို တည်သောနေရာသို့ အမိနှင့်အတူ သွားရောက်ခဲ့ကြသည်။

"မိခင် ဤပန်းရံသမားတို့သည် အဘယ်အရာကို ပြုလုပ်နေကြပါသလဲ"

"သမီး ရွှေအုတ်တို့ဖြင့် ကဿပဘုရားရှင်၏ ဓာတ်တော်တို့ကို စေတီတည်နေပါသည်"

"ဒါဆို မိခင် ကျွန်မလည်ပင်း၌ ဆွဲထားသော ရွှေတန်ဆာကို စေတီတော် ရွှေအုတ်လုပ်ရန် လှူလိုပါသည်"

"သမီး သာဓု သာဓု သာဓု လှူလိုသော ဆန္ဒရှိက လှူပါလေ"

သူငယ်မသည် အမိထံမှ ခွင့်ပြုချက်ရသောအခါ မိမိလည်ဆွဲကို ဖြုတ်ပြီးလျှင်

"ဤရွှေတန်ဆာကို ထည့်၍ ရွှေအုတ်ပြုလုပ်ပေးပါ။ ဤတန်ဆာကို ဘုရားအား လှူပါ၏" ဟုဆိုပြီး ရွှေပန်းတိမ်၏ လက်သို့ အပ်နှံလေသည်။

ထိုသူငယ်မသည် နောင်သေလွန်သောအခါဝယ် ထိုရွှေတန်ဆာလှူခဲ့သော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ရပြီး ကဿပဘုရားနှင့် ဂေါတမဘုရားကြား အန္တရကပ်တစ်ကပ်ပတ်လုံး လူ နတ် သုဂတိဘုံ၌သာ ကျင်လည်ခဲ့ရသည်။

ဂေါတမဘုရားလက်ထက်တွင် နာဠက ရွာ၌လူလာဖြစ်သည်။

---

[1] ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com



အသက် (၁၂) နှစ်အရွယ်တွင် မိခင်ဖြစ်သူက ဈေးသို့ ဆီဝယ်ရန် စေလွှတ်သည်။

ထိုဈေးရုံ၌ သူကြွယ်တစ်ဦးသည် မိမိ၏ မကောင်းမှုကံအကျိုးလိုက်သဖြင့် မိမိပိုင် ရွှေ ငွေ၊ ပုလဲ၊ ပတ္တမြားရတနာတို့ကို ကျောက်စရစ်ခဲကဲ့သို့ ထင်မှတ်နေသည်။

"ငါသည် ရွှေငွေရတနာတို့ကို စုပုံသိမ်းဆည်းသိုမှီးထား၏။ ယခု ထိုအရာအားလုံးသည် ကျောက်စရစ်ခဲတွေ ဖြစ်နေရသည်တကား။ ဤသို့ ဖြစ်ရခြင်းသည်ကား ငါ၏ မကောင်းမှုကံကြောင့် ဖြစ်ရလေသည်တကား။ ထိုရတနာတို့ကို သုံးဆောင်ခြင်းငှာ ထိုက်သော ကုသိုလ်ကံရှိသူ၏ အစွမ်းဖြင့် ထိုကျောက်ခဲတို့သည် ရွှေငွေရတနာ ပြန်၍ ဖြစ်လတ္တံ့"

ဟု ကြံစည်မိလေသည်။

ထိုသူကြွယ်သည် ကိသာဂေါတမီအကြောင်းကို ကြားဖူး၍ ဤသို့ကြံစည်မိပြီးလျှင် ကျောက်ခဲများကို အိမ်ရှေ့ဆိုင်တွင် စုပုံထားလေသည်။

ထိုအခါ ဆီဝယ်ရန်လာသော သူငယ်မလေးသည် သူကြွယ်အိမ်ရှေ့၌ ထိုအပုံကို မြင်၍

"အဘယ်ကြောင့် ဤရွှေငွေပုလဲရတနာတို့ကို အိမ်ရှေ့စုပုံထားပါလိမ့်။ ဤအရာများကို ကောင်းစွာ သိမ်းဆည်းထားသင့်သည် မဟုတ်ပါလော" ဟု စဉ်းစားပြီး ထိုသူကြွယ်ကို သွားရောက်ပြောပြသည်။

ဈေးရုံရှင်သူကြွယ်သည် သူငယ်မ၏ စကားကို ကြားသောအခါ "ဤသူငယ်မကား ဘုန်းကံရှိသော သူငယ်မလေးဖြစ်လတ္တံ့။ ဤသူငယ်မ၏ အစွမ်းဖြင့် အဆုံးစုံသော ကျောက်စရစ်ခဲတို့သည် ရွှေငွေတစ်ဖန်ပြန်၍ ဖြစ်ပါက ငါတို့သည်လည်း အကျိုးရှိလတ္တံ့။ သူငယ်မအားလည်း ထောက်ပံ့ပေးအံ့" ဟု ကြံစည်ပြီး သူငယ်မထံသို့ သွား၍ သူငယ်မကို ငါ၏သားအတွက် ပေးပါဟု တောင်းခံလေသည်။

မိခင်က ပေးသောအခါ သူငယ်မကို မိမိအိမ်သို့ ယူဆောင်၍

www.dhammaransi.com



ကျောက်ခဲတို့ကို သူငယ်မကို ထိကိုင်စေသည်။ သူငယ်မထိကိုင်ခဏဝယ် ကျောက်ခဲတို့သည် ရွှေငွေ ပြန်ဖြစ်ကြလေသည်။ ဈေးရုံသူကြွယ်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးလျှင် မကြာခင် သူငယ်မကို မိမိ၏သားနှင့် လက်ထပ်ပေးပြီး အိမ်မှာနေစေသည်။

သူကြွယ်သည် သူငယ်မ၏ အကျင့်ဆိုက စိတ်နေစိတ်ထားမွန် မြတ်မှုကို စဉ်းစားဆင်ခြင်ယုံကြည်ပြီးလျှင် ဘဏ္ဍာတိုက်ကို ဖွင့်ပြပြီးလျှင်

"ချစ်သမီး အဘယ်အရာများကို မြင်သနည်း"

ဟု မေးသည်။

"သခင် ရွှေပုံကြီးကို မြင်ပါသည်။

"ချစ်သမီး ဤပစ္စည်းတို့သည် ငါတို့၏ အကုသိုလ်ကံကြောင့် ကျောက်စရစ်ပုံတွေ ဖြစ်သွားရပြီ။ ယခု သမီး၏ ကုသိုလ်ကံထူးသော ကြောင့် ရွှေပုံပြန်ဖြစ်ရသည်။ ဤပစ္စည်းများ ငါ့သမီး ပိုက်ပါပြီ။ ငါတို့ သည် သမီးပေးသမျှဖြင့်သာ သုံးစွဲပါတော့မည်"

ဟုဆိုပြီး အကုန်အပ်နှံလေသည်။ ထိုအချိန်မှစ၍ သူမသည် 'ပေသဝတီ' ဟူ၍ အမည်တွင်ခဲ့လေသည်။

ထိုအခါ ရှင်သာရိပုတ္တရာသည် မယ်တော်ကို ကျေးဇူးဆပ်ရန် အတွက် နာဠကရွာသို့ ပြန်ကြွလာပြီး နံနက်မိုးသောက်သော် ပရိနိဗ္ဗာန် ပြုတော်မူသည်။

ရှင်သာရိပုတ္တရာအလောင်းတော်ကို နတ်ဗြဟ္မာအပေါင်းတို့သည် လည်းကောင်း၊ လူအပေါင်းတို့သည်လည်းကောင်း ပူဇော်သက္ကာရပြုသော အားဖြင့် (၇) ရက် (၇) လီ ပူဇော်ပွဲကျင်းပလေသည်။

ပေသဝတီသည် ထိုအကြောင်းကို ကြား၍ စန္ဒကူးနံ့သာတို့ဖြင့် သွားရောက်ပူဇော်အံ့ ဟု ကြံ၍ ပန်းတောင်း၌ ရွှေပန်းခိုင်တို့ကိုလည်း အကောင်း၊ စန္ဒကူးနံ့သာတို့ကိုလည်းကောင်း ယူစေ၍ သွားလိုသော ကြောင်းကို ယောက္ခမအား ပန်ကြားသည်။

www.dhammaransi.com



"ချစ်သမီး သင့်မှာ လေးသောကိုယ်ဝန်ကို ဆောင်ထားရ၏။ အလောင်းပူဇော်ရာအရပ်၌ လူပရိသတ်ထူထပ်ပေါမ်များလှသည်။ လူတို့ တိုးဝှေ့သွားလာနေကြရ၏။ သို့တွက် ပန်းနံ့သာတို့ကို ပို့စေ၍သာ လှူပါ။ သမီးက အိမ်မှာနေပါ" ဟု ပြောပြသည်။

ပေသဝတီသည် သဒ္ဓါတရား ကြည်ညိုမှုလွန်ကဲသဖြင့် ယောက္ခမ စကားကို မနာယူဘဲ

"ကျွန်ုပ်ကိုယ်တိုင် သွားရောက်ပူဇော်ပါအံ့"

ဟုပြောပြီး အခြံအရံများနှင့်တကွ သွားလေသည်။ ပန်းနံ့ အလောင်းတော်ကို ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် ကြည်နူးဝမ်းမြောက် သော သဒ္ဓါတရားဖြင့် လက်အုပ်ချီကာ ရပ်နေလေသည်။

ထိုအချိန်တွင် ရှင်သာရိပုတ္တရာ၏ အလောင်းတော်ကို လာ ရောက်ပူဇော်သော မင်းချင်းတစ်ဦး၏ ဆင်သည် လွတ်၍ပြေးလေသည်ရှိ သော် လူထုပရိသတ်သည် ကြောက်လန့်တကြား တိုးဝှေ့ပြေးကြရာမှ ပေသဝတီသည်လည်း လူတိုးဝှေ့ခံရပြီး မြေပေါ်၌ လဲကျကာ လူအနင်းခံ ရပြီး သေခြင်းသို့ ရောက်ရလေသည်။

## ရအပ်သော နတ်စည်းစိမ်

ပေသဝတီသည် ကုသိုလ်စောဖြင့် သေရသည်ဖြစ်၍ တာဝတိံ သာနတ်ပြည်ဝယ် နတ်သမီး ဖြစ်ရလေသည်။

ပေသဝတီနတ်သမီးသည် အိမ်၏ကြီးကျယ်ခမ်းနားသော နတ် စည်းစိမ်ကိုကြည့်ပြီး အဘယ်ကုသိုလ်ကြောင့်ရရာသနည်းဟု ဆင်ခြင် သော် ရှင်သာရိပုတ္တရာအလောင်းကို ပူဇော်သော ကုသိုလ်ကြောင့် ရရာ သည်ကိုသိပြီး အခြံအရံများနှင့်တကွ ဗိမာန်ပါယူဆောင်လျက် ဘုရားရှင် ထံသို့ လာရောက်ဖူးမျှော်လေသည်။ ပေသဝတီ၏ ဗိမာန်သည် အလိုရှိ ရာသွားနိုင်သော ဒိသာစာရိက ဘုံဗိမာန်ဖြစ်လေသည်။

www.dhammaransi.com



ထိုနတ်သမီးကို ကဗျာ လင်္ကာဖွဲ့ဆိုမှု၌ ကျွမ်းကျင်သော အရှင်ဝင်္ဂီသမထေရ်က ထိုနတ်သမီးကို ဘုရားရှင်ကိုယ်စား မေးခွင့်ပြုရန် ပန်ကြားပြီး နတ်သမီးကို မေးခွန်းများ မေးလေသည်။

''ဖန်ရောင် ငွေရောင် ထွန်းပြောင်လက်လက် ရွှေကွန်ယက်ဖြင့် ဖြန့်ကျက်ဖုံးလွှမ်းအပ်သော အထူးထူးအပြားပြား ဆန်းကျယ်သော အပြင်လည်းရှိထသော အလွန်ပျော်မွေ့ဖွယ်ကောင်းသော ကောင်းစွာဖန်ဆင်းအပ်သော တံခါးမုဒ်၊ တံခါးတိုင် မှန်ကင်းတိုင်တို့နှင့် ပြည့်စုံသော ဘုံဗိမာန်ကို ငါမြင်ရပါသည်။

''ပိုျမြစ်နုနယ်တင့်တယ်လှပသော နတ်သမီး၊ သင်၏ဘုံဗိမာန်သည် ရွှေအဆင်းရှိသော သံတို့ဖြင့် ဖျဉ်းကြဲထားသော အပြင်ရှိ၏။ တန်ဆောင်မုန်းအခါ၌ အမိုက်အမှောင်ကို ပယ်ဖျောက်နိုင်သော ရောင်ခြည်တစ်ဆောင် အလင်းဆောင်သော နေမင်းသည် အရပ်ဆယ်မျက်နှာသို့ ထွန်းလင်းတောက်ပသကဲ့သို့ သင်နတ်သမီး၏ ဘုံဗိမာန်သည် ထွန်းလင်းတောက်ပပါ၏။ ညဥ့်အခါ၌ တောင်ထိပ်ပေါ်၌ ထွန်းလင်းတောက်ပသော မီးလျှံကဲ့သို့ ထွန်းလင်းတောက်ပပါ၏။ ကောင်းကင်၌ တည်ထားသော ဤဘုံဗိမာန်သည် လျှပ်စစ်ရောင်ကဲ့သို့ ရှုကြည့်သော သူတို့၏ မျက်စိကို မိုက်ခဲနဲ ဖြစ်စေပါ၏။

စောင်းသံ၊ စည်းသံ၊ ကြေးနောင်သံတို့ဖြင့် ဆူညံနေသော သိကြားမင်း၏ မြို့တော်ကဲ့သို့ သင်နတ်သမီး၏ ဘုံဗိမာန်သည် နတ်သမီးနတ်သား အခြံအရံများဖြင့် ပြည့်စုံလှပါ၏။ ကြာပဒုမ္မာ၊ ကြာပုဏ္ဍရိတ်၊ ကြာဖြူ၊ ကြာညို၊ ကြာနီတို့နှင့် ပြည့်စုံလှပါ၏။ သစ်ပင်၊ ပန်းမန်တို့မှ ပွင့်သော ပန်းနံ့တို့ဖြင့်လည်း မွှေးကြိုင်နေပါ၏။

ဤမျှ ခမ်းနားကြီးကျယ်သော ဘုံဗိမာန် တင့်တယ်လှပသော အဆင်းအရောင်တို့ဖြင့် ပြည့်စုံသော နတ်သမီးသည် အဘယ်ကဲ့သို့သော

www.dhammaransi.com



ဒါန သီလတို့ကို ပြုလုပ်ခဲ့သဖြင့် ဤကဲ့သို့ ရရှိခံစားရပါသနည်း။ အလုံးစုံကို ဘုရားရှင်အား လျှောက်ထားကြပါလော။

အရှင်ဝင်္ဂီသသည် ကဗျာလက်ာဖွဲ့ဆိုတတ်သော ရဟန္တာပီပီ ဆန်းကျယ်သော အဖွဲ့အနွဲ့စကားတို့ဖြင့် နတ်သမီးကို မေးသည်။

ပေသဝတီနတ်သမီးသည် မိမိဘဝဖြစ်ပုံအလုံးစုံကို အရှင်ဝင်္ဂီသနှင့် ဘုရားအမှူးရှိသော သံဃာတော်များအား လျှောက်ထားကြသည်။

*ပေသဝတီဝိမာနဝတ္ထု*

## ၃၀။ ဗန္ဓုလစစ်သူကြီး၏ မယားမလ္လိကာနတ်သမီး

မြတ်စွာဘုရားရှင်သည် ကုသိနာရုံပြည် မလ္လမင်းတို့၏ ဥယျာဉ်ဝယ် ပရိနိဗ္ဗာန်စံဝင်သောအခါ ကုသိနာရုံမြို့ထဲသို့ အလောင်းတော် လှည့်လည်စဉ် ဗန္ဓုလစစ်သူကြီးကတော်ဟောင်း မလ္လမင်းသမီးဖြစ်သော မလ္လိကာဒါယိကာမသည် ဝိသာခါကျောင်းအမ ဝတ်ဆင်သော မဟာလ္လတာ တန်ဆာကဲ့သို့သော မိမိဝတ်ဆင်သော မဟာလ္လတာတန်ဆာကို နံ့သာရေဖြင့် ဖွပ်လျှော်၍ ဒုကုလပုဆိုးအဝတ်ဖြင့် ပွတ်တိုက်ပြီးလျှင် များစွာသော ပန်းနံ့သာ ထုံလျက် ဘုရားရှင်၏ ကိုယ်တော်ကို ဖုံးလွှမ်း၍ လှူလိုက်လေသည်။

### ရအပ်သော နတ်စည်းစိမ်

ထိုကုသိုလ်ဖြင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးဖြစ်လေသည်။

မဟာလ္လတာတန်ဆာကို ပူဇော်လှူဒါန်းရသော အကျိုးကြောင့် မလ္လိကာနတ်သမီး၏ အဆင်တန်ဆာ၊ ဘုံဗိမာန်တို့သည် ရတနာ ခုနစ်ပါး အရောင်တို့ဖြင့် ထွန်းလင်းတောက်ပလျက် သိင်္ဂီရွှေအဆင်းရောင်တို့ဖြင့်

www.dhammaransi.com



အလွန်လျှင် ပြိုးပြိုးပျက်ပျက် ဖိတ်ဖိတ်လက်အောင် တောက်ပြောင်ထွန်းလင်းလျက် အလုံးစုံသော အရပ်မျက်နှာတို့သို့ ဖြာထွက်၍နေသည်။

အရှင်နာရဒမထေရ်သည် နတ်ပြည်သို့ ဒေသစာရီလှည့်လည်စဉ် ထိုနတ်သမီး၏ ဘုံဗိမာန်ကို မြင်၍ ရှေ့ဦးသွားရပ်သည်။ မလ္လိကာနတ်သမီးသည် ဘုံဗိမာန်မှ ထွက်၍ အရှင်နာရဒကို ရှိခိုးလေသည်။

အရှင်နာရဒမထေရ်သည် ထူးခြားဆန်းကြယ်သော နတ်ဘုံဗိမာန်အဆင်းအရောင်အဝါ လှပတင့်တယ်မှု အလုံးစုံတို့သည် အလယ်ဒါန၊ သီလကြောင့်ရရာပါသနည်းဟု မေးသည်။

ထိုအခါ မလ္လိကာနတ်သမီးက မိမိလူ့ဘဝက ဘုရားရှင်၏ ရုပ်အလောင်းကို မဟာလ္လတာတန်ဆာ လှူခဲ့သော ကောင်းမှုကြောင့် ဤမျှ ကြီးကျယ်သော ဘုံဗိမာန်နှင့် နတ်စည်းစိမ်ကို ခံစားရကြောင်း လျှောက်ထားပြလေသည်။

- မလ္လိကာနတ်သမီးသည် နူးညံ့ပျောညက်ဝင်းလျှံလျှံပြောင်ရွှေအရောင်ရှိသော အဝတ်ကို ဝတ်ဆင်ရသည်။
- ရွှေဇာပျောက်ပဝါကို ရင်မှာ ဖုံးလွှမ်းထားရသည်။
- နားဒောင်း စသော ဘယက်ဒွါရာတို့သည် ရွှေရောင် ရတနာခုနစ်ပါးအရောင်ဖြင့် တောက်ပသည်။
- ရတနာခုနစ်ပါးဖြင့် ပြီးသော ပန်းတို့ကို သုံးဆောင်ရသည်။
- အမွှေးအကြိုင်နံ့သာ ထုံသင်းသည်
- ရတနာခုနစ်ပါး စီချက်ထားသော ရွှေရထားကို စီးရသည်။

*မလ္လိကာဝိမာနဝတ္ထု*

## ၃၁။ စေတီကို ပန်းလှူပူဇော်သော သုန္ဒနတ်သမီး

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ဓာတ်တော်တို့ကို ရှစ်ထောင်မင်းတို့ ဝေဘန်၍ ယူကြသောအခါ အဇာတသတ်မင်းသည်

www.dhammaransi.com



မိမိရသော ဓာတ်တော်တို့ကို ရာဇဂြိုဟ်ပြည်သို့ သယ်ဆောင်ရာ စေတီတည်ထားကိုးကွယ်သည်။

ထိုအခါ ရာဇဂြိုဟ်ပြည်၌ ပန်းရောင်းသော သူ၏ သမီးငယ်သည် သုနန္ဒာအမည်ရှိသည်။ သူမသည် သောတာပန်တည်ပြီးသော အရိယာ ဖြစ်သည်။ မိခင်ထံမှ ပန်းတို့ကို ယူ၍ နေ့စဉ် စေတီတော်ကို ပန်းတို့ဖြင့် ပူဇော်လေသည်။ သူမသည် သဒ္ဓါတရားနှင့် ပြည့်စုံပြီး နေ့စဉ် ဆွမ်းလှူ၏။ ဆီမီး ပန်းလှူသည်။ ဥပုသ်သီတင်းသီလ စောင့်ထိန်းခဲ့သည်။

## ရအပ်သော နတ်စည်းစိမ်

ထိုသုနန္ဒာသည် တစ်ချိန်တွင် ရောဂါတစ်ခုဖြင့် ကွယ်လွန်လေရာ တာဝတိံသာနတ်ပြည်ဝယ် သိကြားမင်း၏ အခြွေအရံနတ်သမီး ဖြစ်ရလေသည်။

တစ်နေ့တွင် သုနန္ဒာနတ်သမီးသည် သိကြားမင်းနှင့်အတူ စိတ္တလတာဥယျာဉ်သို့ သွား၍ ပျော်ပါးသည်။ စိတ္တလတာဥယျာဉ်ရှိ ပန်းရုံ ပန်းပွင့်တို့၏ အရောင်သည် နတ်တို့၏ အရောင်ထက် သာလွန်တောက်ပသဖြင့် စိတ္တလတာဥယျာဉ်ထဲသို့ ဝင်သော နတ်တို့၏ အရောင်သည် ပကတိအတိုင်း မတည်နိုင်ဘဲ ပြောင်းလဲ၍ ဆန်းကြယ်သော အရောင်တို့ဖြစ်လာကြရသည်။

သုနန္ဒာနတ်သမီး၏ ကိုယ်ရောင်ကား ပြောင်းလဲခြင်း မရှိဘဲ မူလပကတိအရောင်တိုင်း ရှိလေသည်။

ထိုအဖြစ်ကို မြင်တွေ့ရသော သိကြားမင်းသည် အလွန်အံ့ဩပြီးလျှင် သုနန္ဒာနတ်သမီးကို လူ့ဘဝက ပြုခဲ့သော ကုသိုလ်ကို မေးသည်။

ထိုအခါ သုနန္ဒာနတ်သမီးက မိမိ၏ လူ့ဘဝက ပြုခဲ့သော ဒါန၊ သီလနှင့် ပန်းကို လှူခဲ့ပုံအကြောင်းစုံကို လျှောက်ထားပြလေသည်။

www.dhammaransi.com



သုနန္ဒာနတ်သမီးသည်
– အဆင်းအရောင် လှပသည်။
– တန်ခိုးကြွယ် အထူးပြည့်စုံသည်။
–အာနုဘော် အစွမ်းရှိသည်။

*သုနန္ဒာဝိမာနဝတ္ထု*

## ၃၂။ သောကပင်းအလှုရှင် ပါရိစ္ဆတ္တက နတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ကုသိုလ်ကံ အကျိုး ဆက်လေ့လာရေးခရီးထွက်ခဲ့ပြန်ပါသည်။ ယခုတစ်ခေါက်တွင် နန္ဒဝန်ဥယျာဉ်၌ နတ်သမီးတစ်ထောင်ခြံရံလျက် ပါရိစ္ဆတ္တက မည်သော ရောင်ဝါနီမြန်း ပင်လယ်ကသစ်ပန်းကို သီကုံးပြီး နှစ်သက်ဝမ်းမြောက်စွာ သီချင်းဆိုလျက် နတ်စည်းစိမ် ချမ်းသာကိုခံစားနေသော နတ်သမီးတစ်ပါး ကို တွေ့ရပါသည်။

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးအနီးသို့ ချဉ်းကပ်သွားမိ ၁ာည်။ နတ်သမီးသည် ရှင်မောဂ္ဂလာန်မထေရ်မြတ်ကို တွေ့မြင်ရသော အခါ အနီးသို့လာရောက်ရှိခိုးပြီး သင့်တင့်သောနေရာတွင် အခြံအရံများနှင့် တကွ နေလေသည်။

''အို နတ်သမီး သင်သည် နှစ်သက်ဖွယ်၊ နှလုံးမွေ့လျော်ဖွယ်ကို ဖြစ်စေတတ်သော ပါရိစ္ဆတ္တကအမည်ရှိသော ပင်လယ်ကသစ်ပင်၌ ရောင် ဝါနီမြန်းသော နတ်ပန်းကို သီကုံး၍ သီချင်းသီဆိုလျက် ကောင်းစွာစံပျော် ကာနေ၏''

''သင်နတ်သမီး ကနေစဉ်အခါဝယ် သင်၏ကိုယ်အင်္ဂါကြီးငယ် အသွယ်သွယ်တို့မှ အခါခပ်သိမ်း သာယာပျော်ဖွယ်၊ နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော နတ်၌ဖြစ်ကုန်သောအသံတို့သည် ထွက်ပေါ်ကျူးရင့်ကုန်ပါ သည်။ သင်းပျံ့မွှေးကြိုင်သောအနံ့တို့သည်လည်း ရနံ့ကြိုင် ပျံ့လှိုင်ကုန်ပါ

www.dhammaransi.com



၏။ သင်ကခုန်သည်ရှိသော် သင်၏ ဦးခေါင်းမှ တန်ဆာတို့သည် တူရိယာ ငါးပါးသံတို့ ဖြစ်ပေါ်နေပါ၏။ အသင်နတ်သမီး ဤ "ကျိုးသည် အဘယ် ကုသိုလ်ကံ၏ အကျိုးပါနည်း"

"အရှင်မြတ်ဘုရား တပည့်တော်မ၏အမည်သည်ကား ပါဒ်ဗ္ဗတ္တ က အမည်ရှိပါသည်။ တပည့်တော်မ၏ ရှေးဘဝလူဖြစ်စဉ်က ကုသိုလ်ကံ သည် ဤသို့ရှိခဲ့ပါသည်ဘုရား"

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီ တင်းသုံးနေထိုင်စဉ်က ဖြစ်ပါသည်။

သာဝတ္ထိပြည်သား ဥပါသကာတစ်ဦးသည် ဘုရားရှင်ထံ ချဉ်း ကပ်၍ မနက်ဖြန်နံနက်အလို့ငှာ ဆွမ်းကိုပင့်ဖိတ်လေသည်။

ထိုဥပါသကာသည် ဘုရားကိုပင့်ဖိတ်ပြီးနောက် အိမ်သို့ ပြန်ကာ မိမိအိမ်၏တံခါးပေါက်ဝ၌ ကြီးစွာသောမဏ္ဍပ်ကြီးကို ဆောက်လုပ်သည်။ တင်းတိမ်ကန့်လန့်ကာကို ကာသည်။ အပေါ်၌ ပိမ္မာန်မျက်နှာကြက်ကို ဖွဲ့သည်။ မဏ္ဍပ်ထဲ၌ တံခွန်၊ ကုက္ကား၊ ပုလေးပွားစသည်တို့ကို စိုက်ထူ သည်။ အထူးထူးအပြားပြား ဆန်းကြယ်သောအဝတ်တို့ဖြင့် အလှဆင် သည်။ မြေကိုညီအောင် ရေဖြင့်ပက်ဖျန်းလျက် ပြေပြစ်အောင် ပြုလုပ် သည်။ မဏ္ဍပ်ထိပ်၌ ညောင်စောင်းကို ထိုင်ခင်းနှင့်တကွ ခင်းလေသည်။

ဘုရားရှင်သည် နောက်နေ့နံနက်တွင် ရောင်ခြည်တော် ကွန့် မြူးလျက် ထိုဥပါသကာအိမ်သို့ကြွလာပြီး ခင်းထားသော ညောင်စောင်း၌ သီတင်းသုံးလေသည်။ ဥပါသကာသည် ဘုရားရှင်ကို နံ့သာပန်း အနံ့အထုံ ဆီမီးအစုံတို့ဖြင့် ပူဇော်လေသည်။

ထိုအချိန်မှာပင် ထင်းခွေမိန်းမတစ်ယောက်သည် အန္ဓဝနတော သို့ ထင်းခွေသွားရာတွင် အဆင့်သင့်တွေ့သော အဆင်းအနံ့နှင့်ပြည့်စုံစွာ ပင်လုံးကျွတ်မျှပွင့်နေသော သော်ကပန်းပင်ကို တွေ့၍ ထိုပန်းတို့ကို အရွက် အညွန့်တို့နှင့်တကွ သော်ကပန်းခက်များကို ခူးယူလာခဲ့သည်။

www.dhammaransi.com



ထိုထင်းခွေအမျိုးသမီးသည် ထင်းခွေမှအပြန် ထို့ဥပါသကာ အိမ်အနီးမှဖြတ်သန်း၍ပြန်လာခဲ့ရာ မဏ္ဍာပ်အတွင်း၌ တင့်တယ်စံပါယ်စွာ သီတင်းသုံးထိုင်နေသော ဘုရားရှင်ကိုဖူးမြင်ရလျှင် ကြည်ညိုသော စိတ် တဖွားဖွားပေါ်လာပြီး မဏ္ဍာပ်တွင်းသို့ ဝင်ခဲ့သည်။ ပါလာသော သော်က ပန်းတို့ကို ပန်းမွေ့ယာခင်းပြီး ဘုရားရှင်ကိုပူဇော်လေသည်။ ဘုရားရှင်ကို လည်း ကြည်ညိုသော စိတ်ဖြင့် ရိုသေစွာ သုံးကြိမ်လက်ယာရစ်လှည့်၍ ကိုင်းညွတ်ရှိခိုးပြီး ထွက်ခွာသွားလေသည်။

ထိုထင်းခွေအမျိုးသမီးသည် နောင်အခါ စုတေသောအခါ တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးတစ်ထောင်အခြံအရံရှိသော နတ်သမီး တစ်ပါးဖြစ်လာလေသည်။

''အရှင်မြတ်ဘုရား ဤပန်းအလှူကြောင့် တပည့်တော်မသည် စိုးရိမ်ကင်းကွာရောဂါမရှိ၊ ချမ်းသာခြင်းရှိလျက် ဤနတ်ပြည်၌ နတ်စည်းစိမ်ကို ခံစား၍နေရပါသည် ဘုရား''

ရှင်မောဂ္ဂလာန်သည် ပါရိစ္ဆတ္တကနတ်သမီးနှင့်တကွ အခြံအရံ နတ်သမီးတစ်ထောင်တို့ကို တရားဓမ္မများ ဟောကြားပြီး လူ့ပြည်သို့ ပြန်လည်ဖယ်ခွာကြွခဲ့ကြပါသည်။

*ပါရိဆတ္တကဝိမာနဝတ္ထု*

## ၃၃။ အင်ကြင်းပန်းအလှူရှင် ပဥ္စဌနတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့ပြန်ပါ သည်။ တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးတစ်ပါး၏ စံမြန်းရာ ဘုံဗိမ္မာန် သည် နီမောင်းသောဖန်ဖြင့်ပြီး၏။ ထိုဖန်မှန်ကြီး၏ရှေ့မျက်နှာစာ၌ ရွှေ အဆင်းရှိသောသဲတို့ဖြင့် ခင်းအပ်သော မြေအပြင်၌ ကြီးမားစွာသော အင်ကြင်းတောသည် ထင်ရှားစွာ ဖြစ်ပေါ်နေသည်။ ထိုနတ်သမီးဘုံဗိမ္မာန်မှ ထွက်၍ ထိုအင်ကြင်းတောသို့ဝင်သောအခါ အင်ကြင်းကိုင်း အင်ကြင်း

www.dhammaransi.com



ခက်တို့သည် ညွတ်လာလျက် ထိုနတ်သမီးအထက်၌ အင်ကြင်းပန်းတို့ကို ကြဲဖြန့်၍ချကုန်သည်။

ရှင်မောဂ္ဂလာန်သည် အင်ကြင်းပန်းတို့ဖြင့် ဆန်းကြယ်သော ထိုနတ်သမီး၏ ဘုံဗိမာန်အနီးသို့ ချဉ်းကပ်ခဲ့ပါသည်။ ထိုနတ်သမီးသည် ရှင်မောဂ္ဂလာန်ကိုတွေ့မြင်သောအခါ ဘုံဗိမာန်မှ ဆင်းသက်၍ မထေရ်ကို ရိုသေစွာ ရှိခိုးပြီး သင့်သောနေရာ၌ နေလေသည်။

''နတ်သမီး သင်သည် မွှေးကြိုင်သင်းပျံ့ကောင်းမြတ်သော ရနံ့တို့ကို နှစ်သက်ကြည်ဖြူနမ်းရှူ၍ နေရ၏။ နတ်၌ဖြစ်သော ရှုချင်စဖွယ် အရောင်အဆင်းတို့ကို အမြဲတွေ့မြင်နေရသည်။ သင်သည် ဤသို့သော စည်းစိမ်ချမ်းသာကို ခံစားရခြင်းသည် မည်သို့သောကုသိုလ် ကောင်းမှုကိုပြု၍ ခံစားခဲ့ရပါသနည်း''

''အရှင်မြတ်ဘုရား တပည့်တော်မ၏အမည်သည် မဉ္ဇိဋ္ဌက အမည်ရှိပါသည်။ တပည့်တော်မသည် လူ့ဘဝတွင်ရှိစဉ်က တောသို့ ထင်းခွေသွားရင်း အင်ကြင်းပန်းတို့ကို တွေ့၍ယူပြီး ဦးခေါင်း၌ပန်ဆင်ခဲ့ပါသည်။ တစ်ဦးသော ဒါယကာအိမ်၌ ဘုရားရှင်သီတင်းသုံးထိုင်နေသည်ကို ဖူးတွေ့ရပြီး ကြည်ညိုသောစိတ်ဖြစ်ခဲ့ရပါသည်။ ဦးခေါင်း၌ပန်ထားသော အင်ကြင်းပန်းတို့ကိုဖြုတ်၍ ဘုရားရှင်ကို လှူဒါန်းခဲ့ပါသည်။ ဤကုသိုလ် ကောင်းမှုကြောင့် တပည့်တော်မသည် တာဝတိံသာနတ်ဘုံ၌ဖြစ်ပြီး ဤ သို့သောစည်းစိမ်ကို ခံစားရပါသည်ဘုရား''

ရှင်မောဂ္ဂလာန်သည် မဉ္ဇိဋ္ဌကနတ်သမီးနှင့်တကွ ပရိသတ်တို့ကို တရားဟောပြီး ပြန်ကြွခဲ့ပါသည်။

*မဉ္ဇိဋ္ဌကဝိမာနဝတ္ထု*

www.dhammaransi.com



## ၃၄။ ပြိုးပြိုးပျက်ပျက် အရောင်ထွက်သော မြတ်လေးပန်းအလှူဖြင့် ပဘာဿရနတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့ပြန်ပါသည်။ နတ်သမီးတစ်ပါးသည် ပြိုးပြိုးပြက်ပြက် ဖိတ်ဖိတ်လက်ကာ အရောင်အဝါများ ထွက်လျက်ရှိသည်။ နီမြန်းသော အဝတ်ကိုဝတ်ဆင်ထားသည့်ကိုယ်သည် စန္ဒကူးဖြင့် လိမ်းကျံထားသည့်ပမာ နှစ်သက်ဖွယ်ရာရှိသည်။ ထိုနတ်သမီး၏ပလ္လင်သည် အဖိုးများစွာထိုက်သော ရတနာတို့ဖြင့် စီခြယ်ထားသည်မှာ ဆန်းကြယ်လှပနေပါသည်။ အရောင်အဝါတို့သည် ပြိုးပြိုးပြက်ပြက် ထွက်နေပါသည်။

မထေရ်မြတ်ကြီးသည် ထိုနတ်သမီးအနီးသို့ ချဉ်းကပ်ကြွသွားမိပါသည်။ ထိုနတ်သမီးသည် ရှင်မောဂ္ဂလာန်ကို တွေ့မြင်သောအခါ ဘုံဗိမ္ဗာန်မှဆင်း၍ မထေရ်ကိုရိုသေစွာ ရှိခိုးပြီး သင့်သောနေရာ၌ နေလေသည်။

"နတ်သမီး သင်သည် ရှေးဘဝက အဘယ်မည်သော သုစရိုက်တရားတို့ကိုကျင့်၍ ဤဘုံသို့ရောက်ခဲ့ရပါသနည်း။ အဘယ်သို့သော ကုသိုလ်ကောင်းမှုကိုပြု၍ ဤသို့သော စည်းစိမ်ကိုခံစားရပါသနည်း"

"အရှင်မြတ်ဘုရား တပည့်တော်မသည် လူ့ဘဝတွင် ရှိစဉ်က ဆွမ်းအလို့ငှာကြွလာသော အရှင်မြတ်ဘုရားကို ကြံသကာတင်လဲကို လှူခဲ့ပါသည်။ ထို့ပြင် မြတ်လေးပန်းကို လှူခဲ့ပါသည်။ ဤမည်သော ကုသိုလ်ကောင်းမှုကြောင့် ဤနတ်ပြည်သို့ရောက်ပြီး ဤသို့သောနတ်စည်းစိမ်ကို ခံစားရပါသည်ဘုရား"

ရှင်မောဂ္ဂလာန်သည် ပန်းနှင့်တင်လဲလှူ၍ နတ်သမီးဖြစ်ရသော ထိုနတ်သမီးအကြောင်းကို ဆင်ခြင်ကြည့်မိပါသည်။

ထိုနတ်သမီးသည် လူ့ဘဝတွင် ရှိစဉ်က ရှင်မောဂ္ဂလာန်မထေရ်ကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာတစ်ဦး၏သမီး တစ်ဦးဖြစ်ပါသည်။

www.dhammaransi.com



သူမသည် ရတနာသုံးပါး၌ ကြည်ညိုသော စိတ်ရှိသည်။ ရှင်မောဂ္ဂလာန်ကိုလည်း မိဘတို့ ကြည်ညိုမြတ်နိုးသကဲ့သို့ ကြည်ညိုမြတ်နိုးသော စိတ်ရှိသူ ဖြစ်ပါသည်။

တစ်နေ့တွင် ရှင်မောဂ္ဂလာန်ဆွမ်းခံကြွစဉ် ထိုအမျိုးသမီးငယ်သည် မထေရ်မြတ်ကိုမြင်၍ ကြည်လင်ဝမ်းမြောက်သောစိတ် ဖြစ်ကာ နေရာကို ခင်းကျင်းပြီး မြတ်လေးပန်းဖြင့်ပူဇော်သည်။ ထို့နောက် ကောင်းမွန်ချိုမြိန်သော အရသာရှိသည့်တင်လဲ (ထန်းလျက်ကြွသကာခဲ)ကို မထေရ်၏ သပိတ်ထဲသို့ လောင်းလှူလေသည်။

မထေရ်သည် ထိုအမျိုးသမီးငယ်ကို အနုမောဒနာတရား ဟောကြားလိုသဖြင့် ပြန်မကြွဘဲ ဆက်လက်၍ထိုင်နေမိသည်။ အမျိုးသမီးငယ်သည် အိမ်၌ပြုဖွယ်ကိစ္စများပြားလှ၍ တရားနာရန် အားလပ်ခွင့်မရသောကြောင့် –

''အရှင်မြတ်ဘုရား တပည့်တော်မသည် အိမ်မှုကိစ္စများပြားလှ၍ ယခု တရားမနာကြားနိုင်သေးပါ။ နောက်တစ်ရက်မှ တရားနာပါမည်''ဟု လျှောက်ထားသဖြင့် မထေရ်သည် ပြန်ကြွခဲ့ပါသည်။

ရှင်မောဂ္ဂလာန် ပြန်ကြွသွား၍ မကြာမြင့်မီ ထိုနေ့၌ပင် ထိုအမျိုးသမီးငယ်သည် ကွယ်လွန်ခဲ့လေသည်။

''အရှင်မြတ်ဘုရား တပည့်တော်မသည် ယခု နောင်တစ်ဖန် ပူပန်ရပါသည်။ လူ့ဘဝရှိစဉ်က အရှင်ဘုရားတရားဟောမည်ကို ချွတ်ယွင်းစွာ မှား၍လျှောက်ထားမိခဲ့၍ တရားမနာခဲ့ရပါ။ ဝဋ်မှလွတ်ကြောင်း တရားကို မနာခဲ့ရ၍ ယခုတပည့်တော်မှနောင်တရခဲ့ပါသည်။ ယခု တပည့်တော်မသည် အရှင်ဘုရားအား တောင်းပန်ပါ၏။ အရှင်ဘုရားသည် တပည့်တော်မအား သနားသဖြင့် ရှင်တော်မြတ်ဘုရား၏ သံသရာဝဋ်မှ လွတ်ကြောင်းတရားတို့ကို ဟောပြတော်မူပါဘုရား''

''ရှင်မောဂ္ဂလာန်သည် လူ့ဘဝဖြစ်စဉ်က သူမအတွက် ရည်

www.dhammaransi.com



ရှယ်ထားသော တရားတို့ကို ဆက်ဟောပြောပြသခဲ့သည်။ ထိုနတ်သမီးသည် ရှင်မောဂ္ဂလာန် ဟောကြားသောတရားတို့ကို များစွာနှစ်သက်ဝမ်းမြောက်စွာ နာယူမှတ်သားလေသည်။ မထေရ်၏တရားအဆုံးတွင် နတ်သမီးက –

"အရှင်ဘုရား အကြွင်နတ်တို့အား ရတနာသုံးပါး၌ ယုံကြည်သဒ္ဓါတရားရှိ၏။ ထိုနတ်များတို့သည် တပည့်တော်မထက် နတ်သက်ရှည်ကြပါသည်။ အခြံအရံအားဖြင့်လည်းကောင်း၊ အဆင်းအားဖြင့်လည်းကောင်း၊ အာနုဘော်အားဖြင့်လည်းကောင်း သာလွန်တင့်တယ်ကြပါ၏ ဘုရား" ဟု လျှောက်ထားလေသည်။

မှန်ပါသည်၊ လောက၌ ရတနာသုံးပါးကိုယုံကြည် ကိုးကွယ်သောသူသည် နတ်ပြည်၌သာမက လူ့ပြည်၌ပင် လူတကာထက် အခြွေအရံ အကျော်အစော ဂုဏ်သတင်းကြီးမားလှပါသည်။

ရှင်မောဂ္ဂလာန်သည် မကြာမီ ထိုနတ်သမီးထံမှ ဖယ်ခွာခဲ့ပါသည်။

*ပဘဿရဝိမာနဝတ္ထု*

## ၃၅။ သက်န်းလှူဒါန်းခဲ့သော ဆင်ပျံရတနာစီးယာသူတော်ရှာနတ်သမီး

တစ်နေ့သော ညဥ့်အချိန်ဖြစ်ပါသည်။ ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးပြီး ရဟန်းအပေါင်းကို တရားဓမ္မဟောပြောနေစဥ် ဖြစ်ပါသည်။

နတ်သမီးတစ်ပါးသည် ဆင်ပျံရတနာကိုစီးလျက် အခြွေအရံများနှင့်တကွ ဘုရားရှင်ထံဖူးမြော်ရန် ရောက်လာပါသည်။ ဆင်ပျံသည် ရွှေကွန်ယက်တို့ဖြင့် တန်ဆာဆင်ထားသော ကကြိုးတန်ဆာအစုံပါရှိပြီး ဆင်ပျံရတနာ၏ ကျောကုန်းထက်၌ ပတ္တမြားဖြင့်ပြီးသော မဏ္ဍာပ် ရှိသည်။ ထိုမဏ္ဍာပ်အလယ်၌ ရတနာပလ္လင် ခင်းထားသည်။ ဆင်ပျံရတနာ၏

www.dhammaransi.com



အစွယ်နှစ်ချောင်းတို့၌ ပဒုမ္မာကြာပွင့်တို့နှင့်ပြည့်စုံသော လေးထောင့်ကန်တို့သည် ဖြစ်ပေါ်လျက်ရှိပြီး ထိုပဒုမ္မာကြာတို့ပေါ်၌ နတ်သမီးတို့သည် တူရိယာငါးပါးကို တီးမှုတ်ကခုန်လျက် ရှိလေသည်။ နတ်သီချင်းများကိုလည်း သီဆိုကျူးရင့်လျက် ရှိသည်။

ထိုနတ်သမီးသည် ဘုရားရှင်အနီးသို့ရောက်သောအခါ ဆင်ပျံရတနာပလ္လင်ထက်မှ ဆင်းသက်ပြီး ဘုရားရှင်ကို ရှိခိုးလေသည်။ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာအရပ်၌နေသော ထိုနတ်သမီးကို အရှင်ဝင်္ဂီသမထေရ်က ဘုရားရှင်ကိုယ်စား ဤသို့ မေးပါသည်။

''နတ်သမီး သင်သည် ထူးခြားဆန်းကြယ်သောဆင်ပျံ ရတနာကို စီးလျက် ဤဇေတဝန်ကျောင်းရှိ ဘုရားရှင်သို့ရောက်လာသည်။ သင်သည် ဘုန်းတန်ခိုးကြီးလှ၏။ သင်သည် လူ့ဘဝဖြစ်စဉ်က အဘယ်ကဲ့သို့သော ကုသိုလ်ကောင်းမှုကိုပြုခဲ့၍ ဤပည်သောနတ်စည်းစိမ်ကို ခံစား-စံစားရပါသနည်း''

''အရှင်မြတ်ဘုရား တပည့်တော်မ၏အမည်သည် ယသုတ္တရာ အမည်ရှိပါသည်။ သိကြားမင်း၏မိဖုရား တစ်ပါးလည်း ဖြစ်ပါသည်။ တပည့်တော်မသည် လူ့ဘဝရှိစဉ်က ဟာရာဏသီပြည်သူ ဘုရားရှင်၏ ဥပါသိကာမတစ်ဦး ဖြစ်ပါသည်။ တပည့်တော်မသည် ဘုရားရှင်ကို ရည်မှန်းပြီး သက်န်းလျာကို ကိုယ်တိုင်ရက်လုပ်ပြီး ဘုရားရှင်ကို လှူဒါန်းခဲ့ပါသည်။ သက်န်းလှူဒါန်းသောအခါ ဘုရားရှင်၏တရားဒေသနာကိုလည်း သေချာစွာ သဒ္ဓါပွားလျက် နာကြားခဲ့ရပါသည်။ ဤပြုခဲ့သောကောင်းမှုကုသိုလ်ကံကြောင့် တပည့်တော်မသည် တာဝတိံသာနတ်ပြည်၌ဖြစ်ရပြီး ဤမည်သော နတ်စည်းစိမ်ကို ခံစားရပါသည်ဘုရား''

''နတ်သမီး သင်သည် ယခု အဘယ်အကျိုးအလို့ငှာ ဘုရားရှင်ထံသို့ အခြွေအရံနှင့်တကွလာခဲ့ပါသနည်း''

''အရှင်မြတ်ဘုရား တပည့်တော်မသည် ဤစည်းစိမ် ခံစားရ

www.dhammaransi.com



သည့် အကျိုးဆက်ကို ပြန်လည်ဆင်ခြင်မိပါသည်။ ဘုရားရှင်ကို သက်နှီး လှူခဲ့သည့် အကျိုးဆက်ကြောင့် ဤစည်းစိမ်ခံစားရသည့်အဖြစ်ကို သိခဲ့ပါ သည်။ ဘုရားရှင်၏ဂုဏ်ကျေးဇူးကို အထူးသတိရ၍ ယခု လာရောက်ဖူး မြော်ခြင်း ဖြစ်ပါသည်ဘုရား''

ဘုရားရှင်သည် ထိုနတ်သမီးကို သစ္စာလေးပါးတရားကို ဟော ကြားဆုံးမတော်မူပါသည်။ ထိုနတ်သမီးသည် ဘုရားရှင်၏ တရားကို ရိုသေစွာ နာကြားပြီးလျှင် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးလျက် နတ်ပြည်သို့ ပြန်လည်ထွက်ခွာသွားပါသည်။

သက်နှီးလှူရသော ကုသိုလ်အကျိုးသည်ကား အံ့ဖွယ်တနန်း အကျိုးကို ခံစားရသည်သာတည်း။

*နာဂဝိမာနဝတ္ထု*

## ၃၆။ မုယောမုန့်ခြောက် ပေးလှူသော အဘောမနတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့ပြန်ပါ သည်။ နတ်သမီးတစ်ပါးသည် အရောင်အဆင်းပြည့်စုံလျက် နတ်စည်း စိမ်ခံစားလျက်နေသည်ကို တွေ့မြင်ရ၍ ထိုနတ်သမီး အနီးသို့ ချဉ်းကပ် သွားခဲ့ပါသည်။

ထိုနတ်သမီးသည် ရှင်မောဂ္ဂလာန်ကို တွေ့မြင်သောအခါ ဘုံ ဗိမ္မာန်မှဆင်း၍ မထေရ်ကို ရိုသေစွာရှိခိုးပြီး သင့်သောနေရာ၌ နေလေ သည်။

''နတ်သမီး သင်သည် ဤကဲ့သို့သော အရောင်အဝါ တောက်ပ လျက် နတ်စည်းစိမ်ကို ခံစား-စံစားရခြင်းသည် လူ့ဘဝက မည်ကဲ့သို့ သော ကုသိုလ်ကောင်းမှုကိုပြု၍ ခံစား-စံစားရပါသနည်း''

''အရှင်မြတ်ဘုရား တပည့်တော်မသည် လူ့ဘဝတွင် ရှိစဉ်က ဗာရာဏသီပြည်၌ အလွန်ဆင်းရဲသောသူ ဖြစ်ပါသည်။ ဘုရားရှင်ကို

www.dhammaransi.com



တစ်နေ့ဖူးတွေ့ရ၍ အလွန်ကြည်ညိုသော စိတ်ဖြစ်ခဲ့မိ၍ လှူဒါန်းရန် အဖိုးထိုက်ပစ္စည်းလည်း မရှိသောကြောင့် အဆင်သင့်ရှိသော ဆားမှုံပင် မပါသော မုယောမုန့်ခြောက်ကို ဘုရားရှင်အား ကိုယ်တိုင်လှူခဲ့ပါသည်၊ ဤကုသိုလ်ကောင်းမှုအကျိုးဆက်ကြောင့် တပည့်တော်မသည် ဤတာဝတိံသာ နတ်ပြည်သို့ရောက်ပြီး ဤသို့သော နတ်စည်းစိမ်ကို ခံစားရပါသည် ဘုရား''

''နတ်သမီး ကောင်းလေစွ, ကောင်းလေစွ''

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးကို တရားဝေမှုများ ဆက်လက် ဟောကြားပြီး ပြန်ကြွခဲ့ပါသည်။ လောက၌ လွန်စွာ ခြောက်သွေ့၍ ဆားလည်းမပါသော အိုးကင်းပွကပ်မုယောမုန့်ချပ်၏ အလှူအကျိုးသည် ပင် ဤမျှသောအကျိုးကို ခံစား-စံစား ရသည်ဆိုသော် မြင့်မြတ်များ ပြားသော၊ စင်ကြယ်သော အလှူ၏အကျိုးကား ဆိုဖွယ်ရာမရှိ ဖြစ်ပါ မည်သာ။

*အလောမဝိမာနဝတ္ထု*

## ၃၇။ ပုန်းရည်လှူဒါန်းခဲ့သော ကဉ္စိကဒါယိကာနတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ ခရီး ကြွနေစဉ် နတ်သမီးတစ်ပါးသည် အခြွေအရံများစွာနှင့် သွားလာပျော်ပါး နေသည်ကို တွေ့ရပါသည်။ မထေရ်သည် ထိုနတ်သမီးအနီးသို့ ချဉ်းကပ် သွားမိပါသည်။ နတ်သမီးသည် မထေရ်ကို တွေ့မြင်ရသောအခါ ရိုသေစွာ ရှိခိုးပြီး သင့်သောအရပ်၌ နေလေသည်။

မထေရ်မြတ်သည် ထုံးစံအတိုင်း ထိုနတ်သမီးကို မေးခဲ့ပါသည်။ ထိုနတ်သမီး၏ အတိတ်ဘဝဖြစ်စဉ်သည်ကား-

ဘုရားရှင်သည် အန္ဓကဝိန္ဒမြို့၌ သီတင်းသုံးနေစဉ် ဝမ်းတော်၌ လေနာရောဂါ ဖြစ်လေသည်။ သို့အတွက် ရှင်အာနန္ဒာကို ခေါ်၍ ဤသို့ မိန့်မှာသည်။

www.dhammaransi.com



"ချစ်သားအာနန္ဒာ သင်သွားချည် ဆွမ်းအလို့ငှာ လှည့်လှည်၍ ငါ့အတွက် ဆေးအလို့ငှာ ပုန်းရည်ကိုယူဆောင်ခဲ့ပါလော့"

"ကောင်းပါပြီ အရှင်ဘုရား"

ရှင်အာနန္ဒာသည် စတုမဟာရာဇ်နတ်မင်းကြီးများ လှူဒါန်းထားသော ဘုရားရှင်၏သပိတ်တော်ကို ယူဆောင်၍ မိမိ၏ အလုပ်ကျွေး (ဆွမ်းခံအိမ်)ဖြစ်သော ဆေးဆရာအိမ်တံခါးဝ၌ ရပ်တော်မူသည်။

ရှင်အာနန္ဒာကို မြင်တော်မူသော ဆေးဆရာ၏မယားသည် ရှင်အာနန္ဒာကို ရှိခိုးပြီး သပိတ်ကိုလှမ်းယူကာ -

"အရှင်ဘုရား ဘာအလို ရှိပါသနည်း။ ဆေးအလိုရှိပါသလား ဘုရား"

ဆေးဆရာကတော်သည် ပါးနပ်လိမ္မာသော အသိပညာရှိသည်။ အရှင်မြတ်သည် ငါ၏အိမ်သို့ဆွမ်းအလို့ငှာမကြွလာ၊ဆေးအလို့ငှာသာလျှင် ကြွလာသည်ဖြစ်မည်ဟု စဉ်းစားမိပြီး ဤသို့လျှောက်ထားခြင်းဖြစ်သည်။

"ငါတို့ ပုန်းရည်ဆေးကို အလိုရှိသည်"

"ဤဆေးသည် ငါတို့၏အရှင်အာနန္ဒာအတွက် မဟုတ်တန်ရာ၊ အရှင်အာနန္ဒာလက်ထဲတွင် ဘုရားရှင်၏ သပိတ်ပါလာသောကြောင့် ဘုရားရှင်အတွက်သာ ဖြစ်ရမည်။ ဘုရားရှင်အတွက် သင့်လျော်သော ပုန်းရည်ဆေးကို စီမံအံ့"

ဆေးဆရာကတော်သည် ဤသို့စဉ်းစားဆင်ခြင်ပြီးလျှင် ဆီးသီးရေဖြင့် ကျိုချက်အပ်သော ပုန်းရည်ချဉ်အား ဆီ ထောပတ် စသည်တို့ဖြင့် ရောစပ်ပြုပြင်စီရင်သော ယာဂုကို စီမံချက်ပြုတ်ပြီး လှူလေသည်။ ထိုယာဂုအပြင် အခြားသောခဲဖွယ်ဘောဇဉ်တို့ကိုလည်း စီရင်၍ လှူလိုက်လေသည်။

ဘုရားရှင်သည် ထိုယာဂုကိုဘုဉ်းပေးသောအခါ ဝမ်း၌ ဖြစ်သော လေနာရောဂါသည် သက်သာလေသည်။

www.dhammaransi.com



နောင်သောအခါ ထိုဆေးဆရာကတော်သည် သေလွန်သော အခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ပြီး ကြီးကျယ်သော နတ်စည်းစိမ်ကို ခံစားရလေသည်။

နတ်သမီးသည် သူမဘဝဖြစ်စဉ်ကို ရှင်မောဂ္ဂလာန်အား လျှောက်ထားပြီးနောက် ဤသို့ဆက်လျှောက်လေသည်။

"အရှင်ဘုရား ကိုယ်အင်္ဂါကြီးငယ် အသွယ်သွယ်လှပ တင့်တယ် ရှုစဖွယ်သော လင်ယောက်ျား၏ ရှုမငြီးသည့် ဇနီးသည်မသည် စကြာမင်းကြီး၏ မိဖုရားပင်ဖြစ်လင့်ကစား၊ စကြာမင်းကြီး၏မိဖုရားအဖြစ်သည် ဤသူဆင်းရဲမပေးလှူခဲ့ရသော တစ်ခုသောပုန်းရည်အလှူ၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိပါဘုရား"

"ရွှေစင်နိက္ခတစ်သိန်း၊ မြင်းတစ်သိန်း၊ အဿတရမြင်းကသော ရထားတစ်သိန်း၊ ပတ္တမြားနားဋောင်းဝတ်ဆင်ကုန်သော သတို့သမီးကညာ တစ်သိန်းဟူသော ဤအလုံးစုံသည်လည်း ဤသူဆင်းရဲမပေးလှူသော တစ်ခုသောပုန်းရည်အလှူ၏အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိပါဘုရား"

"ဟိမဝန္တာတောင်၌ဖြစ်ကုန်သော စည်းငယ်ညွတ်သော အစွယ်ရှိကုန်သော ကြီးစွာသောစစ်ပွဲတို့၌ ဆင်နွဲနိုင်ကုန်သော ရွှေကြိုး ရွှေတန်ဆာ ဆင်အပ်ကုန်သော မာတင်္ဂမျိုးဆင်တစ်ရာသည် ဤသူဆင်းရဲမပေးလှူသော တစ်ခုသောပုန်းရည်အလှူ၏အကျိုးကို တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိပါ ဘုရား"

"ဤလောကကြီး၌ ကျွန်းကြီးလေးကျွန်းကို အစိုးရသော စကြာဝတေးမင်း၏ စည်းစိမ်ချမ်းသာသည်လည်း ဤသူဆင်းရဲမ ပေးလှူသော တစ်ခုသော ပုန်းရည်အလှူ၏အကျိုးကို တစ်ဆယ့်ခြောက်စိက်စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိပါဘုရား"

ရှင်မောဂ္ဂလာန်သည် ကဋ္ဌကဒါယိကာနတ်သမီး၏ လျှောက်ထား

www.dhammaransi.com



ချက်ကို သာဓုအနုမောဒနာပြုပြီးလျှင် နတ်သမီးနှင့်တကွ သူမ၏အခြံအရံ တို့ကိုပါ တရားဟောကြားခဲ့ပါသည်။

ထို့နောက် လူ့ပြည်သို့ ပြန်လည်ကြွခဲ့ပါသည်။ ထိုအကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားခဲ့ပါသည်။ ဘုရားရှင်သည် ထိုနတ်သမီးအကြောင်းစုံကို တရားနာပရိသတ်တို့အား ပြန်လည်ဟောပြောပြရာ ပရိသတ်တို့ အကျိုးစီးပွား ဖြစ်လေသည်။

*ကိဠိကဒါယိကာဝိမာနဝတ္ထု*

## ၃၈။ ဝိသာခါကျောင်းအလှူကို သာဓုခေါ်ခဲ့သော သဟာယိကာနတ်သမီးများ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဖြစ်သည်။

ဝိသာခါသည် နက္ခတ်ပွဲသဘင်ပြုလုပ်သော နေ့၌ ငါးရာမျှသော မိတ်ဆွေအပေါင်းအပါများ၊ အခြွေအရံများနှင့်အတူ ဥယျာဉ်ကစားသွားကြရန် စီမံကြပြီးလျှင် ကောင်းစွာ ရေမိုးချိုးလျက် မဟာလ္လတာတန်ဆာကို ဝတ်ဆင်ပြီး ထွက်ခဲ့သည်။ လမ်းခရီး၌ ဤသို့ အကြံဖြစ်မိသည်။

"ငါသည် သူငယ်မလေးကဲ့သို့ အချည်းနှီးဆော့ကစားပျော်ပါးခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဇေတဝန်ကျောင်းသို့သွား၍ ဘုရားကိုလည်းကောင်း၊ သံဃာတော်များကိုလည်းကောင်း ဖူးမျှော်ပြီး တရားကို နာသင့်သည်။

ဤသို့ ကြံစည်ဆုံးဖြတ်ပြီးလျှင် ဥယျာဉ်သို့ မသွားဘဲ ဇေတဝန်ကျောင်းသို့ သွားလေသည်။ ကျောင်းအရောက်တွင် သင့်တင့်သော နေရာ၌ မဟာလ္လတာတန်ဆာကို ချွတ်၍ ကျွန်မတစ်ယောက်ကို အပ်ပြီးလျှင် ဘုရားထံသွားကာ ရှိခိုးဦးချလေသည်။

ဘုရားရှင်သည် ဝိသာခါဒါယိကာမကို တရားဟောတော်မူ

www.dhammaransi.com



သည်။ တရားဟောအပြီးတွင် ဝိသာခါသည် ဘုရားရှင်ကို ရှိခိုးပြီးလျှင် လက်ယာရစ်သုံးပတ်လှည့်လည်ကာ ထွက်ပြီး ရဟန်းတော်တို့ထံ သွား၍ ရှိခိုးကန်တော့သည်။

ထို့နောက် ကျောင်းမှ ပြန့်ထွက်ခဲ့ကြ၍ အတန်ငယ်မှ မဟာလ္လတာ တန်ဆာကို ဝတ်မည်ဟု စိတ်ကူးရပြီး မဟာလ္လတာတန်ဆာကို ကျွန်မထံမှ တောင်းသည်။

ကျွန်မသည် မဟာလ္လတာတန်ဆာကို အထုပ်ပြု၍ တစ်နေရာ ထားခဲ့ပြီး အခြားသူများနှင့်အတူ လှည့်လည်ဖူးမျှော်ရာ အပြန်တွင် ထိုအထုပ်ကို မေ့နေသည်။

"အရှင်မကြီး အထုပ်ကို ကျောင်းမှာ မေ့နေခဲ့ပါသည်။ ကျွန်မ ပြန်ယူပါရစေ ခဏစောင့်ပါဦး"

ဟု ပြောကြားတောင်းပန်သည်။

ထိုမဟာလ္လတာတန်ဆာကို အရှင်အာနန္ဒာက တွေ့၍ ကောက်ယူ သိမ်းဆည်းထားလေသည်။

"ငါ၏ တန်ဆာသည် ကျောင်းအတွင်း ကျန်ခဲ့သည်ဖြစ်အံ့၊ ထိုတန်ဆာတန်ဖိုးကို ဖြတ်၍ ကျောင်းဆောက်၍ လှူရအံ့"

ဟု ဝိသာခါသည် စဉ်းစားပြီး အတူတူကျောင်းသို့ ပြန်လိုက်ခဲ့ သည်။ ထိုတန်ဆာကို ရှင်အာနန္ဒမထေရ် သိမ်းထားမှန်းသိသောအခါ ကျောင်းဆောက်လှူမည်ဟု ဆုံးဖြတ်ပြီး ဘုရားရှင်ထံ တစ်ဖန်ဝင်ကာ ကျောင်းဆောက်လှူဒါန်းခွင့်ကို တောင်းပန်သည်။ ဘုရားရှင်က တိတ်ဆိတ် နေ၍ သည်းခံသည်။ မလ္လိကာသည် ကိုးကုဋေ အဖိုးထိုက်သော မဟာလ္လတာတန်ဆာကို ထုခွဲရောင်းချ၍ အရှင်မောဂ္ဂလန်မထေရ်ကို နဝကမ္မစီရင်သော ရဟန်းပြုပြီးလျှင် အောက်ဘုံ၌ တိုက်ခန်း (၅၀၀)၊ အထက်ဘုံ၌ တိုက်ခန်း (၅၀၀) ပါသော နတ်ဘုံနှင့်တူသော ပုပ္ဖါရုံ ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းလေသည်။

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



တိုက်ခန်း (၁၀၀) ဘုံဗိမာန်ပြာသဒ်၊ စကြံစသည်ဖြင့် ခမ်းနားထည်ဝါကြီးကျယ်သော ပုပ္ဖါရုံကျောင်းကြီးဆောက်လုပ်ပြီးစီးသောအခါ ဝိသာခါသည် ကိုယ်တိုင်တက်ကြည့်ပြီး အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ကျောင်းရေစက်ချပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်လေသည်။

ထိုကျောင်းရေစက်ချအလှူပွဲတွင် မိမိ၏ ကျောင်းအလှူကို ပတ္တိဒါနအမျှ ပေးဝေလေသည်။ မိမိ၏ အဆွေခင်ပွန်းအဖော်သဟဲတို့တွင် တစ်ယောက်သော ဥပါသိကာမသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် သာဓုအနုမောဒနာ ခေါ်ဆိုလေသည်။

## ရအပ်သော နတ်စည်းစိမ်

ထိုအပေါင်းအဖော် ဥပါသကာမသည် ကွယ်လွန်ကြသောအခါ တာဝတိံသာနတ်ပြည်ဝယ် သဟာယိကာအမည်ရှိသော နတ်သမီးဖြစ်ရလေသည်။

ဝိသာခါမှာမူ နိမ္မာနရတိနတ်ပြည်ဝယ် သုနိမ္မိတနတ်မင်းကြီး၏ နတ်မိဖုရားဖြစ်ရလေသည်။

အရှင်အနုရုဒ္ဓါမထေရ်သည် နတ်ပြည်သို့ ဒေသစာရီလှည့်လည်သည့်ရှိသော် ထိုဝိသာခါ၏ အပေါင်းအဖော်နတ်သမီးကို တွေ့မြင်၍ ပြုအပ်သော ကောင်းမှုကုသိုလ်ကို မေးခဲ့သည်။

ထိုနတ်သမီးက ဝိသာခါကျောင်းအမ ပေးဝေသော ပတ္တိဒါနကို သာဓုခေါ်ခဲ့၍ ဤမည်သော နတ်စည်းစိမ်ကို ခံစားရကြောင်း လျှောက်ထားပြလေသည်။

ထိုနတ်သမီးသည် သာဓုခေါ်ရုံမျှသော ကုသိုလ်ဆက်ဆက်ဖြင့် - ထိုဗိမာန်ဖြင့် လိုရာသို့သွားလာနိုင်သည်။

www.dhammaransi.com



- ထိုဘုံဗိမာန်၌ ကြာငါးမျိုးဖြင့် တင့်တယ်သော ရေကန်၊ သစ်ပင်၊ ပန်းမန်တို့ဖြင့် ပြည့်စုံသော ဥယျာဉ်သည် ဖြစ်ပေါ်နေသည်။
- တူရိယာတို့ဖြင့် ဖျော်ဖြေသော နတ်သမီးအခြံအရံများစွာ ရှိသည်။
- ကိုယ်ရောင်အဆင်း အလွန်တင့်တယ်ပြီး အရပ် (၁၀) မျက်နှာပျံ့နှံ့သည်။

*သဟာယိကဝိမာနဝတ္ထု*

## ၃၉။ ပန်းအလှူရှင် စတုရိတ္ထိနတ်သမီးများ

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ တစ်ခါက်လှည့်လည်ရောက်ပြန်သော်၊ အစဉ်အတိုင်း စီတန်းနေသော နတ်သမီးဗိမာန်ကြီးလေးခု၌ တန်ခိုးကြီးမားစွာ အခြံအရံများစွာနှင့် အရောင်မျိုးစုံထွန်းလင်းတောက်ပလျက် စံနေကြသော နတ်သမီးလေးပါးကို တွေ့မြင်ခဲ့ရပါသည်။

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးများထံ ချဉ်းကပ်၍ ကြွခဲ့ပါသည်။ နတ်သမီးများသည် ရှင်မောဂ္ဂလာန်ကိုတွေ့သောအခါ မိမိတို့ဘုံဗိမာန်မှ ထွက်ကာ အခြံအရံများနှင့်တကွ လာရောက်ရှိခိုးကြပါသည်။

ရှင်မောဂ္ဂလာန်မထေရ်မြတ်သည် ထိုနတ်သမီးတို့၏ အတိတ်ဘဝက ကုသိုလ်ကံကောင်းမှုအကျိုးကို ထုံးစံအတိုင်း မေးမြန်းခဲ့ပါသည်။

ထိုနတ်သမီးလေးယောက်၏ အတိတ်ဘဝသည် ကဿပဘုရားရှင်လက်ထက်ကပင် စခဲ့ကြောင်း သိရှိရပါသည်။

ကဿပဘုရားရှင်လက်ထက် သေီကတိုင်း ပဏ္ဍကတမြို့၌ အမျိုးကောင်းသမီးလေးဦး ရှိကြသည်။ ထိုအမျိုးသမီးလေးဦးတို့သည် အရွယ်ရောက်ကြသော် ထိုပဏ္ဍကတမြို့၌ပင် အိမ်ထောင်ကျကြပြီး လင်ယောကျ်ားအိမ်များသို့ လိုက်နေကြသည်။ သဒ္ဓါသီလနှင့် ပြည့်စုံကြသည်။

www.dhammaransi.com



ထိုလေးယောက်တွင် တစ်ယောက်သောအမျိုးသမီးသည် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကိုမြင်၍ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ငှရွှေပန်းတို့ကို ပန်းစည်းပြု၍ လှူခဲ့သည်။

တစ်ယောက်သော အမျိုးသမီးသည် ကြာညိုပန်းကို လှူခဲ့သည်၊ တစ်ယောက်သောအမျိုးသမီးသည် ပဒုမ္မာကြာပန်းကို လှူခဲ့သည်။ တစ်ယောက်သော အမျိုးသမီးသည် မြတ်လေးပန်း အဖူးအငုံတို့ကို လှူခဲ့သည်။

ထိုအမျိုးသမီးလေးယောက်တို့သည် နောင်စုတေသောအခါ တာဝတိံသာနတ်ပြည်၌ဖြစ်ကြပြီး တစ်ပါးလျှင် နတ်သမီးတစ်ထောင်စီ အခြွေအရံရှိလေသည်။

ထိုနတ်သမီးတို့သည် တာဝတိံသာနတ်ပြည်၌ နတ်သက်ရှိသလောက် ခံစား-စံစားခဲ့ကြပြီး ထိုနတ်ပြည်မှ နတ်သက်စေ့၍ စုတေလတ်သော် ထိုပန်းလှူဒါန်းခဲ့သော အပရာပရိယစေတနာ ကံ၏အကျိုးပေးသန့်လွန်းသည့်အစွမ်းဖြင့် တာဝတိံသာနတ်ပြည်၌ပင် ဆက်ကာ ဆက်ကာဖြစ်ခဲ့သည်မှာ ဂေါတမဘုရားရှင်လက်ထက်အထိပင် ဖြစ်ပါသည်။

ထိုနတ်သမီးတို့ကို ရှင်မောဂ္ဂလာန် မေးခွန်းထုတ်သောအခါ နတ်သမီးလေးပါးစလုံးသည် သူတို့ ကဿပဘုရားရှင်လက်ထက်က လှူခဲ့သော အလှူကုသိုလ်ကံအကျိုးကို လျှောက်ထားပြခဲ့ပါသည်။

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးတို့ကို အစဉ်အတိုင်း ဆက်လက်၍ တရားဓမ္မများဟောပြောရာ နတ်သမီးလေးပါးသည် သစ္စာလေးပါးတရားကိုသိရှိသဘောပေါက်နားလည်ပြီး သောတာပန်တည်ကြပါသည်၊ နတ်သမီးများ၏အခြွေအရံများသည်လည်း သောတာပန်တည်ကြပါသည်။

ရှင်မောဂ္ဂလာန်သည် ထိုနတ်သမီးများကို တရားဓမ္မ ဟောပြောပြပြီးနောက် လူ့ပြည်သို့ပြန်ကြွခဲ့ပါသည်။ ထိုအကြောင်း အတ္တုပ္ပတ္တိကိုလည်း ဘုရားရှင်အား အလုံးစုံလျှောက်ထားပြခဲ့ပါသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



## ၄၀။ သရက်ဥယျာဉ်လှူခဲ့သော ဘုံဝိမာန်နတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ရောက် ခဲ့ပြန်ပါသည်။ နတ်သမီးကစ်ပါး၏ဘုံဗိမာန်သည် ရွှေရောင်တို့ဖြင့် တ...ကြောင်ပြောင်တောက်ပနေပါသည်။ ဘုံဗိမာန်ပတ်ဝန်းကျင်တွင် မြင်သူတိုင်းပင် မငြီးချင်အောင် မက်မောဖွယ်ကောင်းသော သရက်ဥယျာဉ်သည် တင့်တယ်လှပစွာဝိုင်းရံထားပါသည်။ နတ်ဝတ်ထဘီအင်္ကျီ ပဝါခြုံစရာအစုံ အသီးသီးရှိကုန်သော ရှုချင်စဖွယ်တင့်တယ်သော နတ်သမီးကညာအပေါင်းတို့သည် ထိုနတ်သမီးဘုံဗိမာန်ကို ဝိုင်းရံလျက် တူရိယာတို့ဖြင့် တီးမှုတ်ကခုန်သီဆိုကာ ဖျော်ဖြေလျက်ရှိသည်။

ရှင်မောဂ္ဂလာန်သည် ထုံးစံအတိုင်း ထိုနတ်သမီးထံ ချဉ်းကပ်၍ အတိတ်ဘဝကပြုခဲ့သော ကုသိုလ်ကောင်းမှုအကျိုးကို မေးခဲ့ပါသည်။ ထိုနတ်သမီး၏အတိတ်ဘဝ ကုသိုလ်ကောင်းမှုသည်ကား-

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဖြစ်ပါသည်။ သာဝတ္ထိပြည်မှ တစ်ယောက်သော ဥပါသကာတစ်ဦးသည် ကျောင်းအလှူ၏ အကျိုးအာနိသင်ကြီးမားကြောင်းကို တရားဟောပုဂ္ဂိုလ်ထံမှကြားနာရ၍ ကျောင်းဆောက်လှူလိုသော ဆန္ဒဖြစ်ပေါ်လာလေသည်။

ထိုအမျိုးသမီးသည် ဘုရားရှင်ထံသို့သွားကာ ဤသို့ လျှောက်ထားလေသည်။

''မြတ်စွာဘုရား တပည့်တော်မသည် ကျောင်းတစ်ဆောင်ဆောက်လုပ်လှူဒါန်းလိုပါသည်ဘုရား။ အလိုရှိတော်မူသောနေရာကို ညွှန်ပြပေးတော်မူပါဘုရား''

မြတ်စွာဘုရားသည် ရဟန်းတို့ကို တာဝန်လွှဲပေးလေသည်။ ရဟန်းတို့သည် ထိုအမျိုးသမီးအား ကျောင်းဆောက်လုပ်ရန်နေရာကို ညွှန်ပြပေးလေသည်။ အမျိုးသမီးသည် ရဟန်းတို့ ညွှန်ပြသောနေရာ၌

www.dhammaransi.com



မွေ့လျော်ဖွယ်ကောင်းသောကျောင်းကို ဆောက်လုပ်လေသည်။ ကျောင်း၏ပတ်ဝန်းကျင်ပတ်လည်တွင် သရက်ပင်တို့ကိုစိုက်စေသည်။ ကျောင်းသည် သရက်ပင်တို့ဖြင့် အရိပ်အာဝါသကောင်းလေသည်။

ကျောင်းရေစက်ချလှူသောအခါ အမျိုးသမီးသည် ကျောင်းကို အထူးထူးသော အဆင်းရှိသောအဝတ်တို့ဖြင့်လည်းကောင်း၊ ပန်းဆိုင်းနံ့သာဆိုင်း အစရှိသည်တို့ဖြင့်လည်းကောင်း။ နတ်တို့ဘုံဗိမ္မာန်ကဲ့သို့ တန်ဆာဆင်ပြီး သရက်ပင်တို့ကိုလည်း မလျော်ရသေးသော သစ်လွင်သော အဝတ်တို့ဖြင့် ရစ်ပတ်ပြီး ဆီမီးညှိထွန်းထားသည်။ ထို့နောက် သံဃာကို ရေစက်ချ၍ လှူလေသည်။

**အမ္ဗဝနဝိမာန**

## ၄၁။ ရွှေနတ်သမီး

မြတ်စွာဘုရားရှင်၏ ဓာတ်တော်များကို ရလာသော အဇာတသတ်မင်းသည် ဓာတ်တော်များကို စေတီတည်ထားပူဇော်လေသည်။

ထိုအခါ ရာဇဂြိုဟ်ပြည်မှ အမျိုးသမီးတစ်ယောက်သည် နံနက်စောစော ကိုယ်လက်သုတ်သင်ရေချိုးပြီးလျှင် ဓာတ်တော်စေတီကို ပူဇော်ရန် ရည်ရွယ်ပြီး အလွယ်တကူ ရသော သပွတ်ခါးပန်းပွင့်လေးပွင့်တို့ကို ယူဆောင်လျက် စေတီရှိရာသို့ လာခဲ့သည်။

လမ်းခရီးကြားဝယ် နို့စို့သားလေးငယ်ရှိသော နွားမတစ်ကောင်သည် ထိုအမျိုးသမီးကိုမြင်၍ ဦးချိုဖြင့် ဝင်ခတ်လိုက်ရာ အမျိုးသမီးမှာ ထိုနေရာမှာပင် ကွယ်လွန်ရလေသည်။

**ရအပ်သော နတ်စည်းစိမ်**

ထိုအမျိုးသမီးသည် ထိုခဏမှာပင် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီး ဖြစ်ရလေသည်။

www.dhammaransi.com



ထိုနတ်သမီးသည် (၁၅) နှစ်အရွယ်တင့်တယ်လှပသော ရွှေတန်ဆာ၊ ရွှေထမိ၊ ရွှေအင်္ကျီ၊ ရွှေပဝါ၊ ရွှေစန္ဒကူးနံ့သာလိမ်းကျံပြီးလျှင် ရွှေကြာပန်းတို့ကို ပန်းဆင်လျက် ရွှေမြင်းက ရွှေရထားကို စီးပြီးလျှင် ရွှေထီးမိုး ရွှေယပ်ခတ်သော အခြံအရံဖြင့် နတ်ဥယျာဉ်၌ အခြံအရံတို့ အလယ်၌ ကစားနေသော နတ်သမီးကို သိကြားမင်းသည် ဥယျာဉ်ကစားလာရင်း မြင်၍ အဘယ်ကုသိုလ်ကောင်းမှုပြုခဲ့၍ ဤသို့သော နတ်စည်းစိမ်ကောင်းကျိုးများ ရရှိခံစားရသနည်းဟု မေးသည်။

ထိုအခါ နတ်သမီးက မိမိပြုလုပ်သော ကောင်းမှုကို လျှောက်ထားပြောပြသည်။

ထိုအခါ သိကြားမင်းသည် အံ့ဩဝမ်းမြောက်သော စိတ်ဖြင့် မာတလိနတ်သားကို ဤသို့ပြောဆိုလေသည်။

''မာတလိ အံ့ဩဖွယ်၊ ဆန်းကြယ်သော ဤကုသိုလ်ကံ၏ အကျိုးကို ရှုစမ်းပါ။ လျှုဒါန်းပူဇော်ခြင်းကို ပြုအပ်သော ကောင်းမှုသည် အနည်းငယ်ပင်ဖြစ်သော်လည်း အကျိုးရအပ်သည်က များပြားလှပါ၏။

စိတ်သည် ကြည်ညိုသည်ရှိသော် အလှူသည် နည်းသည် မည်သည်မရှိပါချေ။ မြတ်စွာဘုရားရှင်နှင့် သံဃာတော်၌ ကြည်ညိုသော စိတ်ဖြင့် သပွတ်ခါးပွင့်မျှ အလှူကလေးသည်ပင်များသော အကျိုးကို ရရှိခံစားရလေ၏။

''မာတလိနတ်သား လာလော ငါတို့သည်လည်း ဘုရားရှင်၏ ဓာတ်တော်စေတီတို့ကို ပူဇော်ကြကုန်စို့ ကောင်းမှုတို့ကို ဆည်းပူးစုဆောင်းခြင်းသည် ချမ်းသာကြောင်း အကြောင်းဖြစ်ပေ၏။

''သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား၌သော်လည်းကောင်း ပရိနိဗ္ဗာန်စံဝင်ပြီးသော ဘုရားရှင်၏ ဓာတ်တော်၌သော်လည်းကောင်း စိတ်သည် တူမျှသည်ရှိသော် အကျိုးသည်လည်း တူမျှပေ၏။

www.dhammaransi.com



စိတ်ကိုဆောက်တည်ခြင်းဟူသော အကြောင်းတို့ကြောင့် သတ္တဝါတို့သည် နတ်ပြည်သို့ ရောက်ကြရကုန်၏။

များစွာကုန်သော လူနတ်တို့၏ အကျိုးငှာ မြတ်စွာဘုရားတို့သည် ပွင့်တော်မူကုန်၏။

မြတ်စွာဘုရားရှင်၌ ပူဇော်ကြသော သူတို့သည် နတ်ပြည်သို့ ရောက်ကြရကုန်၏။

သိကြားမင်းသည် ဤသို့ပြောကြားပြီးလျှင် ဥယျာဉ်မကစားတော့ဘဲ မိမိပပြတ်ပူဇော်နေကျဖြစ်သော စူဠာမဏိစေတီတော်၌ ခုနစ်ရက်ပတ်လုံး ပူဇော်မှုကို ပြု၍နေလေသည်။

အရှင်နာရဒမထေရ်သည် တာဝတိံသာနတ်ပြည်သို့ ရောက်သောအခါ သိကြားမင်းသည် ထိုနတ်သမီးအကြောင်းကို အရှင်နာရဒအား လျှောက်ထားပြလေသည်။

*ပိတဝိမာနဝတ္ထု*

## ၄၂။ ရဟန်းတို့ကို ရိုရိုးဦးချဝန္ဒနတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ကုသိုလ်ကြမ္မာလေ့လာရေးခရီးအထွက်တွင် အလွန်နှစ်သက်ဖွယ်ရာ အရောင်အဆင်းတို့ဖြင့် တင့်တယ်လှပသော နတ်သမီးတစ်ပါးသည် နတ်ဗိမာန်ဝယ် နတ်စည်းစိမ်ခံစားနေသည်ကို တွေ့ရပါသည်။

ရှင်မောဂ္ဂလာန်သည် ထုံးစံအတိုင်း ထိုနတ်သမီးထံ ချဉ်းကပ်၍ အတိတ်ဘဝကပြုခဲ့သော ကုသိုလ်ကောင်းမှုအကျိုးကို မေးခဲ့ပါသည်။ ထိုနတ်သမီး၏ အတိတ်ဘဝဖြစ်စဉ်မှာ–

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေထိုင်စဉ် တစ်ခုသောရွာငယ်၌ ဝါကပ်ကြသော ရဟန်းများစွာတို့သည် ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးလျှင် ဘုရားရှင်ကို ဖူးမြော်ရန်

www.dhammaransi.com



ကျောင်းအိပ်ရာနေရာတို့ကို သိမ်းဆည်းပြီးနောက် သာဝတ္ထိသို့ ကြွခဲ့ကြလေသည်။

ရဟန်းတို့သည် တစ်ခုသော ရွာငယ်ကိုကျော်ဖြတ်၍ ကြွလာကြသည်တွင် ထိုရွာ၌ တစ်ယောက်သော မိန်းမသည် စိတန်း၍ ကြွလာသော ရဟန်းတို့ကိုမြင်လျှင် ကြည်ညိုလေးစားသောစိတ် ဖြစ်ပေါ်လာကာ ဦးခေါင်းထက်၌ လက်အုပ်ချီတင်ကာ ရှိခိုးလေသည်။ လက်အုပ်ချီရှိခိုးမှုကို ရဟန်းတော်မမြင်ရသည့်ခရီးအထိ သဒ္ဓါကြည်လင်သောစိတ်ဖြင့် ပြုလုပ်လေသည်။

ထိုအမျိုးသမီးသည် နောင်စုတေသောအခါ တာဝတိံသာ နတ်ပြည်၌ နတ်သမီးဖြစ်လေသည်။

မထေရ်မြတ်သည် ထိုနတ်သမီးကို ကုသိုလ်အကျိုးတရားကို ဆက်လက်ဟောပြောပြခဲ့ပြီး ပြန်ကြွခဲ့ပါသည်။

လောကဝယ် ကြည်လင်သောသဒ္ဓါတရားသည် အဥ္စလီ လက်အုပ်ချီကာမျှဖြင့် ဤမျှသောကောင်းကျိုးကို ခံစားရသည်ရှိသော် မပြတ်ဒါနသီလ ဆောက်တည်ကြသောပုဂ္ဂိုလ်တို့၏လားရာဂတိနှင့်ခံစားရသည့်အကျိုးကျေးဇူးကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ အံ့ဖွယ်သာသနာဝယ် သူတော်စင်နှင့်သူတော်ကောင်း တရားတို့ကို တွေ့ကြုံရသောသူတို့၏ ဘဝကုသိုလ်သည်ကား အလွန်ကံကောင်းလှပေစွတကား။

*ဝန္ဒနာဝိမာနဝတ္ထု*

## ၄၃။ ဘုရားရှင်ထံမှ တရားနာရသော ရဋ္ဌမာလာနတ်သမီး

ရှင်မောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ကုသိုလ်ကြမ္မာလေ့လာရေးခရီး ဒေသစာရီကြွခဲ့ရပြန်ပါသည်။

တာဝတိံသာနတ်ပြည်တွင် နတ်သမီးတစ်ပါးသည် လှည်းအစီး (၆၀) တိုက် ပမာဏရှိသော နတ်တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော

www.dhammaransi.com



ခန္ဓာကိုယ်ရှိသည်။ နတ်သမီးတစ်ထောင်ခြံရံလျက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် နန္ဒဝန်ဥယျာဉ်ဝယ် လှည့်လှည့်သွားလာပြီး နတ်စည်းစိမ် ခံစားနေသည်ကို တွေ့ရပါသည်။

မထေရ်သည် ထိုနတ်သမီးအနီးသို့ ချဉ်းကပ်ကာ နတ်သမီး၏ အတိတ်ဘဝကုသိုလ်ကံအကျိုးဆက်ကို ထုံးစံအတိုင်း လျှောက်လာမေးမြန်း ခဲ့ပါသည်။ ထိုနတ်သမီး၏ လူ့ဘဝအကျိုးဆက်သည်ကား -

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်း သုံးနေထိုင်စဉ်အချိန် ဖြစ်ပါသည်။

ဂယာမည်သော ရွာ၌နေသော တစ်ဦးသော ပုဏ္ဏားဏ်၏သမီး သည် အရွယ်ရောက်သောအခါ ထိုရွာနေ ပုဏ္ဏားတစ်ဦး၏သားနှင့် လက် ထပ်လေသည်။ ထိုအမျိုးသမီးသည် လင်၏အိမ်နောက်သို့လိုက်ရပြီး လင် ၏အိမ်မှာပင် အိမ်၏ဝေယျာဝစ္စတို့ကို စီမံအုပ်ချုပ်ရလေသည်။

အိမ်ရှင်ထိုအမျိုးသမီးသည် ကိုယ့်အိမ်၌နေသော ကျွန်မ၏သမီး ကို မြင်တွေ့ရလျှင် သည်းညည်းမခံနိုင်ဘဲ မြင်ရသောနေ့မှစ၍ အမျက် ထွက်လျက် မျက်မုန်းကျိုးကာ ဆဲရေးကြိမ်းမောင်းလေသည်။ ကျွန်မ၏ သမီးကို အစားအသောက်ကောင်းကောင်း မကျွေး။ လက်ခြေတို့ဖြင့် မကြာခဏ ရိုက်နှက်နှိပ်စက်မှု ပြုလေသည်။ ထိုကျွန်မသမီး အရွယ် ရောက်လာ၍ အမှုကိစ္စများကို ဆောင်ရွက်လာနိုင်သောအချိန်တွင် အလုပ် ကို ရက်စက်စွာခိုင်း၍ ကတိမ်းကပါးဖြစ်လျှင် ဒူး၊ တံတောင်၊ လက်သီးတို့ ဖြင့် ပြင်းထန်စွာ ရိုက်နှက်နှိပ်စက်လေသည်သာ။

အဘယ်ကြောင့် ဤကဲ့သို့ တစ်ဦးအပေါ်တစ်ဦး မျက်မုန်းကျိုးရ ပါသနည်းဆိုသော်-

ယခု ကျွန်မ၏သမီးသည် ကဿပဘုရားရှင်လက်ထက်တော် အခါက ယခု အိမ်ရှင်မ၏ အရှင်မဖြစ်ခဲ့ပါသည်။ ယခု အိမ်ရှင်မသည် ထိုအခါက ကျွန်မ ဖြစ်ခဲ့ဖူးသည်။ ထိုစဉ်က အိမ်ရှင်မသည် ကျွန်မကို

www.dhammaransi.com



တုတ်၊ လက်သီးစသည်တို့ဖြင့် အမြဲမပြတ် ရိုက်နှက်နှိပ်စက်လေသည်။ ကျွန်မသည် ထိုသို့ နှိပ်စက်ညှဉ်းဆဲသည့် ဒဏ်ကို ခံရသည်။ များလာသော ထိုဘဝကို စိတ်နာလာသည်။ မိမိတတ်စွမ်းသမျှသော ကုသိုလ်ကောင်းမှုကို ပြုကာ–

“နောင်အခါ ငါသည် အိမ်ရှင်မဖြစ်၍ ငါ့ကိုရိုက်ပုတ်သော အိမ်ရှင်မအပေါ်၌ အစိုးရခြင်းကိုပြုကာ ညှဉ်းဆဲနှိပ်စက်နိုင်ရပါလို၏”ဟု ဆုတောင်းလေသည်။

ထိုကျွန်မသည် ဘဝများစွာသံသရာ၌ ကျင်လည်ခဲ့ရပြီးနောက် ယခု ဂေါတမဘုရားရှင်လက်ထက်၌ ဤဂယာရွာ၌ အိမ်ရှင်မ ဖြစ်လာခဲ့သည်။ ကဿပဘုရားရှင်လက်ထက်က ကျွန်မကို နှိပ်စက်ခဲ့သော် အိမ်ရှင်မသည် ယခု ကျွန်မ လာဖြစ်လေသည်။

ဤသို့ ဘဝသံဝရာဆုတောင်းရန်ငြိုးကြောင့် ယခု အိမ်ရှင်မနှင့် ကျွန်မသည် မြင်လျှင်မြင်ချင်း မေတ္တာကင်းမဲ့ကြကာ ယခုကဲ့သို့ နှိပ်စက် ညှဉ်းပန်းကြခြင်း ဖြစ်ပါသည်။

အိမ်ရှင်မသည် ကျွန်မ၏ဆံပင်တို့ကိုဆွဲပြီး လက်ခြေတို့ဖြင့် ပိုင်ပိုင်နိုင်နိုင် ရိုက်ခတ်နှိပ်စက်လွန်းလှသဖြင့် ကျွန်မသည် ထိုဒဏ်မှ သက်သာရာရစေခြင်းငှာ ရေချိုးအိမ်သို့သွားကာ ဦးခေါင်းရိတ်ပစ်လေ သည်။

“ဟယ့် ကျွန်မ၊ သင်ခေါင်းတုန်းရိတ်ခြင်းဖြင့် လွတ်နိုင်မည် လော”

အိမ်ရှင်မသည် ကတုံးတုံးရမည်လောဟု စိတ်ဆိုးဒေါသထွက် ကာ ကျွန်မကို ကြိမ်းမောင်းပြီး ဦးခေါင်း၌ ကြိုးဖြင့် ဖွဲ့ချည်ဆွဲခေါ်ကာ ဦးခေါင်းကိုနှိပ်ပြီး တအားရိုက်နှက်လေသည်။ အားရအောင် ရိုက်နှက်ပြီး နောက် ကြိုးကိုမဖြုတ်စေရဘဲ အမြဲချည်ထားလေသည်။

ထိုအချိန်မှစ၍ ကျွန်မ၏နာမည်သည် ရဇ္ဇုမာလာ ဖြစ်လာသည်။

www.dhammaransi.com



တစ်နေ့တွင် ဘုရားရှင်သည် နံနက်မိုးသောက်သောအခါ မဟာကရုဏာသမာပတ်မှထ၍ လောကကိုကြည့်သည်ရှိသော် ရဇ္ဇုမာလာမည်သော ကျွန်မ၏သောတာပတ္တိဖိုလ်၌ တည်လတ့်သောအကြောင်းကိုလည်းကောင်း၊ အိမ်ရှင်ပုဏ္ဏားနှင့် ချွေးမတို့ သရဏဂုံတည်မည့်အကြောင်းကိုလည်းကောင်း၊ မြင်တော်မူ၍ တောသို့ဝင်ပြီးလျှင် တစ်ပင်သော သစ်ပင်ရင်း၌ ခြောက်ဖြာသော ရောင်ခြည်တို့ကိုလွှတ်လျက် ထိုင်နေတော်မူလေသည်။

ထိုနေ့တွင် ရဇ္ဇုမာလာကျွန်မသည် နေ့စဉ်အိမ်ရှင်မ နှိပ်စက်သည့်ဒဏ်ကို မခံနိုင်သည့်အတွက် -

"ငါ့အား ဤသို့ဆင်းရဲစွာ အသက်ရှင်နေရခြင်းသည် ဘာအကျိုး ရှိအံ့နည်း။ သေတာမှကောင်းလေသည်"ဟု စိတ်ကူးလျက် ရေအိုးကို ဆွဲယူပြီး ရေဆိပ်သို့ ရေခပ်ချင်ယောင်ဆောင်ကာ ထွက်ခဲ့သည်။ တောစပ်သို့ရောက်သောအခါ ဘုရားရှင်သီတင်းသုံးနေသော သစ်ပင်နှင့် မနီးမဝေးသစ်ပင်တွင် မိမိကိုယ်ကို ကြိုးဆွဲချသတ်သေရန် စီမံလေသည်။

ထိုခဏမှာပင် ဘုရားရှင်၏ ရောင်ခြည်တော်ခြောက်ဖြာအရောင်သည် ရဇ္ဇုမာလာ၏အနီးသို့ ဖြာထွက်ကျလာလေရာ ရဇ္ဇုမာလာသည် မနီးမဝေးသောသစ်ပင်ရင်းတွင် ကြည်ညိုဖွယ်ရာ သီတင်းသုံးနေသော ဘုရားရှင်ကို ဖူးတွေ့ရသောအခါ ဘုရားရှင်အပေါ်၌ ယုံကြည်ကိုးစားခြင်းစိတ်များပေါ်လာပြီး ဤသို့ အကြံ ဖြစ်မိလေသည်။

"ဘုရားရှင်သည် ငါကဲ့သို့သော သူဆင်းရဲမကိုလည်း တရားဟောပါမည်လော။ ငါသည် ဘုရားရှင် ဟောတော်မူအပ်သောတရားတော်ကို ကြားနာရသည်ရှိသော် ဤဆင်းရဲစွာ အသက်မွေးရခြင်းမှ ကင်းလွတ်လေရာ၏"

ဘုရားရှင်သည် ရဇ္ဇုမာလာ၏စိတ်အကြံကို သိတော်မူ၍-

www.dhammaransi.com



"ချစ်သမီး ရဇ္ဇုမာလာ"ဟု ခေါ်တော်မူလေသည်။ ရဇ္ဇုမာလာသည် ဘုရားရှင်ခေါ်သံကိုကြားရလေလျှင် အမြိုက်ရေစင်သွန်းလောင်းခံရဘိသကဲ့သို့ ဖရဏာပီတိဖြင့် မပြတ်တွေ့ရသော ကိုယ်ရှိလျက် ဘုရားရှင်အနီးသို့ ချဉ်းကပ်လာခဲ့သည်။ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်သောနေရာသို့ ထိုင်လေသည်။

ဘုရားရှင်သည် ရဇ္ဇုမာလာကို သစ္စာလေးပါးတရားကို အစဉ်အတိုင်း ဟောကြားပြသတော်မူလာရာ ရဇ္ဇုမာလာသည် သောတာပန်တည်လေသည်။

ရဇ္ဇုမာလာအား ဤမျှလောက်ချီးမြှင့်ခြင်းသည် သင့်မြတ်၏။ ယခုအခါ၌ ရဇ္ဇုမာလာကို တစ်စုံတစ်ယောက်သောသူမျှ ညှဉ်းဆဲ၍ မဖြစ်နိုင်တော့ပေ။

ဘုရားရှင်သည် ဤသို့ကြံစည်ပြီး ရဇ္ဇုမာလာကို ပြန်လွှတ်ပြီး တောမှထွက်ကာ ရွာ၏အနီး တစ်ခုသောသစ်ပင်ရင်း၌ ထိုင်နေတော်မူလေသည်။

ရဇ္ဇုမာလာသည် မိမိကိုယ်ကို အပါယ်ဘေးမှ ကင်းငြိမ်းခြင်းကိုလည်းကောင်း၊ သနားခြင်း၊ သည်းခံခြင်း၊ ချစ်ခြင်းနှင့် ပြည့်စုံသည်၏ အဖြစ်ကိုလည်းကောင်း သိရှိပြီး ဤသို့ကြံစည် ဆုံးဖြတ်လေသည်။

"အိမ်ရှင်ပုဏ္ဏေးမသည် ငါ့ကိုသတ်မူလည်း သတ်ပါစေ၊ ညှဉ်းဆဲမူလည်း ညှဉ်းဆဲပါစေ၊ ဘယ်လိုပင်ပြုပြု ငါသည် သည်းခံ၍နေတော့အံ့"

ရဇ္ဇုမာလာသည် အိုးဖြင့်ရေကို ခပ်ယူ၍ အိမ်သို့ပြန်သွားလေသည်။ အိမ်ပေါက်ဝ၌ ရပ်လျက်နေသော အိမ်ရှင်ပုဏ္ဏားကြီးသည် ရဇ္ဇုမာလာ၏ တည်ငြိမ်ကြည်လင်သော မျက်နှာအမူအရာကို တွေ့မြင်ရ၍ အံ့သြပြီး ဤသို့မေးလေသည်။

"သင် ယနေ့ ရေခပ်သွားသည်မှာ ကြာမြင့်မှပြန်လာသည်။ သင်၏မျက်နှာအဆင်းသည်လည်း ယခင်နှင့်မတူ၊ အလွန်တည်ငြိမ်ကြည်

www.dhammaransi.com



လင်လှသည်။ သင်၏ လှုပ်ရှားမှု အမူအရာသည်လည်း တစ်မျိုးဖြစ်နေသည်။ ဤသို့ဖြစ်နေခြင်းသည် အဘယ့်ကြောင့်ပါနည်း''

''အရှင် ကျွန်မသည် ဘုရားသခင်နှင့်တွေ့ဆုံရပြီး တရားနာခဲ့ရ၍ အလွန်ရွှင်လန်းဝမ်းမြောက်ခဲ့ပါသည်။ အရှင်တို့ ဘယ်လိုပြုပြု သည်းခံ၍ နေပေတော့မည်''

အိမ်ရှင်ပုဏ္ဏားကြီးသည် အိမ်တွင်းသို့ဝင်ပြီးလျှင် ပုဏ္ဏေးမကို ဤသို့ပြောပြလေသည်။

''ရှင်မ ရဇ္ဇုမာလာအပေါ်၌ တစ်စုံတစ်ခုမျှ မပြုလုပ်ရ''

ပုဏ္ဏားကြီးသည် ဤသို့ပြောဆိုမှာကြားပြီးလျှင် ဝမ်းမြောက်ရွှင်လန်းသောစိတ်ဖြင့် ဘုရားရှင်ထံသို့ အလျင်အမြန် သွားကာ ဆွမ်းဖိတ်လေသည်။ သူကြွယ်ပုဏ္ဏားသည် ဘုရားရှင်ကို ရိုသေစွာ ဆွမ်းလုပ်ကျွေးလေသည်။ သူကြွယ်ပုဏ္ဏားမှ ဘုရားရှင်ကို ပင့်ဖိတ်၍ဆွမ်းကပ်သည်ဟူသောသတင်းကို ဂယာရွာသူရွာသားများ ကြားရသောအခါ အားလုံးသည် သူကြွယ်ပုဏ္ဏားအိမ်သို့လာကြကာ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်သောနေရာ၌ ထိုင်ကြသည်။ အချို့လည်း ဝမ်းမြောက်ဝမ်းသာစကားပြောကြသည်။

ဘုရားရှင်သည် ရဇ္ဇုမာလာနှင့် ပုဏ္ဏား၏ချွေးမတို့ အတိတ်ဘဝက အာဃာတထားကြပုံဇာတ်လမ်းကို ဟောပြသည်။ ထို့နောက် ပရိသတ်တို့အား သင့်လျော်သော တရားဒေသနာကို ဟောကြားတော်မူလေသည်။ ပရိသတ်အပေါင်းသည် သရဏဂုံသီလ၌တည်ကြပြီး ဘုရားရှင်ကို ကြည်ညိုဆည်းကပ်ကြလေသည်။

ဘုရားရှင်သည် တရားဟောပြီး ဇေတဝန်ကျောင်းသို့ ပြန်လည်ကြွပြီးနောက် အိမ်ရှင်ပုဏ္ဏားကြီးသည် ရဇ္ဇုမာလာကို သမီးအဖြစ် မွေးစားလေသည်။ ပုဏ္ဏားကြီး၏ချွေးမသည်လည်း ထိုအချိန်မှစ၍ ရဇ္ဇုမာလာအပေါ် ချစ်ခင်မြတ်နိုးသောစိတ်ဖြင့် ဆက်ဆံလေသည်။ ရဇ္ဇုမာလာသည်

ပုလ္လဲသွားကြီးအိမ်တွင် သပိ.အဖြစ်နှင့်နေလျက် ဒါန သီလ တရားကို ဆက်လက်ကြိုးစား အားထုတ်ခဲ့သည်။

ရဖွှမာလာသည် နောင်ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်ဖြစ်ရလေသည်။

*ရဖွှမာလဝိမာနဝတ္ထု*

www.dhammaransi.com

# အခန်း (၃)
# အလှူ၏ အကျိုးကျေးဇူးများ

## အလှူပစ္စည်းနှင့် အလှူခံပုဂ္ဂိုလ်

(၁) ယေပုဂ္ဂလာ အဋ္ဌသတံပသတ္ထာ
စတ္တာရိဧတာနိယုဂါနိဟောန္တိ
တေဒက္ခိဏေယျာ သုဂတဿသာဝကာ
ဧတေသုဒိန္နာနိ မဟပ္ဖလာနိ
ဣဒမ္ပိသံဃေ ရတနံ ပဏီတံ
ဧတေနသစ္စေန သုဝတ္ထိ (မေ) ဟောတု။

''ဘုရားအစရှိသော သူတော်ကောင်းတို့သည်'' ချီးမွမ်းအပ်ကုန်သော အကြင်အရိယာပုဂ္ဂိုလ်တို့သည် ရှစ်ယောက်တို့ပါတည်း။

ထိုအရိယာတို့သည် မဂ် ဖိုလ်တစ်စုံစီအားဖြင့် လေးစုံတို့တည်း။

မြတ်စွာဘုရား၏ သာဝကဖြစ်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့သည် မြတ်သော အလှူကို ခံယူထိုက်ကုန်၏။

ထိုအရိယာပုဂ္ဂိုလ်တို့၌ လှူအပ်သမျှ အလှူဒါနတို့သည် အကျိုးကြီးလှပေကုန်၏။

www.dhammaransi.com



အရိယာသံဃာ၌ ဤနှစ်သက်ဖွယ်ရာ ရတနာ၏အဖြစ်သည်လည်း မွန်မြတ်လှပါ၏။

ဤသစ္စာစကားစွမ်းပကားကြောင့် ကျွန်ုပ်အား ဘေးရန်ကင်းကွာ ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း။

ရတနသုတ္တပရိတ်တော်

(၂) သံဃေ ဒိန္နံ မဟပ္ဖလံ၊ သံဃေ တွံ ဂေါတမိ ဒေဟိ
သံဃာတော်၌ ပေးလှူခြင်းသည် များပြတ်သော
အကျိုးကို ရရှိပါသည်။ ဂေါတမီ သင်သည် သံဃာ
အားသာ ပေးလှူပါလော။

သံဃာတော်၌ ပေးလှူခြင်းသည် အနည်းအများ ပတာနမဟုတ်။ သဒ္ဓါတရား စေတနာသာ အဓိကဖြစ်သည်။ စေတနာ သဒ္ဓါတရားရှိက ညောင်စေ့လောက်ပင်လှူသော်လည်း ညောင်ပင်ကြီးလောက် ကုသိုလ်ရနိုင်ပါသည်။ စေတနာသဒ္ဓါတရားမပါဘဲ လှူက ညောင်ပင်ကြီးလောက် လှူပေမယ့် ညောင်စေ့လောက်မျှသာ ကုသိုလ်ရနိုင်သည်။

ပါယာသိမြို့စားသည် သိန်းသန်းများစွာ လှူခဲ့သည်။ ကိုယ်တိုင်မလှူ၊ ဥတ္တရလုလင်ကိုသာ လှူခိုင်းခဲ့သည်။ ကွယ်လွန်သောအခါ သဲကန္တာရ၌ ပေါက်သော ညောင်ပင်၌ ရုက္ခစိုးနတ်သာ ဖြစ်ရသည်။ ဥတ္တရလုလင်ကမူ မိမိပစ္စည်းမဟုတ်သော်လည်း စေတနာသဒ္ဓါတရား ပြဋ္ဌာန်းပြီး ဝေယျာဝစ္စကုသိုလ်ကို ကောင်းစွာ ဆောင်ရွက်ပေးခဲ့၍ တာဝတိံသာနတ်ပြည်ဝယ် အခြံအရံကြီးသော နတ်သားဖြစ်နေသည်။

ဘုရားရှင်သည် အဘိဓမ္မာတရားတော်ကို တာဝတိံသာ၌ သွားရောက်ဟောသောအခါ လူ့ဘဝက သိန်းသန်းကုဋေချီ၍ လှူခဲ့ဖူးသော အင်္ကုရနတ်သားသည် ဘုန်းတန်ခိုးနည်း၍ ဘုန်းတန်ခိုးကြီးသော နတ်ကြီး

www.dhammaransi.com



များ ရောက်လာသောအခါ နေရာဖယ်ပေးရကာ အဝေးသို့ ရောက်ပြီး အဘိဓမ္မာတရားကို နာရသည်။

ကန္ဒကနတ်သားမှာမူ လူ့ဘဝက ဆင်းရဲသားဖြစ်ခဲ့ပြီးသော်လည်း ရဟန္တာဖြစ်သော ရှင်မဟာကဿပမထေရ်ကို ဆွမ်းတစ်ဇွန်းမျှသာ လောင်းလှူဖူးခဲ့၍ ဘုန်းတန်ခိုးကြီးသော နတ်သားဖြစ်ကာ ဘုရားအနီးတွင်နေရပြီး အဘိဓမ္မာတရားကို နာရသည်။

အဘိဓမ္မာတရားဟောအပြီးတွင် အင်္ကုရနတ်သားက မကျေနပ်၍ ဘုရားထံသွားရောက်လျှောက်ထားသည်။

ဘုရားရှင်က သင်၏ သိန်းသန်းကုဋေ အလှူသည် သာသနာပ၌ သီလမရှိသော သူတို့ကိုသာ လှူခဲ့သည်။ ကန္ဒကနတ်သားသည် ရဟန္တာရှင်မဟာကဿပကို လှူခဲ့၍ အလှူခံပုဂ္ဂိုလ်၏ အစွမ်းသတ္တိကြောင်း မိန့်ကြားခဲ့သည်။

ထို့ကြောင့် အညတရအမျိုးသား အမျိုးသမီးတို့သည် ဥစ္စာပစ္စည်းနည်းသည် များသည်မှာ ပဓာနမဟုတ်။

- စေတနာသဒ္ဓါတရားပြဋ္ဌာန်းသော စိတ်ရှိရမည်။
- အလှူပစ္စည်းသည် သန့်ရှင်းစင်ကြယ်သောပစ္စည်း ဖြစ်ရမည်။
- အလှူခံပုဂ္ဂိုလ်သည် သီလစင်ကြယ်ရမည်။ (သို့မဟုတ်) ရဟန္တာ (သို့မဟုတ်) သံဃာတော်ရည်မှတ်ရမည်။

ဤသို့လှူလျှင် ကြီးမြတ်သော အကျိုးကို ရရှိမည်မှာ မုချကေန်ဖြစ်ပါသည်။

## ကုသိုလ်ရွှေအိုးမြှုပ်နှံကြပါ။

ဤလောကတွင် လူသားတို့သည် အောက်ပါအကျိုးတို့ကို မျှော်လင့်ပြီး ရေအိုးငွေအိုးများကို မြေ၌ နက်စွာ တူးပြီး မြှုပ်နှံထားကြလေ့ရှိပါသည်။

www.dhammaransi.com



- မင်းဘေးကျရောက်သောအခါ ထိုဘေးမှ လွတ်မြောက်ရန် အတွက်လည်းကောင်း၊
- ကြွေးမြီတင်သောအခါ ကြွေးမြီဆပ်ရန်အတွက်လည်းကောင်း၊
- ခိုးသားဓားပြနှိပ်စက်ဘေးမှ လွတ်မြောက်ရန်အတွက်လည်း ကောင်း၊၊
- ဝတ်မွတ်ခေါင်းပါးသောအခါ ဝတ်မွတ်ဘေးမှ လွတ်ရန်လည်း ကောင်း၊၊
- မီးဘေး၊ ရေဘေး ကျရောက်သောအခါ ထိုဘေးတို့မှ လွတ် မြောက်ရန်အတွက်လည်းကောင်း၊

ထိုနက်စွာ တူးမြှုပ်အပ်သော ရွှေ ငွေတို့သည် အထက်ပါကိစ္စ အားလုံးတို့ကို ပြုလုပ်ဆောင်ရွက်ခြင်းငှာ မစွမ်းနိုင်ပါ။

အဘယ်ကြောင့်ဆိုသော်

- ရွှေအိုးသည် မြှုပ်ထားရာအရပ်မှ ရွေ့လျားတတ်၏။
- ဥစ္စာရှင်လည်း မေ့လျော့တတ်၏။
- နဂါးတို့သည်လည်း နေရာပြောင်း၍ ထားတတ်ကြကုန်၏။
- အမွေခံသားဆိုးသမီးတို့က မသိအောင် တူးဖော်ယူတတ်ကုန် ၏။
- ဥစ္စာရှင်ကံကုန်သောအခါ မီးသွေးခဲဖြစ်တတ်၏။

ထို့ကြောင့် အားလုံးသောလူတို့သည် ချမ်းသာဆင်းရဲမဟူ အသိ ဉာဏ်၊ သဒ္ဓါစေတနာအားလုံးနှင့် ယှဉ်ပြီးလျှင် မိမိတို့တတ်အားသရွေ့

- အလှူပေးခြင်းဖြင့်လည်းကောင်း
- သီလဆောက်တည်ခြင်းဖြင့်လည်းကောင်း
- သမထ ဝိပဿနာပွားများခြင်းဖြင့်လည်းကောင်း

ကောင်းမှုတည်းဟူသော ရွှေအိုးကိုကောင်းစွာ မြှုပ်နှံထားသင့်ပါ သည်။ ကောင်းစွာ မြှုပ်နှံထားအပ်သော ဤရွှေအိုးသည်

ဆုပြည့်စုံထွန်းစာပေ

www.dhammaransi.com



- ရန်သူတို့ မအောင်နိုင်သည်ဖြစ်၍ တမလွန်ဘဝသို့ ပြောင်းသွားသောအခါ မိမိနောက်သို့ အစဉ်လိုက်၏။
- ကုသိုလ်ရွှေအိုးသည် သူတစ်ပါးတို့နှင့် မဆက်ဆံ၊ ခိုးသူတို့ မခိုးယူနိုင်၊ မီးနှင့်ရေတို့လည်း မဖျက်ဆီးနိုင်။ အမွေခံသားဆိုးသမီးတို့လည်း လာရောက်မဖျက်ဆီးနိုင်။

ထိုကုသိုလ်ရွှေအိုးသည်

- လူတို့၏ အလိုရှိသမျှကိုလည်းကောင်း
- ရုပ်ရေအဆင်းလှပခြင်းကိုလည်းကောင်း
- အသံ၏ကောင်းခြင်းကိုလည်းကောင်း
- အခြံအရံပေါသည့်အဖြစ်ကိုလည်းကောင်း
- တန်ခိုးအာဏာကြီးမားသည့်အဖြစ်ကိုလည်းကောင်း
- ပဒေသရာဇ်၊ ကေရာဇ်မင်းအဖြစ်ကိုလည်းကောင်း
- စကြာဝတေးမင်း၊ နတ်မင်းအဖြစ်ကိုလည်းကောင်း
- နတ်ပြည်ရောက်ရန် လှေကားအဖြစ်လည်းကောင်း
- မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ရန်အဖြစ်ကိုလည်းကောင်း

ဤကဲ့သို့သော ကောင်းကျိုးချမ်းသာ အဝဝတို့ကို ပေးစွမ်းနိုင်ပါသည်။

ဘုရားလောင်းတို့မည်သည် ဖြစ်လေရာဘဝတို့၌ ပါရမီတို့ကို လွယ်ကူစွာ မြင့်မြတ်သောဘဝတို့နှင့် ပြည့်စုံပြီး ဖြည့်ဆည်းနိုင်ရန်အတွက် ပါရမီ (၁၀) ပါးတွင် ဒါနပါရမီကို ဦးစွာဖြည့်ဆည်းတော်မူပါသည်။

ထိုသို့ဖြည့်ဆည်းခဲ့၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရာ ကာလဝယ် တိရစ္ဆာန်ပင်ဖြစ်သော်လည်း အကြီးအကဲအမြဲ ဖြစ်ရလေသည်။

ဤသည်မှာ ဒါနပါရမီ ရွှေအိုးမြှုပ်ခဲ့ဖူးသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် လောကလူသားတို့သည် အတိတ်ဘဝက မိမိ၏

www.dhammaransi.com




ဒါန သီလ နည်းမှုကြောင့် မပြည့်စုံ၊ ရုပ်မချော ဖြစ်ခဲ့ကြားသော်လည်း စိတ်အား မငယ်ကြဘဲ ယခု အသိဝင်သောနေ့ကစ၍ မိမိတို့ တတ်စွမ်းနိုင်သော ဒါနသီလ ဘာဝနာတို့ကို ပြုလုပ်သင့်ကြပါသည်။

ဘုရားရှင် သာသနာတော်နှင့် ကြုံကြိုက်နေသည်။ မြတ်သော အလှူခံ သံဃာတော်များလည်း ရှိနေပါသည်။ သင်တို့သည်သာလျှင် အသိ၊ အလိမ္မာ၊ ဉာဏ်ပညာနှင့် သဒ္ဓါ၊ စေတနာတရားရှိဖို့သာ လိုပါတော့သည်။

သံသရာကောင်းကျိုး ဒါနရေအိုးကို မြှုပ်ကြပါစို့။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဝမ္မာစရိယ၊ ဘီအေ)

www.dhammaransi.com



www.dhammaransi.com

အညတရအမျိုးသမီးများ၏

ကုသိုလ်ဆောင်ရာ မြတ်ချမ်းသာ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

# သျှင်သိရိ

ဓမ္မာစရိယ(ဘီအေ)

